

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ဒကွိကာနဂါး ရှော့ပင်းမော(လ်) အဆောက်အဦးတစ်ခုလုံး ထိန်ထိန်ငြီးအောင် ရောင်စုံမီးတွေ လင်းနေဆဲဖြစ်၏။ အကြောင်းရင်းက. . ဝန်ထမ်းတွေအားလုံး ရှော့ပင်းမော(လ်)ပိတ်ချိန် ညဥ့်ဦးပိုင်းမှာ ပျော်ပွဲရွှင်ပွဲ နွှဲနေခြင်းကြောင့်ဖြစ်၏။

"ဘယ်လိုလဲ ခရေ. .၊ အစားတွေပဲ နင်းကန် စားနေတော့မှာလားဟဲ့"

"ဒီလိုပွဲမှာ မစားလို့ ဘာထိုင်လုပ်နေရမှာလဲ မိသင်္ဂြိတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သောက်ပေါ့ဟ. . ငါတောင် ကောင်းနေပြီ၊ စပိုင်ဝိုင်တစ်ပုလင်း ကုန်တော့မယ်"

"ဟယ်. . သောက်ချင်ပါဘူး"

"ဒီခေတ်ကြီးထဲ မသောက်တဲ့သူ ကျန်ခဲ့မှာနော်၊ ဒီလိုပွဲက တစ်နှစ်မှတစ်ခါလုပ်တာ. . လုပ်ပါ. . ၊ ရော့. . နည်းနည်းသောက်ကြည့်. . "

မေးစင်းစင်း မျက်လုံးများနှင့် သင့်မြတ်က တိုက်တိုက်တွန်းတွန်း ပြောလာသည်။ ခရေ ဘူးခံငြင်း၏။ ဘယ်လိုမှ ပြောမရသဖြင့် သင့်မြတ် လက်လျှော့သွားသည်။

"ကဲ. . . ဒါဆိုလည်း ဦးရွှေခိုင်တို့လုပ်နေတဲ့အကင် နည်းနည်းယူပေးဟာ ငါမထနိုင်တော့ဘူး"

"အေး. . အေး. . အဲဒါတော့ရတယ်"

ကိုယ်တိုင်လည်း ထိုအကင်ကို စားချင်နေသည်မို့ သင့်မြတ်၏ တောင်းဆိုမှုကိုလက်ခံကာ ခရေ ထလာခဲ့၏။ ဦးရွှေခိုင်ဆိုတာက ညပိုင်းလုံခြုံရေးတာဝန်ခံဖြစ်၏။ ခရေသွားတောင်းတော့. . သူမကို အကင်တွေ အစုံထည့်ပေးလိုက်သည်။

ထိုအချိန်တွင် ကုန်တိုက်၏ ရှယ်ယာအများဆုံးပိုင်သော သူဌေးဦးသောင်းစိန်က ထူးချွန်ဝန်ထမ်းများကို ဆုများချီးမြှင့်ပေးအပြီး ဝန်ထမ်းအားလုံးကို လက်ပြနှုတ်ဆက်ကာ ပြန်သွားလေပြီ။

အကင်ပန်းကန်ကို စားပွဲပေါ်တင်ပေးလိုက်သည်နှင့် သင့်မြတ်က. .

"ရော့. . . နင် ရေငတ်နေမှာစိုးလို့ ငါသွားယူထားတာ"

လက်ထဲထည့်ပေးသော အအေးဗူးကို ခရေ ကြောင်ကာ



www.burmeseclassic.com

www.burmeseclassic.com


ကြည့်နေမိသည်။

"ဗူးက အဖုံးပွင့်နေလို့ အံ့ဩနေတာလား၊ ငါ အခုလေးပဲ ဖောက်လိုက်တာပါဟ. ."

ခရေလည်း ပြန်ပြုံးပြကာ အအေးဗူးကို မော့သောက်လိုက်သည်။ ပြင်းရှရှ အရသာကြောင့် ခရေ သီးသွားတော့သည်။

"အဟွတ်!. . အဟွတ်!. ."

ချောင်းတဟွတ်ဟွတ် ဆိုးနေသော ခရေ့ အားကြည့်ရင်း သင့်မြတ် ဟားတိုက်ရယ်၏။

"ဟား. . ဟား. ."

"ဘာအရည်တွေလဲဟ"

"အအေးပါ ခရေရယ်"

လျှာပေါ်က ရှတတအရသာ ပျောက်သွားအောင် ဆိတ်သားကင်တစ်ဖတ် ကောက်ယူဝါးလိုက်ရသည်။ ထိုစဉ် သူတို့အနားသို့ အသက်ခပ်လတ်လတ် ယောက်ျားတစ်ယောက် လာရပ်လေသည်။

ခရေ မော့ကြည့်တော့. . ထိုလူက ပြုံးချိုသောမျက်နှာပေးနှင့်. . .

"ဘယ်လိုလဲ သမီးတို့. . ပျော်ကြရဲ့လား"

"ဩော်. . အန်ကယ်ပါလား၊ ပျော်. . ပျော်ပါတယ်. . အန်ကယ်"

ထိုသူက မန်နေဂျင်း ဦးခွန်မှိုင်း ပဲဖြစ်လေ၏။ ဦးခွန်မှိုင်းက သင့်မြတ်အားတစ်ချက်လှမ်းကြည့်ကာ. . ပြုံးပြရင်း ထွက်သွားလေသည်။ ထိုလူကြီး မိန်းမလိုက်စားတာ အားလုံးသိကြသည်။

မိန်းကလေးတစ်ယောက် ချောပြီဆိုတာနဲ့. . စားဖော့ဝါး


www.burmeseclassic.com

www.burmeseclassic.com



တော့မလို ကြည့်တတ်တာကို ခရေ အသိဆုံးဖြစ်၏။ လူပျိုလူလွတ် ဆိုလျှင် ထားတော့၊ အိမ်ထောင်သည်ဖြစ်ပြီး စည်းကမ်းမဲ့ နေထိုင်ခြင်းကို လုံးဝသဘောမကျ. . .။

ဦးခွန်မှိုင်းက သူမကိုလည်း အလွတ်ပေးသည်မဟုတ်၊ သူ့ရုံးခန်းသို့ ခဏခဏခေါ်ကာ ထိကပါးရိကပါး ပြုမူတတ်သည်။ ထူးနေသည်က သူ့သူငယ်ချင်း သင့်မြတ်နဲ့ မန်နေဂျင်းတို့၏ ဆက်ဆံရေးက လိုတာထက်ပိုနေသည်ဟု သူမထင်၏။

အကင်ကုန်သွားတော့. . ဒီတစ်ခါ သင့်မြတ် ပန်းကန်ဆွဲပြီး ထွက်သွားသည်။ ခရေ အိပ်ချင်သလိုလို ခေါင်းနောက်သလိုလို ဖြစ်လာသဖြင့် စားပွဲပေါ် လက်မှောက်ကာ မှေးနေရသည်။

"ခရေ. . ဟဲ့. . ခရေ. ."

လူကိုလှုပ်နိုးလိုက်မှ ခရေ မျက်လုံးပင့်ကြည့်မိသည်။ သင့်မြတ်က ရီဝေဝေ မျက်လုံးမှေးများနှင့် ခရေ့အား သဘောကျစွာငုံ့ကြည့်နေ၏။ သူဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိဘားဘီကြည့်တော့ ပျော်ပွဲရွှင်ပွဲက ပြီးနေကာ. . လူကလည်းရှင်းနေလေပြီ။ အချိန်ကလည်း နောက်ကျနေပြီမို့. . .

"ငါ. . ငါ. . ပြန်တော့မယ်ဟာ"

ခရေ ထိုင်ခုံမှအထ မိုက်ခနဲဖြစ်ကာ လဲသွား၏။ သင့်မြတ်က ဖမ်းဆွဲထား၍ တော်သေးသည်။

"သင့်မြတ်. . ငါ toilet သွားချင်တယ်"

"အေး. . ငါ လိုက်ပို့ပေးမယ်"

"မူးလိုက်တာဟာ. . စောစောကအအေးဗူးထဲ နင်ဘာတွေထည့်ထားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အအေးပေါ့ဟဲ့. .၊ ငါက ဘာထည့်ရမှာလဲ"

ရေအိမ်ထဲရောက်မှ မျက်နှာသစ်ပြီး အမူးပြေအောင်လုပ်ရသည်။ သို့သော် အမူးကမပြေဘဲ ပိုလို့သာမူးလာ၏။ မတ်မတ်ပင် မရပ်နိုင်တော့. . .

"သင့်မြတ်. . သင့်မြတ်. . "

အကူအညီလိုနေပြီမို့ သင့်မြတ်အား အော်ခေါ်မိသည်။ သို့သော် သင့်မြတ်က သူ့အနားတွင်ရှိမနေတော့. .၊ တစ်ယောက်ထဲ ပြန်ထွက်သွားပြီလားမသိ။ ခရေ နံရံကို လက်နှင့်ထိန်းကိုင်ရင်း. . ရေအိမ်ထဲမှ မနည်းအားယူကာ ပြန်ထွက်လာခဲ့သည်။ အပြင်တွင် လူတစ်ယောက်ရပ်နေ၏။ သို့သော် အမြင်အာရုံထဲ ဝိုးတဝါးမို့ ဘယ်သူမှန်းမသိ. . .။

"သင့်မြတ်. . သင့်မြတ်လား. . "

စကားအဆုံးမှာ ထိုလူကလှမ်းဆွဲကာ ခါးကိုသိုင်းဖက်လိုက်လေသည်။ ခပ်ကြမ်းကြမ်း အထိအတွေ့ကြောင့်. . .

"ရှင်. . ရှင်. . "

ဘာစကားသံမှမကြားရ၊ သူမကိုဆွဲခေါ်သွားလေသည်။

ခရေ အထိတ်တလန့်နှင့် ရုန်းထွက်ဖို့ကြိုးစားသော်လည်း မရ၊ သူဆွဲခေါ်ရာသို့ မတတ်သာဘဲ လိုက်ပါနေရသည်။ ခုတင်တစ်လုံးပေါ် တွန်းလှဲတာ ခံလိုက်ရသည်။ ထိုအခါမှ အန္တရာယ်သတိပေးသံကို ကြားလိုက်မိပြီး ရုန်းထဖို့ကြိုးစားသည်။

"ဟင်!. . အန်. . အန်ကယ်. . "

"ချစ်လို့ပါ ကလေးရယ်၊ ကိုယ်က အတည်ကြံတာပါ. . "

"အို. . လွှတ်. . လွှတ်ပါ အန်ကယ်. . ဒီလိုမလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခရေ ရှိသမျှခွန်အား စုစည်း၍ လက်ပြန်ရိုက်ချလိုက်ရာ.. ထိုအန်ကယ် ကုတင်ဘေးသို့ ပြုတ်ကျသွားတော့သည်။ ရောင်းဖို့ခင်းပြထားသည့်ကုတင်နှင့် မွေ့ရာအသစ်စက်စက်ပေါ်မှ ခရေ ဆင်းကာ. . ဒယိမ်းဒယိုင်နှင့် ထွက်ပြေးသည်။

ကျားနာလိုဖြစ်သွားသောအန်ကယ်လဲ လူးလဲထကာ. . အပြေးအလွှားလိုက်၏။ ခရေတစ်ယောက်. . ပြင်ဆင်လက်စ အခန်းကျယ်တစ်ခုအတွင်း ပြေးရင်းလွှားရင်းနှင့်ပင်. . ပြန်မိသွား၏။

ဒီတစ်ခါတော့ အန်ကယ်ကြီးက ခရေ့အား ချုပ်နှောင်ကာ နံရံဆီသို့ ဆောင့်တွန်းလိုက်၏။ ခရေ့ခမျာ ဇာတာအညံ့ထဲ ရောက်နေပုံရ၏။ နံရံနှင့် ဆောင့်မိစဉ်. . နံရံမှထိုးထွက်နေသော သံတစ်ချောင်းက ခရေ့နောက်စေ့ထဲ စိုက်ဝင်သွားတော့သည်။

"ဒုတ်!. ."

"အ!!. ."

ခရေ့နောက်စေ့မှ သွေးများအဆက်မပြတ် စီးကျလို့လာ၏။

"ဟင်!. ."

ရည်ရွယ်မထားသော ထိုလူလည်း. . အရှုးမီးဝိုင်းခံရသလို ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ ထို့နောက်တွင်တော့ တိတ်ဆိတ်နေသောကုန်တိုက်ကြီးထဲ. . သန်းခေါင်ယံအချိန်အထိ လှုပ်ရှားသံများ ထွက်ပေါ်လာလေတော့သည်။ ထို့နောက်တွင်တော့. . .

"မီးဗျို့. . မီး!. . မီး!!. ."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

69Club သည် လူငယ်ထုအကြား အလွန်ရေပန်းစားသော Night Club တစ်ခုဖြစ်၏။ ထိုကလပ်ထဲသို့ ပြိုင်ကားတစ်စီး မောင်းဝင်လာသည်။ ကားပေါ်မှ ဆင်းလာသူက ကားပိုင်ရှင် ဂျော်နီဖြစ်ပြီး. . နောက်မှပါလာသူက စည်သူ ဆိုသူပင်ဖြစ်သည်။

သူတို့နှစ်ယောက်သိကျွမ်းတာ သိပ်ကြာသေးသည့်ပုံမပေါ်ပေ။ စည်သူက ဂျော်နီ့အပေါ် တလေးတစား ရှိလှသည်။ ဒီလိုနေရာက စည်သူ့အတွက်တော့ အရာရာအသစ်အဆန်း ဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်မှာကနေသော ကောင်မလေးတွေကြောင့် စည်သူမှာ အံ့ဩမှုကို ထိန်းချုပ်နေရ၏။ ဂျော်နီက အငြိမ်မနေ၊ တီးလုံးသံအတိုင်း စည်းချက်ကျကျ ယိမ်းနွဲ့ခုန်ပေါက်နေသည်။

"ဘယ်လိုလဲ စည်သူ. . တအားလန့်သွားပြီ မဟုတ်လား"

"မင်းကို အရမ်းကျေးဇူးတင်တယ်ကွာ၊ ငါ. . ဒီကို တစ်ခါမှ မရောက်ဖူးဘူး"

"ဟား. . ဟား. . "

နှစ်ယောက်သား သဘောကျစွာရယ်လိုက်ရင်း. . ဘီယာကိုယ်စီမော့လိုက်ကြ၏။ နာရီကြည့်တော့ ညဆယ်နာရီထိုးလုပြီ ဖြစ်၍ စည်သူက. . .

"ကိုဂျော်. . ဒီမှာ ယာဘတို့ဘာတို့ မရဘူးလား"

ဂျော်နီက သူ့ကိုကြည့်ကာ ရယ်လျှက်. .

"ဘာလဲ မင်းက ဆော်ချင်လို့လား"

"အင်း. . မသောက်ဖူးတော့ စမ်းကြည့်ရင် ကောင်းမလားလို့. . "

"ဆေးရောင်းတဲ့တစ်ကောင်တော့ ရှိတယ်ကွ. . ၊ ဒါပေမယ့် အဲဒီကောင်က မသိတဲ့လူဆို မရောင်းဘူး"

"ကိုဂျော်သိရင်. . ကူညီပေးပါလားဗျာ"

"အေး. . ဒါဆို ငါမေးကြည့်ပေးမယ်"

စည်သူ ပိုက်ဆံတစ်သိန်း ထုတ်ပေးတော့ ဂျော်နီ လှမ်းယူကာ လူတွေကြားထဲ တိုးဝင်သွားသည်။ ဂျော်နီ့နောက်မှ စည်သူ ကပ်လိုက်လာခဲ့၏။ ဘားကောင်တာရှေ့မှ ခုံတွင်ထိုင်ကာ ပုလင်းလိုက်မော့နေသူ တစ်ဦးအနားသို့ ဂျော်နီရောက်သွား၏။ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ဆေးမင်ကြောင်တွေထိုးထားကာ စွပ်ကျယ်လက်ပြတ်သာ ဝတ်ထားသော ထိုဆံရှည်ငနဲက မလှမ်းမကမ်းမှ စည်သူ့အား မသိမသာလှည့်ကြည့်သည်။

ဂျော်နီနှင့် ဆံရှည်တို့ အတန်ကြာ တီးတိုးပြောဆိုပြီးနောက် ဘောင်းဘီအိတ်ထဲမှ အထုပ်ငယ်တစ်ထုပ်ကို ဂျော်နီ့အား လှမ်းပေးလိုက်သည်။ ဂျော်နီကလည်း ငွေစက္ကူတစ်ထပ်ကို ပြန်ပေးရင်း လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။

အလုပ်ဖြစ်ပြီဆိုတာ သဘောပေါက်လိုက်၍ စည်သူ အားတက်ဝမ်းသာသွားသည်။ ဂျော်နီနှင့်အတူ နောက်ကြောင်းလှည့်ကာ စောစောကနေရာသို့ ပြန်လာခဲ့၏။ ကချေသည်လေးတွေကတော့ ကလို့ကောင်းနေတုန်းပင် ရှိသေးသည်။

"မင်း ဒီမှာခဏစောင့်ဦး၊ ဆေးသုံးဖို့နေရာ. . အဆင်ပြေမပြေသွားကြည့်ဦးမယ်. . ၊ ငါလည်း ယင်းထနေပြီကွ"

"အိုကေ မြန်မြန်တော့လာခဲ့နော်. . ကိုဂျော်"

"အေးပါ. . "

ဂျော်နီထွက်သွားသည်နှင့် စည်သူ လူရှင်းရာသို့ အတင်းတိုးထွက်ခဲ့သည်။ လူရှင်းသည့်နေရာအရောက်တွင် ခန်းမအတွင်းသို့ တစ်ချက် လှမ်းကြည့်အကဲခတ်ကာ အသံခပ်အုပ်အုပ်နှင့် ဆက်သွယ်လိုက်၏။

"မန်ယူမှ အာကြီး. . မန်ယူမှ အာကြီး. . လူ၊ ပစ္စည်းသက်သေရပြီ၊ အမြန်ဝင်ခဲ့. . ဒါပဲ"

ကော်လံစအောက်တွင် ဖွက်၍တပ်ထားသော အသံဖမ်းစားမိုက်မှတစ်ဆင့် လှမ်း၍သတင်းပို့လိုက်ခြင်းဖြစ်သည်။ ရုန်းနားကြပ်



www.burmeseclassic.com

www.burmeseclassic.com



လိုလို တရိုယာမှုတဆင့် . .

"အိုကေ . . ရယ်ဒီ အာကြီးဝင်ပြီ"

ဆိုသည့် အကြောင်းပြန်ကြားချက်ကို ရ၏။ စည်သူ ကပွဲခန်းမအတွင်း ပြန်ဝင်လာခဲ့သည်။ တကယ်တော့ စည်သူ ဒီည လှုပ်ရှားခဲ့သမျှက အယောင်ဆောင်ကာ စုံစမ်းထောက်လှမ်းနေခြင်းသာ ဖြစ်သည်။

စည်သူ ဘားကောင်တာမှ ဆံရှည်ပုဂ္ဂိုလ်အား မြင်ရသည့်နေရာတွင် မယောင်မလည် ရပ်နေလိုက်သည်။ သိပ်မကြာလိုက် အရပ်ဝတ်နှင့် အဖွဲ့သားတွေ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ဝင်လာတာ တွေ့ရသည်။

အားလုံး စည်သူ့ကို ဗဟိုထားကာ ပစောက်ပုံစံ နေရာယူထား၏။ ဝင်လာသောရဲအဖွဲ့အား ဦးဆောင်သူအဖြစ် ရဲအုပ် ရဲမိုးနှင့် သီဟတို့ ပါလာတာ သတိပြုမိသည်။ သူတို့သုံးယောက်လုံးက ရဲအုပ်လောင်းသင်တန်း အတူတက်ရင်း ခင်မင်ခဲ့ကြသူများဖြစ်၏။

ခေါင်းငုံ့ မျက်တောင်ခတ်ပြကာ အချက်ပေးရင်း စည်သူက ဆေးရောင်းသူအနား ကပ်သွားလိုက်သည်။

"အစ်ကိုကြီး . . ယာဘ ရှိီးမလား"

ဆံရှည်ငနဲက ခပ်တင်းတင်းလှည့်ကြည့်ရင်း . .

"မင်း ဘာတွေလာပြောနေတာလဲ၊ ငါ မင်းကိုမသိဘူး"

"မင်း ဆေးရောင်းတာတော့ ငါသိတယ်၊ ကျော်နီပေးတဲ့ ပိုက်ဆံတွေအားလုံး နံပါတ်မှတ်ထားပြီးသားကွ"

ချက်ဆို နားခွက်က မီးတောက်ပုံရသော ဆံရှည်ငနဲ လျှပ်ပြက်သလို လှုပ်ရှားလိုက်သည်။ ကြိုတင်တွက်ဆထားသည့် စည်သူ



www.burmeseclassic.com

www.burmeseclassic.com



က ဖမ်းချုပ်ကာ လက်လိမ်ချိုးထားသော်လည်း တံတောင်နှင့် နောက်ပြန်လှမ်းတွတ်ပြီး ဆံရှည်ကရုန်းထွက်သည်။ ရုတ်ရုတ်သဲသဲ အခြေအနေကြောင့် ကလပ်ထဲမှလူငယ်ထု သတိပြုမိသွား၏။ နှစ်ယောက်ထဲ တိုက်ခိုက်နေသည်မို့ ထုံးစံအတိုင်း ရန်ဖြစ်ပြီအထင်နှင့် ဝိုင်းလာကြသည်။

"ဟော့!. . မလှုပ်နဲ့"

သီဟ၏ အသံဝါကြီးနှင့် အော်ဟစ်သတိပေးသံကို ကြားလိုက်ရသည်နှင့် တပ်ဖွဲ့ဝင်ရှစ်ဦးလုံး သေနတ်များထုတ်ကာ ဆံရှည်အား ဝိုင်းချိန်ထားလိုက်ကြသည်။

"ဟော့ကောင်. . အေးအေးဆေးဆေး အဖမ်းခံပါ"

ရဲမိုး သေနတ်နှင့်ချိန်ရင်း ရှေ့တစ်လှမ်းတက်၍ သတိပေးခိုက်မှာပင် ဆံရှည်က စည်သူ့အားဖမ်းချုပ်၍ သေနတ်နှင့် နားထင်ကိုထောက်ပြီး ဓားစားခံလုပ်လိုက်တော့သည်။ မဆိုင်သူ လူငယ်အားလုံး ငုပ်တုပ်ထိုင်သူထိုင်၊ မှောက်သူမှောက်နှင့်မို့ ဆံရှည်နှင့် စည်သူက ထင်းထင်းကြီး ပေါ်လွင်နေသည်။

"မင်းတို့အားလုံး သေနတ်တွေချလိုက်နော်. . ၊ ဒီကောင့်ကို ငါတကယ်ပစ်မှာ. . "

အနေအထားက ပြောင်းပြန်ဖြစ်သွား၏။ ရဲကို အမိန့်ပေးသူက ဆေးရောင်းသောဆံရှည် ဖြစ်နေသည်။ ကျဉ်းထဲကျပ်ထဲမို့ ရဲမိုးနှင့်သီဟလည်း ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ ဒီလိုအခြေအနေမျိုး သူတို့ အကြိမ်ကြိမ်တော့ လေ့ကျင့်ခဲ့ဖူးသည်။ ရဲမိုး ထိုစစ်ဆေးမှုပွဲင် အကြိမ်ကြိမ် ဆုရခဲ့ဖူးသည်။ သီဟက ရဲမိုးအား မျက်နှာအမူအရာနှင့် မပစ်ရန်သတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရဲမိုးကတော့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နှင့်. .

"ပြောနေတယ်နော်. . တစ် နှစ် သုံးဆိုတာနဲ့ သေနတ်တွေ ချပြီး. . လမ်းဖယ်ပေး၊ မဖယ်ရင် ဒီကောင်အသေပဲ"

စည်သူ့အား လည်ပင်းညှစ်၍ သေနတ်နှင့်ထောက်ထားသည့် ဆံရှည်က နောက်ဆုံးရာဇသံ ပေးလာခဲ့ပြီ။ ဒီနေ့ခေတ် ဥပဒေကျူးလွန်သူတွေကို ဖမ်းဆီးရတာ ပိုမိုခက်ခဲလာသည်. .။ သူတို့မှာလည်း တရားမဝင်လက်နက်တွေ ကိုင်ဆောင်နေကြပြီဖြစ်သည်။

"တစ်. . . နှစ်. . . "

အမှတ်စဉ် နှစ်အရောက်တွင် သီဟက သေနတ်ချရန် ဟန်ပြင်ခိုက်. . .

"ဒိုင်း!. . "

"ဒိုင်း!. . "

သေနတ်သံနှစ်ချက် ရှေ့ဆင့်နောက်ဆင့် ထွက်လာသည်။ ရဲမိုးက အလစ်အငိုက်ဖမ်းပြီး ဆံရှည်ကို ပစ်လိုက်သလို. . ဆံရှည်ကလည်း စည်သူ့အား ပစ်ချလိုက်လေတော့သည်. .။ ရဲမိုးပစ်ချက်က ဆံရှည်၏ သေနတ်ကိုင် လက်မောင်းကိုသာထိသွားပြီး ဆံရှည်လည်း အလိုအလျောက် ခလုတ်ဆွဲမိလျက်သား ဖြစ်သွား၏။ ပစ္စတိုနှင့်ပစ်တာဖြစ်သော်လည်း အနီးကပ်တေ့ပစ်ခံလိုက်ရသော စည်သူ့အဖြစ်က မြင်မကောင်းရှုမကောင်း. . .

ကလပ်ထဲ အလန့်တကြား အော်ဟစ်သံတွေ ဆူညံသွားသည်။ စည်သူ ဗိုင်းခနဲလဲကျသွားသလို. .

"ဒိုင်း!. . "

"အား!. . "



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်သေနတ်သံတစ်ချက် ထပ်ထွက်လာကာ ဆံရှည်လည်း လဲကျသွားတော့၏။ ခြေထောက်နှင့်လက်ကိုသာ ထိထားသော ဆံရှည်အား ဝိုင်းဖမ်းလိုက်ကြ၏။

စည်သူ့အား သီဟက ထွေးပွေ့ထား၏။ စည်သူ့ကို သွေးတိုးနှုန်းစမ်းစရာ မလိုတော့သလို အရေးပေါ်ကားဖြင့် ဆေးရုံပို့ရန်လည်း မလိုအပ်တော့။ သီဟ. . ရဲမိုးအား ဒေါသတကြီးမော့ကြည့်လိုက်သောမျက်ဝန်းတွင် မျက်ရည်တို့ တွဲခိုနေ၏။

ရဲမိုးလည်း စည်သူ့အလောင်းဘေးမှာ ဒူးတုပ်ထိုင်ချလိုက်သည်။ အပတ်စဉ်တစ်ခုထဲဆင်း သူငယ်ချင်းတစ်ယောက်တော့. . တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ရပြီ။ စည်သူ ကျဆုံးသည့်ဖြစ်စဉ်တွင် ရဲမိုးတာဝန်မကင်း။ စည်သူ့အလောင်းကိုကြည့်ရင်း ရဲမိုး မခံစားနိုင်လောက်အောင် ဖြစ်နေ၏။ ယခု စီးနင်းမှုတွင် ပူးတွဲအဖွဲ့ခေါင်းဆောင်ဖြစ်သော သီဟက. .

“မင်းကို မပစ်ပါနဲ့လို့ ငါတားတဲ့ကြားက မင်းပစ်တာ”

“ငါ့. . ငါ့ကို ခွင့်လွှတ်ပါကွာ၊ ငါ စိတ်အရမ်းမြန်သွားလို့ပါ၊ ငါ့စိတ်ကိုယ်ငါ မထိန်းလိုက်နိုင်ဘူး. . ”

“ဘာကွ. . ”

“ခွပ်!. . ”

သီဟက ရဲမိုးအား ဆွဲထိုးပစ်လိုက်သည်။

“ဒုန်း!!. . ”

ရဲမိုးမေးစေ့ အတော်ပင်နာကျင်သွား၏။

ထိုအခါမှပဲ. . . ရဲမိုး အတိတ်ကိုပြန်တွေးနေသော ဖြစ်စဉ်ထဲမှ လွတ်မြောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအနေအထားက အမှုးလွန်ပြီး ခေါင်းငိုက်အကျ၌ မေးစေ့နှင့်စားပွဲ ဆောင့်မိခြင်းဖြစ်သည်။ ထိုဖြစ်စဉ်အပြီးမှာ. . ရဲမိုး ဌာနတွင်း စစ်ဆေးမေးမြန်းခြင်းကိုခံရ၏။ နောက်ဆုံး အရေးယူခံရကာ ရဲဘက်မှ အထုတ်ခံခဲ့ရသည်။

ထိုအဖြစ်ကြောင့် ရဲမိုးစိတ်ဓာတ်က ကုန်းကောက်လို့ မရအောင် ပြုတ်ကျသွားသည်။ သုံးလေးလလောက် အရက်ထဲ ခေါင်းနှစ်ကာ လေလွင့်နေခဲ့သည်။ မိမိ၏ပေါ့ဆမှုကြောင့်. . သူငယ်ချင်း အချိန်မတိုင်ခင် သေဆုံးသွားရသည့်အတွက် ထိုအပြစ်ကို သူ ကျေကျေနပ်နပ်ကြီး ခံယူခဲ့သည်။ ပိုဆိုးသည်က စည်သူ လက်ထပ်ထားတာ ခြောက်လသာရှိသေးချိန်၌ ထိုသို့ဖြစ်ခဲ့ခြင်း ဖြစ်သည်။

အချိန်တွေကြာညောင်းခဲ့ပြီဆိုသော်လည်း ထိုအဖြစ်က ရဲမိုးအား အိပ်မက်ဆိုးအဖြစ် ခုတိုင်ခြောက်လှန့်နေဆဲဖြစ်သည်။ ရက်ခြားဆိုသလို ထိုအဖြစ်အပျက် အစအဆုံးကို ပြန်လည်မြင်ယောင်ကာ အိပ်ရာမှ အထိတ်တလန့်နှင့် နိုးထနေရဆဲပင်ဖြစ်သည်။

ရဲမိုး လေလွင့်ပြီး လေးလခန့်အကြာတွင် ဦးလေးတော်စပ်သူ ခရိုနီသူဌေးကြီး ဦးသောင်းစိန်က ပြန်လည်ပြင်ဆင်ပြီးစီးလုဆဲဆဲ ဒက္ခိဏနဂါး အဆင့်မြင့်ရှော့ပင်းမော(လ်)တွင် လုံခြုံရေးအကြီးအကဲအဖြစ် တာဝန်ပေးခဲ့လေသည်။

ပြီးခဲ့သည့်နှစ်က မတော်တဆ မီးလောင်မှုဖြစ်၍ ဝန်ထမ်း (၁)ယောက်သေကာ (၁၀)ယောက် မီးလောင်ဒဏ်ရာရခဲ့သည်။ ထို့ကြောင့် သူ့ရှော့ပင်းမော(လ်) ပြန်ပြင်ဆင်ရန် ပိတ်ထားလိုက်ရသည်။

ထို့အတွက် ဦးသောင်းစိန်မှာ ဆုံးရှုံးမှုကြီးမားရသလို လျော်ကြေး ကိစ္စတွေကလည်း မပြီးပြတ်သေး၊ သေဆုံးသူ (၁)ယောက်အ



www.burmeseclassic.com

www.burmeseclassic.com



တွက် ဦးသောင်းစိန်က နစ်နာကြေးလုံလောက်စွာ ပေးခဲ့သော်လည်း ဒုက္ခိတဖြစ်သွားသူတွေက လက်မခံ၍ ညှိနှိုင်းနေရဆဲဖြစ်၏။

အပူတပြင်း ပြန်လည်ပြင်ဆင်ခဲ့ရာ တစ်နှစ်ခန့်အကြာတွင် အတွင်းပိုင်း အပြင်အဆင် အနည်းငယ်သာ ကျန်တော့သလို မကြာခင်မှာပင် “ဒက္ခိဏနဂါး” ရှော့ပင်းစင်တာကြီး ပြန်ဖွင့်နိုင်တော့မည် ဖြစ်သည်။ အထဲ၌ရောင်းမည့် ပစ္စည်းများပင် နေရာချနေပြီဖြစ်သည်။

ဦးလေးကြောင့် လစာကောင်းကောင်းနှင့် လုံခြုံရေးဌာန၏ အကြီးအကဲဖြစ်လာသော ရဲမိုးမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသော်လည်း အနားရချိန်တွင် သောက်မြဲသောက်ဆဲပင်. . .

အရက်ဆိုင်မှာ စားပွဲနှင့်နဖူး ဆောင့်ပြီးနောက် တော်သင့်ပြီဟုယူဆကာ. . ဆိုက်ကားနှင့် သူနေသောတိုက်ခန်းသို့ ပြန်လာခဲ့တော့၏။ အလုပ်ကစောစောပြန်လာပြီး ညနေလေးနာရီလောက်က စသောက်ခဲ့ရာ အိမ်ပြန်ရောက်သည့် ညခုနစ်နာရီတွင် ရဲမိုး ကျိုးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ထိုအချိန်တွင် ရှော့ပင်းမော(လ်)၏ ရုံးခန်းတစ်ခုအတွင်း အချိန်ပိုဆင်းနေရသော သင့်မြတ်မှာ လုပ်လက်စစာရင်းတွေ မပြီးပြတ်သေးသဖြင့်. . အလုပ်လုပ်ရင်း တစ်ယောက်ထဲ ကျန်နေခဲ့လေသည်။ အလုပ်တွေ လက်စသတ်ချိန်၌ ရုံးခန်းထဲ သူတစ်ယောက်တည်းဆိုသောအသိက ကြောက်စိတ်ကိုဝင်သွားစေသည်။

စာရွက်စာတမ်းနှင့် ဖိုင်တွေသိမ်းဆည်းပြီး ပြန်ဖို့ခါနီးပြင်ခိုက်. . .



www.burmeseclassic.com

www.burmeseclassic.com



"တွိတွိ! . . တွိတွိ! . . တွိတွိ! . ."

ဟန်းဖုန်းမြည်သံ ထွက်လာသဖြင့် အထိတ်တလန့် ဖြစ်ရပြန်သည်။ စိတ်မကြည်လင်စွာနှင့်ပင် ဖုန်းပြောရ၏။

"မောင် . . ပြော ဘာလဲ"

". . . . ."

"အခုထွက်လာမှာဆိုတော့ နောက် နာရီဝက်လောက်ပေါ့။ ဒီနေ့ မောင့်မွေးနေ့ဆိုတာ မမေ့ပါဘူး"

ဖုန်းပိတ်ပြီး ရုံးခန်းထဲမှ သင့်မြတ် ထွက်လာခဲ့၏။ စက်လှေကားကလည်း ပိတ်နေပြီမို့ ဒီအတိုင်းလမ်းလျှောက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဒုတိယအလွှာအရောက်တွင် . . ခင်းကျင်းပြင်ဆင်ထားသော အရောင်းကောင်တာများကို တွေ့ရသည်။ မနက်ဖြန်မှာ မန်နေဂျင်းက ရှော့ပင်းစင်တာကြီး ပြန်ဖွင့်နိုင်ရန်အတွက် စစ်ဆေးမည်ဆို၍ ဆောင်ရွက်ထားခြင်းဖြစ်၏။ ပစ္စည်းစုံ ခင်းကျင်းထားသောစင်များကို ပလတ်စတစ်အကြည်များနှင့် အုပ်ထားလေ၏။

သူလှမ်းလိုက်တိုင်း ခြေသံက ရှော့ပင်းမော(လ်)ကြီးတစ်လုံးလှိုင်သံပေးနေသလို ပြန်ကြားနေရ၏။ ပထမထပ် ထပ်ဆင်းမည်အလုပ် ကောင်တာတစ်ခုမှ လက်ခနဲဖြစ်သွားတာ တွေ့လိုက်၍ ဆက်မဆင်းတော့ဘဲ ထိုကောင်တာဆီ လျှောက်လာခဲ့လိုက်သည်။

ထိုကောင်တာအရောက် ပလတ်စတစ်ကိုဖယ်ကာ သေချာကြည့်မိသည်။ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဆောက်၊ တူ၊ ပလာယာ၊ လွန်ဖေါက်စက်၊ လက်ကိုင်လွှဝိုင်း စသည်ဖြင့် အမျိုးအစားတူများကို စုစည်းခင်းကျင်းထားသည့် ကောင်တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်စတီးလွှဝိုင်းလေးများကို သူမကြည့်ကာ စိတ်ဝင်စားသွားသည်။ လွှဝိုင်းသေးသေးလေးတစ်ခုကို ကောက်ယူလိုက်၏။ လွှဝိုင်း၏အသွားကို လက်ညှိုးနှင့် ထိတွေ့စမ်းကြည့်လိုက်သေးသည်။ လွှဝိုင်းက မြနေအောင် ထက်လှတာကို သတိပြုမိသည်။

ထိုစဉ် သင့်မြတ် မသိစိတ်ထဲ၌ လွှဝိုင်းကို ယူသွားရန် တွန်းအားတွေပေးနေ၏။ ထိုလွှမ်းမိုးမှုကို သင့်မြတ် မလွန်ဆန်နိုင်သလို ဖြစ်သွားကာ လွှဝိုင်းအား စလင်းဘက်ထဲ ထိုးထည့်လိုက်တော့သည်။ ပြီးတော့. . မလုံမလဲနှင့် ခန်းမကျယ်ကြီးထဲ ဝေ့ဝဲကြည့်ကာ သူ့လုပ်ရပ်ကို မြင်သူရှိမရှိ ကြည့်နေသေးသည်။

သူကလွဲပြီး ဘယ်သူမှရှိမနေတာ သေချာမှ သက်ပြင်းရှိုက်ကာ ပထမထပ်သို့ ဆင်းလာခဲ့သည်။

ပထမထပ်၌ အီလက်ထရွန်နစ်ပစ္စည်းများ ခင်းကျင်းပြသထား၏။ သင့်မြတ် ဖြတ်လျှောက်လာရင်း ဟင်း(န်)ဆက်များ ပြထားသော ရှိုးကေ့စ်တစ်ခုရှေ့အရောက် သူမခြေအစုံ ရပ်တန့်သွား၏။

တန်ဖိုးကြီး ဟန်း(မ်)ဆက်များကို မြင်ရတော့ လိုချင်တပ်မက်စိတ် ဖြစ်လာသည်။ ဝန်းကျင်ကို အကဲခတ်တော့လည်း လူတစ်ယောက်မှ မရှိ၊ ထိုသို့လူမရှိသည့်အဖြစ်က သူမ၏ မရိုးမသားသည့်စိတ်ကို လှုံ့ဆော်ပေးနေသည်။

သော့တွဲလောင်းဖြစ်နေသော မှန်တံခါးကိုဆွဲဖွင့်ကာ စိတ်ကြိုက်ဖုန်းတစ်လုံး လှမ်းယူလိုက်၏။ ထိုစဉ်. .

"တွီတွီ!. . တွီတွီ!. ."

အချက်ပေးသံနှင့် ခပ်ဆင်ဆင် ဖုန်းမြည်သံထွက်ပေါ်လာ၍ သင့်မြတ် အထိတ်တလန့် ဖြစ်ရသလို စိတ်လည်းတိုသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ မောင်. .

"လာနေပါပြီဆို ဘယ်လိုဖြစ်နေတာလဲ"

". . . . . . . . . . . ."

"အင်းပါ. . ဒီမှာ မွေးနေ့လက်ဆောင်ဝယ်နေလို့"

စိတ်တိုတိုနှင့် ဖုန်းပိတ်လိုက်၏။ ဟန်း(ဒ်)ဆက်ကို လက်ပွေ့အိတ်ထဲထည့်အပြီး ကောင်တာမှ လှည့်ထွက်လာလိုက်သည်။ ခြေလှမ်းအနည်းငယ်လှမ်းထွက်လာပြီးမှ ထူးခြားသည့်အခြင်းအရာကို သင့်မြတ် သတိထားမိသွားသည်။

သူမ ခိုးယူခဲ့သော ဖုန်းအရောင်းကောင်တာပေါ်တွင်. . ပလတ်စတစ် ဖုံးအုပ်ထားခြင်းမရှိသလို ထိုဖုန်းကောင်တာတစ်ခုထဲ မီးလင်းနေပြီး သော့ကလည်း တွဲလောင်းဖြစ်ကာ ပွင့်နေခြင်းကို. . အခုမှပဲ သတိထားမိသွားသည်။

"ဟင်!. . . ဒါက ဘယ်လိုဖြစ်ရတာလဲ"

သူမ ထိုကောင်တာကို ပြန်လှည့်ကြည့်ရင်း ခြေလှမ်းတွေ နောက်ဆုတ်နေမိသည်။ တစ်ကိုယ်လုံး ကြက်သီးတွေထလာကာ ကိုယ်ကိုလှည့်ကာ ပြေးမည်အလုပ်. .

သူမရှေ့တည့်တည့်၌ အရိပ်မည်းကြီးတစ်ခု လာရပ်နေ၍ သင့်မြတ် ကြောက်လန့်ကာ ထိုနေရာမှာပင် ဖင်ထိုင်လျက်လဲကျသွားလေသည်။

"အား!. . အမလေး!. . "

ကြောက်လွန်းသဖြင့် ခေါင်းမဖော်ရဲဘဲ သင့်မြတ် ငုံ့ထားလိုက်၏။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်ရင်နေရာ. .

"သမီး. . ဒီမှာဘာလုပ်နေတာလဲ. . ၊ ရှစ်နာရီပြောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



တော့မယ် မပြန်သေးဘူးလား"

အသံကြား၍ မော့ကြည့်တော့မှ ညစောင့်ဝန်ထမ်း ဖြစ်နေတာ သိရသည်။

"အောင်မလေး. . . လန့်လိုက်တာ ဦးလေးရယ်၊ အသံမပေး ဘာမပေးနဲ့. .၊ သမီးက ပြန်တော့မလို့ ဆင်းလာတာ"

လုံခြုံရေးဝန်ထမ်းက သင့်မြတ်ဆွဲထားသည့် ဝန်ထမ်းကတ်ကို ဓာတ်မီးနှင့်ထိုး၍ သေချာကြည့်ရင်း. .

"သမီး ပြန်ရမယ့်အပေါက်က မှားနေပြီ၊ ဝန်ထမ်းတွေထွက်ပေါက်က ဟိုဘက်မှာ. ."

သင့်မြတ်လည်း သူ့အဖြစ်သူသိကာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဘေးဘီလှမ်းကြည့်မှ မိန်းကလေးအိမ်သာကို တွေ့သွားကာ လက်ညှိုးထိုးရင်း. .

"သမီးက အဲဒီကိုသွားမလို့. ."

"အေးအေး. . မြန်မြန်လုပ်၊ ဦးလည်း တံခါးတွေ ပိတ်တော့မှာ. ."

အိမ်သာထဲအရောက်. . ညစောင့်ကြီး နောက်ကလိုက်လာလေမလား အတွေးနှင့် နောက်လှည့်ကြည့်ရသေးသည်။ ရေအိမ်ထဲ ဘေစင်ရှေ့ရပ်ကာ နံရံမှမှန်ကို ကြည့်လိုက်သည်။ မှန်ထဲ သူမပုံရိပ်က တစ်နေကုန် ပင်ပန်းထားသည့်အတွက် နွမ်းဖတ်ဖတ် ဖြစ်နေ၏။

ထိုစဉ်. . .

"ကျွီ!. ."

အိမ်သာတံခါးတစ်ချပ် လှုပ်ခတ်သွားသောအသံကို ကြားလိုက်ရသည်။ သင့်မြတ် ဖျတ်ခနဲ့လှည့်ကြည့်လိုက်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



တံခါးချပ်တွေက မလှုပ်မယှက် ငြိမ်သက်လျက်ပင်. . .

ထိုသို့ကြည့်နေစဉ်မှာပင် လေတိုးသံသဲ့သဲ့ကို ထပ်ကြားရပြန်သည်။ အသံထွက်ပေါ်လာရာ မျက်နှာကျက်ဆီ မော့ကြည့်တော့ လေသန့်စင်စနစ် တပ်ဆင်ထားသည့် သံဇကာပေါက်မှ လေထွက်နေခြင်းဖြစ်ကြောင်း သဘောပေါက်သွား၍. . စိတ်အေးလက်အေးဖြစ်သွား၏။

ထိုအခိုက် သူမစိတ်ထဲ. . . လက်ပွေ့အိတ်ထဲမှ လက်ကိုင်လွှဝိုင်းလေးကို ထုတ်ကြည့်ချင်စိတ်ပေါက်လာ၏။ တကယ်တော့. . ဒီဈေးဝယ်စင်တာကြီးထဲမှ သူမ အမြန်ဆုံးထွက်သွားသင့်ပြီဖြစ်သည်။ သို့သော်. . တစ်စုံတစ်ရာသော စွမ်းအားတစ်ခုက သူမစိတ်ကို လွှမ်းမိုးနေသည်။ လွှဝိုင်းလေးကို ထုတ်ကြည့်ဖြစ်အောင်လည်း တိုက်တွန်းနေသလို ခံစားနေရသည်။

ထိုစေ့ဆော်မှုအား မလွန်ဆန်နိုင်စွာဖြင့် ထုတ်ယူကြည့်မိ၏။ သူကိုင်ထားသော လွှဝိုင်းလေးက ကြည့်မှန်ထဲတွင် လက်လက်ထအောင် တောက်ပြောင်နေသည်။ လွှဝိုင်းဆီအာရုံရောက်နေစဉ် ခြေသံသဲ့သဲ့ကြား၍ လှည့်ကြည့်မိသည်။ သို့သော်. . ရေအိမ်ထဲဝင်လာသူ တစ်ဦးတစ်ယောက်ကိုမှ မတွေ့. . ။

သူ့စိတ် ချောက်ချားနေတာပဲ ဖြစ်လိမ့်မည်ဟု ထင်လိုက်သည်။

သင့်မြတ်အကြည့်က မှန်သို့ရောက်သွားပြန်သည်။ လွှဝိုင်းလေးကိုင်လျှက် စိုးထိတ်နေသော သူမ၏ပုံရိပ်ကို မှန်ထဲမြင်နေရ၏။ ထိုအချိန်လေးမှာပင် သူမ လည်ပင်းတွင်ဆွဲထားသော ဝန်ထမ်းကတ်ချိတ်ထားသော ကြိုးလေးမှာ သူ့အလိုလိုပြတ်ကာ ပြုတ်ကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com


သည်။ သူမ အောက်ငုံ့ကာ ပြန်ကောက်ယူလိုက်၏။

သို့သော် မှန်ထဲကပုံရိပ်က ငုံမကောက်ဘဲ လွှဝိုင်းလေးကိုင်ကာ ရပ်မြဲရပ်နေလေသည်။ သင့်မြတ် ပြန်အထတွင် မှန်ထဲမှပုံရိပ်ကို သတိပြုမိသွား၏။ မှန်ထဲက သူ့ပုံရိပ်လည်ပင်းတွင်တော့ ဝန်ထမ်းကတ်လေးက ဆွဲထားမြဲ. . ၊ လွှဝိုင်းလေးကိုင်လျှက်. . သူ့ကို စိုက်ကြည့်နေဆဲ. . . ။

မယုံနိုင်အောင် တအံ့တဩဖြစ်လျက်နှင့် သူမလှုပ်ရှားကြည့်သည်။ သို့သော် မှန်ထဲမှ သူ့ပုံရိပ်ကမလှုပ်၊ သူ့ကိုကြည့်မြဲသာ စိုက်ကြည့်နေ၏။ သင့်မြတ်အံ့ဩမှုထက် ကြောက်ရွံ့မှုက ပိုလာသည်။ သို့သော် ထွက်ပြေးဖို့မကြိုးစားမိ၊ ကြောက်ကြောက်နှင့်ပင် မှန်ထဲမှ ကိုယ်ပုံရိပ်ကိုယ် မျက်တောင်မခတ် ကြည့်နေမိသည်။

ထိုစဉ်. . မှန်ထဲမှသင့်မြတ်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း လွှကိုင်လက်ကို တဖြည်းဖြည်းမြှောက်လိုက်၏။

သင့်မြတ် သူ့လက်သူ ပြန်ငုံ့ကြည့်သည်။ လွှဝိုင်းနှင့် ဝန်ထမ်းကတ်ကိုင်ထားသော သူ့လက်နှစ်ဖက်လုံး တွဲလောင်းချလျက် ငြိမ်သက်နေသော်လည်း မှန်ထဲမှ သူ့လက်ကတော့ လွှဝိုင်းအား. . လည်ပင်းနားရောက်သည်အထိ လှုပ်ရှားနေလေပြီ။

"မလုပ်နဲ့!. . မလုပ်နဲ့!. . "

လက်ဖြင့် မှန်ကိုလှမ်းထိကာ တားသော်လည်း သင့်မြတ် အချိန်မမှီတော့. . ။ မှန်ထဲမှပုံရိပ်က လွှဝိုင်းနှင့် သူ့လည်ပင်းအား လှီးနေပြီဖြစ်သည်။ သုံးလက်မခန့် လှီးပြီးချိန်တွင်. . .

"အ!. . အ!. . "

သင့်မြတ်လည်ပင်းမှ. . နာကျင်မှုဝေဒနာကို ခံစားလိုက်ရ


www.burmeseclassic.com

www.burmeseclassic.com



သည်။ မှန်ထဲမှာ မြင်ရသည့်အတိုင်း အပြင်မှာ တကယ်ဖြစ်လာရသည့် အကြောင်းအရင်းကို မယုံနိုင်ဖြစ်နေစဉ် လည်ပင်းမှ သွေးတွေဒလဟောစီးကျလာလေတော့သည်။

လည်ပင်းသွေးကြောမကြီး ပြတ်သွားပြီဖြစ်၍ သင့်မြတ် ဝုန်းခနဲ ပစ်လဲကျသွားသည်။ ရေအိမ်ကြမ်းခင်းကြွေပြားနှင့် သူမခန္ဓာကိုယ် မထိမှီမှာပင် သင့်မြတ် အသက်ပျောက်သွားသည်။

လည်ပင်းပြတ်ဒဏ်ရာမှ သွေးတွေအဆက်မပြတ် စီးထွက်နေရာ ကြွေပြားဆက်ကြောင်းချိုင့်များအတွင်း သွေးစီးကြောင်းများဖြစ်ပေါ်လာသည်။ ထိုဆက်ကြောင်းများတွင် သွေးတွေပြည့်သွားသည့်အချိန်တွင်. . သင့်မြတ်လဲကျနေသည့် နေရာတဝိုက် သွေးတို့အိုင်ထွန်းသွားတော့သည်။

ဝိညာဉ်ကင်းမဲ့နေသော သင့်မြတ်၏မျက်ဝန်းအစုံမှာ ပြူးထွက်လျက် မယုံကြည်နိုင် ဖြစ်နေဆဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

ရဲမိုး အိပ်ပျော်နေရင်းနှင့် တလူးလူး တလွန့်လွန့် ဖြစ်နေသည်။ ဖြစ်မြဲအတိုင်း. . စည်သူသေနတ်အပစ်ခံရ၍ သေဆုံးသွားသည့်ဖြစ်စဉ်ကို အိပ်မက်ဆိုးအဖြစ် ပြန်မြင်တွေ့နေရသည်။ စည်သူ့နားထင်ကို သေနတ်ကျည်ဆန် ဖေါက်ဝင်သွားတာမြင်တော့ အလန့်တကြားအော်ဟစ်ရင်း ရဲမိုးလန့်နိုးလာ၏။

"အား!. ."

"တီတလီ. . တီတလီ. ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖုန်းမြည်သံကြား၍ ကောက်ကိုင်လိုက်၏။

"ဟလို. ."

"ကြီးကြပ်ရေးမှူး. .၊ ကျုပ် ရွှေခိုင်ပါ"

ညကင်းဂျူတီကျသော လုံခြုံရေးတာဝန်ခံ ဦးရွှေခိုင် ဖြစ်နေ၍ အိပ်ချင်စိတ် အနည်းငယ်ပြေသွား၏။

"ပြော. . ဦးရွှေ"

"ဆရာ အမြန်လာမှဖြစ်မယ်၊ မိန်းကလေးတစ်ယောက် အိမ်သာထဲမှာ သေနေလို့"

"ဟင်!. . ."

ရဲမိုး အမြန်ပြင်ဆင်ကာ တက္ကစီငှားပြီး ကုန်တိုက်သို့ ခရီးနှင်လိုက်သည်။ စောစောစီးစီးမို့ လူရှင်းနေသော်လည်း ကုန်တိုက်ရှေ့တွင် ရဲကားနှစ်စီး ရပ်ထားတာတွေ့ရသည်။ ညဂျူတီ လုံခြုံရေးတွေ အဝင်ဝနားမှာ စုပြုံစောင့်နေကြ၏။

"အလောင်းဘယ်မှာလဲ"

"ကျွန်တော်လိုက်ပြမယ် ဆရာ"

ဦးရွှေခိုင်က ရဲမိုးအား လမ်းပြခေါ်ဆောင်သွားသည်။ အဆောက်အဦးအတွင်း လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ၊ ကုန်တင်ဓာတ်လှေကားအနီး ရေအိမ်ကိုရောက်မှ အလုပ်ရှုပ်နေသော ရဲတွေကိုတွေ့ရသည်။ ယူနီဖောင်းနှင့်ဝန်ထမ်းကတ်ကြောင့် ရေအိမ်ထဲသို့ ရဲမိုး ဝင်ခွင့်ရခဲ့သည်။

ဓာတ်ပုံရိုက်သူရိုက် သဲလွန်စရှာသူရှာနှင့် ရဲများအလုပ်ရှုပ်နေကြသည်။ သေဆုံးသူ သင့်မြတ်မှာ လည်ပင်းတွင် ပြတ်ရှနာရာနှင့် အသက်ထွက်သွားပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်သေဆုံးရတာလဲဆိုတာ ရဲမိုး သိချင်လာ၏။ အလုပ်ရှုပ်နေသော ရဲတွေကိုလည်း အနှောင့်အယှက် မပေးချင်သဖြင့် ရဲမိုး ငြိမ်၍စောင့်နေလိုက်သည်။ ထိုစဉ် သူ့အကြည့်က နံရံမှ မှန်ဆီသို့ အမှတ်မထင်ရောက်သွား၏။ မှန်တွင် မထင်မရှား လက်ရာတစ်ခုထင်နေတာ မြင်လိုက်ရသည်။

"ရှုထောင့်စုံက ဓာတ်ပုံတွေ အကုန်ရိုက်ပြီးပလား"

"ဟုတ်ကဲ့ ဆရာ"

"ဒါဆို အလောင်းသယ်တော့. . ၊ ပိတ်ဖြူနဲ့ သေချာထုပ်ပြီးသယ်နော်"

အမှုစစ်အရာရှိက သူ့တပည့်အား သေချာမှာနေ၏။

"ဟုတ်. ."

အလောင်းသယ်သွားပြီးနောက်. . . ထိုရဲအရာရှိနား ရဲမိုး ရောက်သွားသည်။

"ဆရာတို့ သေချာစစ်ဆေးပြီးကြပြီလား ခင်ဗျာ"

ထိုအရာရှိက မေးမြန်းလာသော ဝန်ထမ်းဝတ်စုံနှင့် ရဲမိုးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ. . တစ်ချက်ပြုံးလိုက်ပြီး. .

"အဟင်း. . ပြီးပါပြီ၊ ဒါ Suicide case လေ. . ကိုယ့်ဟာကိုယ် သတ်သေတာပါ"

"Suicide ဆိုရင် ဘယ်လိုသတ်သေသွားတာလဲ ခင်ဗျ"

ဒီတခါတော့ ရဲအရာရှိလည်း ကြောင်သွားကာ. . ဘေးမှရဲများလည်း သူ့ကိုဝိုင်းကြည့်နေလေ၏။

"ဒီလိုပါ. . ၊ ကျုပ်ဆိုလိုတာက ဒီမိန်းကလေးဟာ တရေးသိပဲ. . ကိုယ့်လည်ပင်းကို ကိုယ်လှီးပြီး သတ်သေသွားတာလားလို့ မေး



www.burmeseclassic.com

www.burmeseclassic.com



တာပါ”

“မင်းက ဘယ်သူလဲ”

တင်းသွားသော တပ်ကြပ်တစ်ယောက်က မာမာထန်ထန် မေးလာ၏။ ရဲမိုးက သူ ရဲဘက်မှ အထုတ်ခံရပြီး ဒီမှာဝင်လုပ်နေ ကြောင်းပြောလိုက်မှ. . .

“ဟား. . ဆောရီး ဆရာ၊ ဆရာမေးပုံကို ကျွန်တော်ကြည့် နေတာ ရဲလို့တော့ထင်သား. . ”

ရဲများ ပြန်သွားသည်နှင့် အပြင်သို့ပြန်ထွက်လာပြီး ရေအိမ် အနီးတွင် ယောင်လည်လည်လုပ်နေ၏။ ထိုစဉ် သူ့ရှေ့မှ အခန်းကန့် ထားသော မှန်တစ်ချပ်ပေါ်တွင် အရိပ်တစ်ခုကို လှမ်းမြင်လိုက်ရ သည်။ မှန်ထဲက ပုံရိပ်အရ အရိပ်က သူ့နောက်နားတွင် ရှိနေတာ အသေအချာပင်. . .

ရဲမိုး လုံးဝအလွတ်မပေးဘဲ ချာခနဲ လှည့်ကြည့်လိုက်၏။

ဘာမှမရှိတော့. . ။ ရဲမိုးစိတ်ထဲ စနောင့်စနင်း ဖြစ်သွား သည်။ သူ အမြင်မှားတာမဟုတ်မှန်းလည်းသိ၍ စဉ်းစားရကြပ်ပြီး ခေါင်းကုတ်နေမိ၏။ ထိုစဉ် ဦးလေးဖြစ်သူ ဦးသောင်းစိန်နှင့် ကန်ထ ရိုက်တာတင့်ဆွေတို့ရောက်လာတာ လှမ်းမြင်၍ အလုပ်ရှုပ်ဦးမည်ဟု တွေးမိသည်။

ဦးလေးက တင့်ဆွေအား. . လမ်းတစ်လျှောက်လုံး ကြိမ်း မောင်းပြောဆိုသွားသဖြင့် ရာသီဉတုမကောင်းဟု သဘောပေါက်ပြီး အပြင်ပြန်ထွက်ခဲ့၏။ ထိုအခါမှ ဦးလေး ဘာကြောင့်ဒေါပွရသလဲဆို တာ သိလိုက်ရတော့သည်။

နံနက်ခင်း အလင်းရောင်အားကောင်းစသော ရှိသေးသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကုန်တိုက်ရှေ့တွင် ရောင်စုံဗီနိုင်းတွေ ကိုင်ထားသော လူအုပ်ကြီးရောက်နေလေပြီ။ မီးလောင်ခံရသူတို့၏ မိသားစုများ ဆန္ဒဖော်ထုတ်နေတာတွေ့၍ ရဲမိုးလည်း စိတ်ပျက်သွားသည်။

"မီးလောင်ခံရသူများအား အမြန်ဆုံးလျော်ကြေးပေးပါ"

"ကိုယ်ချင်းစာနာပါ. ."

ပိုစတာတိုက်ပွဲ ဆင်နွှဲနေသူတစ်စုက ပိုစတာပါ စာလုံးများအတိုင်း အော်ဟစ်ကြွေးကြော်နေကြသည်။ ထိုစဉ် ဦးလေးက ဖုန်းဆက်လှမ်းခေါ်၍ ဦးလေးရှိရာရုံးခန်းထဲ ဝင်လာခဲ့၏။ ဦးလေးက မှန်ပြတင်းမှတဆင့် ဆန္ဒပြနေသူများအား ငုံ့ကြည့်နေလေ၏။

"ဦးလေး. ."

ဦးသောင်းစိန် လှည့်လာကာ. . .

"အနေအထားကတော့ သိပ်မကောင်းဘူး ရဲမိုး၊ ငါ့ရဲ့ ရှော့ပင်းမော(လ်) ပြန်မဖွင့်ခင်လေးတင်. . မိန်းကလေးတစ်ယောက်က ထပ်သေသွားပြန်ပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် ရှေ့အပတ်ထဲမှာ ဒါကို ဖွင့်နိုင်အောင် မဖြစ်မနေကြိုးစားရမယ်"

ရဲမိုး ခေါင်းညိတ်၍သာ ထောက်ခံလိုက်၏။

"နေစမ်းပါဦး. . မင်း ဒီကိုရောက်တာ ဘယ်နှစ်ရက်ရှိသွားပြီလဲ"

"ကျွန်တော်အလုပ်ဝင်တာ (၂)လပဲရှိပါသေးတယ် ဦးလေး"

"မင်း ဘာကြောင့် ရဲဘက်ကအထုတ်ခံရတာလဲ"

ရဲမိုး ခေါင်းသာငုံ့နေလိုက်၏။

"ဒါ မင်း အလုပ်ကို ဘယ်လိုလုပ်ခဲ့သလဲဆိုတာနဲ့ ဆိုင်တယ်၊ အခုလည်း မင်းကိုခေါင်းဆောင်ပိုင်းပေးထားတာ အရမ်းအားနည်း



www.burmeseclassic.com

www.burmeseclassic.com



နေတယ်"

ထိုမှတ်ချက်ကိုတော့ ရဲမိုးမခံစားနိုင်. .

"ဒါပေမဲ့ အခုလူသေမှုက. . ."

ဦးလေးသောင်းစိန်က ရဲမိုးအား ဖြေရှင်းခွင့်မပေး၊ စကားဖြတ်၍ မနားတမ်းဆက်ပြောသည်။

"မင်း ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ပြီး ပေးလာတဲ့ အခြေအနေတစ်ခုကို အမိအရဆုပ်ကိုင်တတ်ရမယ်၊ ငါပေးထားတဲ့ ရာထူးဟာ မင်းအတွက်ရည်ရွယ်ပြီး ဖန်တီးပေးထားတာ ဘာလို့လဲဆိုတော့ မင်းက ငါ့တူဖြစ်နေလို့ပဲ. . ."

"ခုချိန်ဟာ အရေးကြီးတဲ့အချိန်၊ ငါ့အတွက် မင်းပြန်ပေးဆပ်ရမယ့်အချိန်၊ ဒီအချိန်ဟာ ဂရုတစိုက်နဲ့ ကြိုးပမ်းရမယ့်အချိန်၊ ဒီနေ့ကစပြီး ဖွင့်ပွဲအတွက်ပဲ အာရုံစိုက်ပြီး ဇောက်ချလုပ်တော့. .၊ မင်း အရက်တွေပဲသောက်နေတယ်လို့ ငါသတင်းရထားတယ်နော်"

"ဦးလေး. . ကျွန်. . တော်. ."

ဦးလေးက သူ့ရှေ့မှရပ်ပြီး ရဲမိုး ပုခုံးကိုပုတ်ကာ. .

"မင်း ငါ့ကို ဦးလေးလို့မခေါ်နဲ့. .၊ ငါ မှားထားပေါင်းလည်း များနေပြီ၊ မင်းနဲ့ငါပတ်သက်မှုကို ဘယ်သူမှမသိစေချင်ဘူး. ."

ရဲမိုး ခေါင်းညိတ်ရပြန်သည်။ ဦးလေးက ပြုတ်နေသောသူ့အင်္ကျီမှ အပေါ်ဆုံးကြယ်သီးကို ပြန်တတ်ပေးရင်း. .

"အေး. . ငါကတော့ ဟောဒီ ရှော့ပင်းမော(လ်) ပြန်ဖွင့်ဖို့ တစ်ခုပဲ ခေါင်းထဲမှာရှိတော့တယ်"

ပြောစရာကုန်တော့ ရဲမိုး အခန်းထဲမှထွက်လာခဲ့လိုက်သည်။ အခန်းအပြင်ဘက် စကြိန်လမ်းတလျှောက်နံရံတွင် မြေကွက်လပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှစ၍ အခေါင်အဦးကြီး ဖြစ်လာသည်အထိ မှတ်တမ်းဓာတ်ပုံများ၊ ဝန်ထမ်းအဆင့်မြှင့် မွမ်းမံသင်တန်းဆင်းဓာတ်ပုံများ တန်းစီ၍ ချိတ်ဆွဲထားသည်။ ရဲမိုးထိုပုံများကို အာရုံစိုက်မကြည့်မိဘဲ အမှုမဲ့အမှတ်မဲ့ပင် ဖြတ်ကျော်လာခဲ့၏။

ထိုစဉ် အုပ်စုလိုက်ရိုက်ထားသော ပုံတစ်ပုံထဲမှ အမျိုးသမီးတစ်ယောက်၏ပုံမှာ အသက်ဝင်လာပြီး ရဲမိုးအား စောင်းငဲ့ကြည့်နေလေသည်။ ရဲမိုးကတော့ သတိမထားမိ၊ ဦးလေး ပြောလိုက်တာတွေပြန်စဉ်းစားရင်း တာဝန်ကျရာသို့ စိတ်စောစွာထွက်လာခဲ့၏။

မြေညီထပ်တွင် ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်နေကြသော ဝန်ထမ်းများ ပျားပန်းခတ်မျှ ရှုပ်ထွေးနေသည်။ ဝန်ထမ်းများအား ကြီးကြပ်ရေးမှူးများက အလုပ်ခွင်စည်းကမ်းပိုင်းဆိုင်ရာများ ရှင်းလင်းပြောပြနေကြ၏။ ရဲမိုးလည်း သူ့လက်အောက်လုံခြုံရေးဝန်ထမ်းများကို စုစည်းကာ လိုအပ်သည်များ မှာကြားရသည်။

"ခုချိန်ကစပြီး တို့တွေရဲ့တာဝန်က ကာစတန်မာတွေ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးနဲ့ ကုန်တိုက်ရဲ့လုံခြုံရေးကို အလေးအနက်ထား လုပ်ဆောင်ကြရမယ်၊ တာဝန်ချိန်မှာ ဖုန်းနဲ့ဆော့နေတာမျိုး လုံးဝမမြင်ချင်ဘူး၊ အားလုံး. . မနက်ရှစ်နာရီမထိုးခင်မှာ အလုပ်ဝင်ကြောင်း လက်မှတ်ထိုးပြီးသား ဖြစ်နေရမယ်၊ နောက်ဆုံးအနေနဲ့ လုံခြုံရေးစနစ်တွေ ကင်မရာတွေအားလုံး အလုပ်လုပ်မလုပ် စစ်ဆေးကြည့်ရမယ်. . ၊ ကဲ. . အားလုံး သွားလို့ရပါပြီ"

လုံခြုံရေးတွေ တာဝန်ကျရာနေရာအသီးသီးသို့ ထွက်သွားကြ၏။ ရဲမိုး လုံခြုံရေးကင်မရာအခန်းသို့ သွားဖို့ခြေလှမ်းပြင်စဉ် ခေါ်သံကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဆရာရဲမိုး. . အပေါင်း၊ ဒီကုန်တိုက်မှာ အလုပ်ဝင်ရတာ သိပ်တော့မချောင်ဘူးနော်၊ မနက်တိုင်း ရှစ်နာရီမှာ အသင့်ဆိုတော့ သိပ်ပြင်းလွန်းတယ်"

သူ့လိုပင် အစိုးရဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ဇင်အောင်က ထုံးစံအတိုင်း လာညည်းလေသည်။

"နောက်ပိုင်းဆို မနက်ကိုးနာရီ ဖြစ်သွားမှာပါကွာ၊ ခုဟာက မဖွင့်ခင်မို့ပါ"

"ဆရာရော ဒီအလုပ်ကိုသဘောကျရဲ့လား"

"လူဆိုတာ အလုပ်တစ်ခုခုတော့ လုပ်နေရမှာပဲလေ"

"ဆရာ့ကိုပြောရအုံးမယ်၊ အရင်တုန်းက ဒီကုန်တိုက်မှာ မိန်းကလေးတစ်ယောက် မီးလောင်ပြီး သေသွားဖူးတယ်၊ အဲဒီ့နောက်ပိုင်း မှောင်ပြီဆိုတာနဲ့ အသံနက်ကြီးတွေ၊ အော်ညည်းသံတွေ ကြားရတတ်တယ် ဆရာ"

"မဟုတ်တရုတ်တွေ လျှောက်ပြောမနေပါနဲ့ကွာ. . ."

"အဟဲ. . ဟဲဟဲ. . ဘာလဲ ဆရာကြောက်တတ်လို့လား"

"ကြောက်စရာလားကွာ၊ သရဲဆိုတာ တကယ်ရှိတာမှ မဟုတ်တာ"

"ကဲ. . ဆရာရေ၊ ကျုပ်တော့ ညဂျူတီထွက်ပြီနော်၊ ဒီနေ့ ကုန်ပစ္စည်းအချက်အလက် အသေးစိတ်စာရင်းတွေ ရောက်မယ်တဲ့၊ ရော့. . ညက duty report မှာ လက်မှတ်ထိုးပေးဦး"

ဇင်အောင်က စာရွက်စာတမ်းများညှပ်ထားသော card board ကို လှမ်းပေး၍ ရဲမိုးလက်မှတ်ထိုးပေးလိုက်၏။ ဇင်အောင် ထွက်သွားသည်နှင့် ကင်မရာအခန်းသို့ တက်လာခဲ့သည်။ တီဗွီအလုံး


www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်မှ ကုန်တိုက်အတွင်း မြင်ကွင်းစုံကို ကြည့်ရှုစစ်ဆေးရင်း တစ်နေ့တာ အလုပ်စလိုက်သည်။ ကင်မရာမြင်ကွင်းတစ်ခုတွင် လုံခြုံရေးကောင်လေးဖိုးနီပုံ ပေါ်လာသည်။ ဖိုးနီက ကင်မရာအသစ် တပ်နေတာဖြစ်ပြီး နေရာချိန်ရန် ဝေါ်ကီတော်ကီနှင့်လှမ်းပြော၏။

"ဆရာ ကင်မရာအခြေအနေ ဘယ်လိုလဲ"

"အေး. . ဘယ်ဘက်နည်းနည်းရွှေ့ပေး မြင်ကွင်းက အရေးကြီးတဲ့နေရာမှာ မရှိဘူး"

"ကျွန်တော့်ရဲ့ ဘယ်ဘက်လား. . ကင်မရာရဲ့ ဘယ်ဘက်လား ဆရာ"

"မင်းရဲ့ဘယ်ဘက်၊ အဲ. . ဟုတ်ပြီ. . ဟုတ်ပြီ၊ တော်ပြီ ရပြီ"

ဖိုးနီ ပုံရိပ်ဖျောက်လိုက်ပြီး ကုန်တွေစုပုံထားသော စကြိန်လမ်း မြင်ကွင်းပြောင်းကြည့်သည်။ ဇင်အောင် လျှောက်လာတာကို မော်နီတာမှ မြင်နေရ၏။ ဇင်အောင်က အဝတ်အစားလဲခန်းသို့ ဝင်သွားသည်။ ထိုအခန်းမှ အင်တာကွန်းသို့ ရဲမိုး လှမ်းခေါ်လိုက်သည်။

"ဇင်အောင် မင်း ခုထိ အိမ်မပြန်သေးဘူးလား၊ မင်းဂျူတီက ပြီးနေပြီနော်"

"ဘာလဲ. . ကျုပ်ကိုမြင်နေရလို့လား၊ အဝတ်လဲခန်းထဲပါ ကင်မရာ တပ်ထားလို့လား ဆရာ"

"အဲဒီထဲထိတော့ တပ်မလားဗျ၊ စကြိန်လမ်းကိုပဲ ရိုက်ထားတာ ခင်ဗျားဝင်သွားတာပဲ မြင်လိုက်တာ"

"ဟုတ်လား တော်သေးတာပေါ့၊ ကျုပ်အခု ဘောင်းဘီချွတ်ပြီး ယူနီဖောင်းလဲတော့မလို့. . ဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



အင်တာကွန်းပိတ်လိုက်ပြီး. . ရေအိမ်နှင့် အဝတ်လဲခန်းအတွင်း ကင်မရာတပ်ဆင်ခွင့်မပြုခဲ့သည့် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်နေမိသည်။

"ဆရာ ဒီမှာကြည့်ပါဦး၊ ကောင်မလေး သေတဲ့သတင်း အင်တာနက် ပေါ်ရောက်နေပြီ"

ဘေးမှလက်ထောက်ဖြစ်သူ ကျော်စိုး လာပြသည်ကို ကြည့်လိုက်ရာ. . .

"ဟင်!. . "

သင့်မြတ် သေဆုံးမှုနှင့်ပတ်သက်ပြီး ဗီဒီယိုဖိုင်တစ်ခုနှင့် သတင်းအချက်အလက်များက မြန်ဆန်စွာပင် အင်တာနက် စာမျက်နှာပေါ် ရောက်နေတာ တွေ့လိုက်ရသည်။ မီးလောင်သွား၍ ပြင်ဆင်နေသော ဒက္ခိဏနဂါးဈေးဝယ်စင်တာကို ပြန်လည်ဖွင့်လှစ်ဖို့ ပြင်ဆင်နေချိန်မှာပဲ ဝန်ထမ်းမိန်းကလေးတစ်ယောက် ရေအိမ်ထဲမှာ သတ်သေမှု ဖြစ်ပွားခဲ့ကြောင်းကို ရေးထားသည်။ အိမ်သာထဲ ရဲများ စစ်ဆေးနေခိုက် အလောင်းအား ဖုန်းကင်မရာဖြင့် ခိုးရိုက်ထားသော ဗီဒီယိုဖိုင်ဖြစ်နေ၍ ရဲမိုးခေါင်းခဲသွားရသည်။

သေဆုံးသူ၏ အိတ်အတွင်းမှ ဖုန်းအသစ်တစ်လုံးနှင့် အရေးကြီးသတင်းအချက်အလက်များ ရှာဖွေတွေ့ရှိ၊ သတ်သေရာမှာ သို့မဟုတ် သတ်ဖြတ်သူ သုံးခဲ့သော လက်နက်ကလည်း ကုန်တိုက်က ရောင်းချမယ့် ဆောက်လုပ်ရေးလုပ်ငန်းသုံး လက်ကိုင်လွှဝိုင်းတစ်ခု ဖြစ်နေ. . . စသည်ဖြင့်ဖော်ပြထားလေရာ ဒီကဝန်ထမ်းတွေဆီက ပေါက်ကြားသလား၊ ရဲတစ်ယောက်ယောက်ကပဲ တင်လိုက်သလား ဆိုတာ သံသယဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖုန်းမြည်လာသည်။ ဦးလေး ဆက်တာဖြစ်၍. . အလောတကြီးကောက်ကိုင်ရ၏။

"ဟုတ်. . ဟုတ်. . ကျွန်တော် အခုချက်ချင်း လာလိုက်ပါ့မယ်"

ရဲမိုး. . ကျော်စိုးအား မော်နီတာများကိုစောင့်ကြည့်ဖို့ ခြေဟန်လက်ဟန်နှင့်ပြောပြီး အခန်းထဲမှထွက်လာခဲ့၏။ ကျော်စိုးက အင်တာနက်သတင်းကိုသာ ဆက်ကြည့်နေသည်။

ရဲမိုး ဓာတ်လှေကားမှထွက်ကာ အဝတ်အစားရောင်းသောကောင်တာရှေ့မှအဖြတ် ကိုယ်လုံးပြည့်မှန်ကြီးကိုတွေ့၍ အကြည့်ကထိုနေရာသို့ ရောက်သွား၏။

သို့သော် ထိုမှန်၌ ထူးခြားမှုတစ်ခုကို လှမ်းမြင်လိုက်လေရာမှန်အနားသို့ လျှောက်သွားမိသည်။ အနားရောက်မှ သေချာကြည့်တော့ မှန်ပေါ်၌ လက်ရာတစ်ခု ပေါ်နေသည်ကို တွေ့ရလေသည်။

ထိုလက်ရာကို လက်ဖြင့်ထိကြည့်သော်လည်း ပျက်မသွားဘဲ ဒီအတိုင်းရှိနေ၏။ သေချာအောင် အကျီအဝတ်စနှင့် ထပ်သုတ်သည်။ ဒါလည်း လက်ရာကမပျက်သဖြင့် ရဲမိုးလည်း အခိုက်အတန့်လေး ကြောင်သွား၏။ ကြည့်နေရင်းပင် ထိုမှန်၌ လက်ရာတွေအများကြီး ပေါ်လာလေသည်။

"ဟင်!. ."

နေ့ခင်းကြီး သရဲခြောက်သလို ခံစားလိုက်ရသဖြင့်. . ရဲမိုး ကြက်သီးမွေးညှင်းများ ထောင်ထသွားရသည်။ ထိုစဉ် မှန်ထဲမှ မြင်နေရသော နောက်ကဓာတ်လှေကားတံခါးမှာ 'ကျွီ'ခနဲ ပွင့်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com


လူပါလာသည်အထင်နှင့် ရဲမိုးလှည့်ကြည့်တော့ ဓာတ်လှေကားတံခါးက ပကတိ ငြိမ်သက်လျှက်. . ၊ ရဲမိုးလည်း ထိုနေရာတွင် မနေရဲတော့ဘဲ ဦးလေးရုံးခန်းသို့ ခပ်သွက်သွက် လျှောက်လိုက်ရတော့သည်။

ထိုအချိန်တွင် အဝတ်လဲခန်းမှ ဇင်အောင် အရပ်ဝတ်နှင့် ပြန်ထွက်သွားတာ မော်နီတာတွင် ပေါ်လာလေ၏။ ဒါကို ကျော်စိုး မမြင်မိလိုက်။

ဇင်အောင် ထွက်လာပြီး. . စတိုခန်းထဲ ဝင်သွားပြန်သည်။ အခန်းထဲတွင် ဘယ်သူမှမရှိ၊ ဇင်အောင် သံဗီရိုရှည်တစ်လုံးကို ဖွင့်လိုက်သည်။ ဗီရိုထဲမှ စာရွက်လိပ်တစ်လိပ်ကို ထုတ်ယူကာ သူ့လက်ဆွဲအိတ်သို့ ပြောင်းထည့်သည်။

ထိုစဉ် ကပ်လျှက်အခန်းမှ ခြေသံ၊ တံခါးဖွင့်သံနှင့် မိန်းကလေးတစ်ယောက်၏ သီချင်းညည်းသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ထိုအခန်းက အမျိုးသမီး အဝတ်လဲခန်းမှန်း ဇင်အောင် သိသည်။ သို့နှင့်. . ဇင်အောင် မပြန်သေးဘဲ လက်ဆွဲအိတ်ကို အသာချကာ နံရံဘေးကပ်ထောင်ထားသော လှေကားပေါ် တက်လိုက်သည်။

ထို့နောက်. . လေစုပ်ပန်ကာပေါက်မှတဆင့် ဇင်အောင် ခက်ခက်ခဲခဲ ခေါင်းတိုးဝင်ကာ ချောင်းလေတော့သည်။ အမျိုးသမီး အဝတ်လဲခန်းကို အပေါ်စီးမှ မြင်နေရ၏။ ဇင်အောင် တံတွေးတဂွတ်ဂွတ် မျိုချကာ မျက်တောင်မခတ် ကြည့်နေမိသည်။

ထိုစဉ် သူရှိရာစတိုခန်းထဲသို့ အမျိုးသမီးသဏ္ဌာန် အရိပ်မည်းတစ်ခု လမ်းလျှောက်လှုပ်ရှားခြင်း မရှိဘဲ အလိုလိုရွေ့လျား တိုးဝင်လာသည်။ အာရုံများနေသော ဇင်အောင် ဒါကိုသတိမပြုမိ


www.burmeseclassic.com

www.burmeseclassic.com



လိုက်။ ရှေ့ကမြင်ကွင်းကို အာရုံစိုက်နေရင်း အားပါသွား၍ လှေကား မှ ခြေတစ်ဖက်ချော်ကျသွားသည်။

"ဝုန်း!. . "

လက်တွေက မျက်နှာကျက်ဘောင်ကို အားပြုကိုင်ထား၍ သာ ပြုတ်ကျမသွားခြင်းဖြစ်၏။

ထိုအသံကြောင့် တစ်ဖက်ခန်းမှ ကောင်မလေးလည်း အ ဝတ်အမြန်လဲကာ အခန်းထဲကထွက်သွားလေသည်။

တံခါးပိတ်သံနှင့်ခြေသံတွေ ပျောက်သွားမှ လှေကားထက် က ဇင်အောင် ဆင်းလာခဲ့သည်။ အောက်ရောက်တော့ သူ့လက်ဆွဲ အိတ်ကိုမတွေ့၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ဒီလှေကားရင်းမှာ မှတ်မှတ်ရရ ချထားခဲ့တာ အသေအချာ၊ သူတက်ခြောင်းနေတုန်း တစ်ယောက်ယောက် ဝင်လာသလားတွေးပြီး. . အတော် စိတ်ဒုက္ခ ရောက်သွားသည်။

အခန်းထဲ လှည့်ပတ်ရှာကြည့်တော့မှ အခန်းအပေါက်ဝထိ ရောက်နေသော သူ့လက်ဆွဲအိတ်ကို တွေ့ရသည်။ အထားများတာပဲ အထင်နှင့် အိတ်ဆွဲကာ ထွက်လာလိုက်သည်။

ဓာတ်လှေကားဖြင့် ဆင်းလာခဲ့သည်။ လေးဖက်လေးတန် စတီးပြားများ တပ်ဆင်ထားသော ဓာတ်လှေကားအိမ်ထဲရောက်မှပဲ စိတ်အမောတွေကို သက်ပြင်းနှင့်ဖြေနေရသည်။ ပြောင်လက်နေ သော စတီးပြားတွေက မှန်ကဲ့သို့ပင် ကြည်လင်တောက်ပကာ ပုံရိပ် ထင်နေ၏။

ဇင်အောင် စတီးပြားမှ သူ့ပုံရိပ်သူပြန်ကြည့်ကာ ခေါင်းသင် လိုက် မျက်နှာကိုပွတ်သပ်လိုက်နှင့် လုပ်နေသေး၏။ ထိုအခါ ဓာတ်လှေ



www.burmeseclassic.com

www.burmeseclassic.com



ခါးမီး ဖလပ်ဖလပ် ဖြစ်သွားကာ ပြန်လင်းလာ၏။ ဓာတ်လှေကားအ
တွင်း အလင်းရောင်ပုံမှန်ပြန်ဖြစ်သွားမှ ထူးခြားနေတာကို ဇင်အော
သတိပြုမိသွားသည်။

သူ့ရှေ့တည့်တည့် စတီးပြားပေါ် ရှိ သူ့ပုံရိပ်က သူ့ကိုကျေ
ပေး၍ ရပ်နေလေသည်။ ကျောပေးနေသော သူ့ပုံရိပ် တဖြည်းဖြည်
လှည့်လာလေသောအခါ. .

"အ!. . အား!. . သရဲ. . သရဲ"

ထိုအခိုက် မီးပျက်သွားကာ ဓာတ်လှေကားပါ ရပ်သွား၏

"အား!!. ."

ဒီတစ်ခါ. . ဇင်အောင်၏အော်သံက ငယ်သံပါ ပါသွားလေ
တော့သည်။

ရဲမိုး ကင်မရာအခန်းသို့ ပြန်ရောက်လာသော်လည်း.
ကျော်စိုးက အင်တာနက်အကြည့်မပျက်။ ရဲမိုး စိတ်တိုသွားသည်

"ဟေ့ကောင်. . ကျော်စိုး မင်းအလုပ်လုပ်မှာလား၊ ဖွန်လု
မှာလား. . ."

ထိုသို့ပြောပြီး မော်နီတာလှမ်းကြည့်တော့ ဓာတ်လှေကာ
ကင်မရာမှမြင်ကွင်းကို မြင်လိုက်သည်တွင်. .

"ဟာ!. . . ဇင်. . ဇင်အောင်"

ရဲမိုးထံမှ အာမေဋိတ်သံကြားမှ ကျော်စိုး ခေါင်းထောင်လ
ပြီး လှမ်းကြည့်လေသည်။ ဓာတ်လှေကားအတွင်း သေဆုံးနေသေ
ဇင်အောင်ကိုတွေ့မှ ဝုန်းခနဲထရပ်ကာ နှစ်ယောက်သား အခန်းထ
ဒရောသောပါး ပြေးထွက်ကြသည်။

သူတို့ မြေညီထပ်ဓာတ်လှေကားဆီ အလျင်အမြန် ဇ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့ကြ၏။ ရောက်သည်နှင့် ဇင်အောင်အား စစ်ဆေးကြည့်သည်။ ဇင်အောင်မှာ လျှာထွက်နေပြီး လည်ပင်းညှစ်ခံထားရပုံပေါ်၏. . ။ လည်ပင်းတွင်လည်း အညိုအမည်းများစွဲလျက်. . ။ သေချာအောင် လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကာ သွေးတိုးနှုန်း စမ်းကြည့်သည်။ သွေးခုန်မှု လုံးဝမရှိတော့သဖြင့် ကျော်စိုးအား ခေါင်းယမ်းပြလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

တောမီးပမာ ပျံ့နှံ့သွားသော ထိုသတင်းကြောင့် ကုန်တိုက်ရှေ့တွင် ရုံးစုရုံးစုဖြစ်နေကြသည်။ သတင်းသမား ဂျာနယ်လစ်တွေ၊ မီဒီယာတွေလည်း ခြေချင်းလိမ်နေသည်။ ဦးသောင်းစိန်လည်း အရေးပေါ် ရှယ်ယာရှင် အစည်းအဝေးခေါ်ယူကာ အခြေအနေကို ဖြေရှင်းဖို့ ကြိုးစားနေရ၏။ ထိုအစည်းဝေးခန်းထဲ ရဲမိုးတို့ လုံခြုံရေး အဖွဲ့လည်း အသင့်ရှိနေကြသည်။

"ကြွရောက်လာကြတဲ့ မိတ်ဆွေအပေါင်းခင်ဗျား ဘာမှပူပင်



www.burmeseclassic.com

www.burmeseclassic.com


သောက မဖြစ်ကြဖို့ ကျွန်တော်ဦးစွာပြောလိုပါတယ်၊ အခု ရဲတပ်ဖွဲ့ ကလည်း အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်နေပြီ ဖြစ်ပါတယ်၊ ခုရက်ပိုင်းတွင်းဖြစ်ခဲ့တဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး ဖြေရှင်းဖို့ ကြိုးစားစုံစမ်းနေကြပါပြီ၊ ကျွန်တော်တို့ ကုန်တိုက်ကိုလည်း အမြန်ဆုံး ပြန်ဖွင့်နိုင်တော့မှာပါ. ."

"မနှစ်က မီးလောင်ခံရလို့ ဒုက္ခိတဖြစ်သွားတဲ့သူတွေ အတွက်ရော ဘယ်လိုဖြေရှင်းပေးမှာလဲ"

"ပြေလည်အောင် မရှင်းသေးဘဲနဲ့ ကုန်တိုက်ကိုပြန်ဖွင့်မလို့ လား. .၊ လူတွေထပ်သေအောင် လုပ်နေတာနဲ့ အတူတူပဲ"

ဘယ်ကဘယ်လိုဝင်လာမှန်းမသိသော သတင်းသမား နှစ်ယောက်က အစည်းဝေးခန်းဝင်ပေါက်ဝမှ လှမ်းအော်ကာ မေးနေကြသည်။ ဦးသောင်းစိန် မျက်နှာပျက်သွားကာ. . .

"ဟေ့ အဲဒီကောင်တွေကို ဘယ်သူဝင်ခွင့်ပေးလိုက်တာလဲ"

ဦးသောင်းစိန်အကြည့်က ရဲမိုးထံ ဝေ့ဝဲလာသည်။

"လုံခြုံရေးတွေ ဘာလုပ်နေတာလဲ. . ."

တိုက်ရိုက်အမိန့်ပေးလာသည်မို့ ရဲမိုးတို့ လှုပ်ရှားရတော့၏။ ဝင်ပေါက်ဆီသွားကာ မီဒီယာသမားများကို တောင်းပန်ပြောဆိုတွန်းထုတ်ကြသည်။ သတင်းသမားတွေက မလျှော့. . .

"လူတွေတစ်ယောက်ပြီးတစ်ယောက် သေနေတာ. . ဘာကြောင့် အလျင်စလိုဖွင့်ဖို့ စီစဉ်နေတာလဲ"

"မသိဘူးဗျာ. . သွားပါတော့. .၊ ကျွန်တော်တို့ မီဒီယာတွေကို ဖိတ်မထားပါဘူး"

ဦးသောင်းစိန်က ဆက်ရှင်းပြနေသလို ရဲမိုးတို့လည်း အ


www.burmeseclassic.com

www.burmeseclassic.com


တင်းတားဆီးနေရသည်။

"မီးလောင်ခံရသူတွေကို. . လျော်ကြေးထပ်ပေးဖို့ ကိစ္စကလည်း တောင်းဆိုတဲ့ပမာဏကို အသေးစိတ်လေ့လာစုံစမ်းပြီးမှ စဉ်းစားဆုံးဖြတ်မှာပါ။ ရဲကလည်း ဒီမီးလောင်မှုကို စုံစမ်းနေဆဲပါ။ ဒါဟာ မတော်တဆမှုပဲလားဆိုတာ သေချာအောင် စုံစမ်းနေကြပါတယ်"

"ဘယ်နှနှစ်တောင် ဆက်စုံစမ်းနေအုံးမှာလဲ"

"ထွက်ပေးကြပါဗျာ. . ."

"အခု နှစ်ယောက်ရှိပြီ ထပ်သေတာ၊ မတော်တဆပဲလား"

ဘယ်လိုပဲတားတား မီဒီယာသမားတွေက ခေါင်းမာနေ၏။

"ဒါ လူသတ်မှုလည်း ဖြစ်နိုင်တာပဲ"

ဂျာနယ်လစ်တွေက မေးခွန်းများနှင့်ပစ်ပေါက်နေကြစဉ်. .

"အထူးစုံစမ်းရေး SP ကပါ"

လူတစ်ယောက် တခြားဝင်ပေါက်မှ အတင်းတိုးဝင်လာကာ ပြောလိုက်ခြင်းဖြစ်၏။ ယူနီဖောင်းကြောင့် ဘယ်သူမှ မတားရဲကြတော့၊ ရဲမိုး လှည့်အကြည့်မှာ သီဟကိုတွေ့လိုက်ရ၍ အံ့ဩသွား၏။

"ဒုရဲအုပ်သီဟပါ"

သူ့ကိုယ်သူမိတ်ဆက်လိုက်သောရဲကြောင့် ရဲမိုးတို့လည်း သတင်းထောက်တွေကို တားမရတော့၊ အခန်းထဲ အတင်းတိုးဝင်လာကာ. . .

"ရဲအရာရှိကြီးခင်ဗျား၊ ခုဖြစ်စဉ်ကိုရော လူသတ်မှုလို့ ယူဆပါသလား"

ဂျာနယ်လစ်က သီဟအား လှမ်းမေးသည်။

"ပထမအမှုကတော့ ကိုယ့်ဘာသာ သတ်သေတယ်လို့ ယူ


www.burmeseclassic.com

www.burmeseclassic.com



ဆလို့ရပါတယ်၊ သေသူအမျိုးသမီးဟာ သူ့ရဲ့ညာလက်ကို အသုံးပြုပြီး လည်ပင်းကိုလှီးဖြတ်ခဲ့တာပါ. . ဒီလိုမျိုးပေါ့. . ”

သီဟက ဘောပင်တစ်ချောင်း ကိုင်ထားရင်း သူ့လည်ပင်းကို လှီးလိုက်သည့်ပုံအား သရုပ်ပြနေသေးသည်။

“ဒါပေမဲ့ သေဆုံးသူအမျိုးသမီးရဲ့ လည်ပင်းလှီးဖြတ်ခံရတာဟာ တခြားနည်းလမ်း၊ တခြားပယောဂကြောင့်လည်း ဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ ဒီလိုစဉ်းစားကြည့်ရအောင်. . ၊ ပြစ်မှုကျူးလွန်သူဟာ ဘယ်ဘက်နဲ့ လက်နက်ကိုကိုင်ပြီး အမျိုးသမီးကို သတ်ခဲ့တာလဲ ဖြစ်နိုင်တယ်၊ ဒီအမှုနှစ်ခုမှာ တူညီချက်ကို သုံးသပ်ရရင်. . . လူသတ်မှုလို့ ယူဆလို့ရပါတယ်၊ ဒီလိုလူသတ်မှု ကျူးလွန်ဖို့အတွက် အကြောင်းအရင်းက ဘာလဲဆိုတာ သိဖို့လိုပါတယ်”

သီဟ ပြောနေသည်ကို ဦးသောင်းစိန်အပါအဝင် အားလုံး စိတ်ဝင်တစား နားထောင်နေကြ၏။ ရဲတွေ သူ့ပိုင်နက်မှာ လာရှုပ်နေတာကို ဘဝင်မကျသော ဦးသောင်းစိန်က. . .

“ဆက်ပြောပါဦး. . ”

“အင်း. . လူသတ်မှုဖြစ်ရတဲ့ အခြေခံအကြောင်းက. . မီးလောင်မှု၊ လျှော်ကြေးကိစ္စ မကျေလည်မှုတွေနဲ့လည်း ဆိုင်နေမယ်လို့ ထင်ပါတယ်၊ အဲဒီတော့. . ဒီလူသတ်သမားကိုရှာဖို့က အချိန်ကာလ တစ်ခုအထိ ကုန်တိုက်ကို ပိတ်ထားဖို့ လိုပါလိမ့်မယ်၊ ဒီတော့မှ. . ကျွန်တော်တို့ ရှာဖို့အဆင်ပြေမှာပါ၊ ကျွန်တော့်မှာလည်း ဒီအမှုအတွက် ရှာဖွေဝရမ်း ပါလာပြီးသားပါ. . ဒါပါပဲ”

သီဟစကားကြောင့် ဦးသောင်းစိန် မျက်နှာပျက်သွားသည်။ ဒါပေမယ့် ဆူညံနေသော အသံတွေကို ထိန်းသည့်အနေနှင့်. .



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း. . အဟမ်း. . ဟုတ်ကဲ့ ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲကို ဒီမှာပဲရပ်နားလိုက်ကြရအောင် အားလုံးပြန်နိုင်ပါပြီ၊ ဝန်ထမ်းတွေလည်း အလုပ်ခွင်ဝင်ပြန်ကြပါ"

အားလုံး မကျေမနပ်နှင့် ပွစိပွစိ ဖြစ်သွားကြသည်။ ရဲမိုးတို့လည်း မီဒီယာများကို အတင်းတွန်းထုတ်ကြ၏။

လူတွေရှင်းသွားတော့ ရဲမိုး ရုံးခန်းသို့ပြန်ရန် ထွက်လာခဲ့၏။ ခန်းမကျယ်ကြီးတစ်နေရာတွင် ဦးသောင်းစိန် ရပ်စောင့်နေတာတွေ့၏။ မျက်နှာကသုန်မှုန်နေသည်မို့ အခြေအနေမကောင်းမှန်း သိသော်လည်း ရှောင်လွှဲ၍မရ. .

"မင်းအလုပ်ကို ဒီလောက်လေးတောင် မထိန်းနိုင်ဘူးလား"

"စောစောကဖြစ်ရပ်အတွက် တောင်းပန်ပါတယ်"

ရဲမိုး တောင်းပန်နေခိုက် အနားသို့ထပ်ရောက်လာသူက ဒုရဲအုပ်သီဟပင်ဖြစ်သည်။

"မင်္ဂလာပါ သူဌေး"

"မင်းကို တစ်ခါမှ ငါ မမြင်ဖူးပါဘူး. ."

ဦးသောင်းစိန် လက်ကိုနောက်ပစ်ကာ လှမ်းမေးလိုက်၏။

"ကျွန်တော် ဒီအပိုင်ကပါ"

"မင်းက ဘယ်လိုလူစွမ်းကောင်းမျိုးလဲ၊ လူသတ်မှု. . ဟုတ်လား၊ ဒါဆို တစ်ယောက်ယောက်ကတော့ ငါတို့ကုန်တိုက် ဖွင့်လို့မရအောင် လိုက်နှောင့်ယှက်နေပြီနဲ့တူတယ်"

"စုံစမ်းစစ်ဆေးမှုက မပြီးသေးပါဘူး၊ အဲ. . ဒါပေမဲ့. ."

ဒုရဲအုပ်သီဟက မှတ်စုစာအုပ်ကြားမှ စာရွက်တစ်ရွက်ထုတ်ပြီး ဦးသောင်းစိန်အား လှမ်းပေးရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးတော့ လက်ခံထားရင်ကောင်းမယ်"

ထိုစာရွက်ကိုငုံ့ကြည့်ပြီး ဦးသောင်းစိန် စိတ်တိုသွားပုံရသည်။

"ငါ ဘယ်လိုမှ လက်မခံနိုင်ဘူး"

ဦးသောင်းစိန် စာရွက်ကိုမယူဘဲ လှည့်ထွက်သွား၏။ ရဲမိုးလည်း သီဟာနှင့်စကားမပြောချင်သဖြင့် ဦးလေးနောက်သို့ လိုက်ဖို့ ခြေလှမ်းပြင်သည်။ သို့သော် သီဟာက စကားစ၏။

"ဘယ်လိုလဲ ရဲမိုး၊ ခုတလော အဆင်ပြေရဲ့လား၊ ဒုရဲအုပ် မဟုတ်တော့တဲ့ လုံခြုံရေးမှူးဘဝနဲ့လေ. ."

"ဒီလိုပါပဲ၊ မင်းနဲ့မတွေ့တာ အတော်ကြာသွားပြီနော်"

ရဲမိုး ပြန်လှည့်ကာ ပြောလိုက်၏။

"ဒါနဲ့ မင်း ဒီမှာစုံစမ်းတာကြာမှာလား၊ ဘယ်တော့ပြီးမှာလဲ"

"မင်းသိခွင့်မရှိတော့တာ ငါစိတ်မကောင်းပါဘူး ရဲမိုးရာ"

ထိုသို့ပြောပြီး သီဟာက ရဲမိုးလက်ကိုဆွဲယူကာ ဦးသောင်းစိန် ယူမသွားသော စာရွက်ကိုထည့်ပေးလိုက်သည်။

"ရော့. . ဒီစာကို မင်းရဲ့ဦးလက်ထဲ ထည့်ပေးခဲ့မယ်နော်"

စာအိတ်ကိုကြည့်လိုက်သည်နှင့် ကုန်တိုက်အတွင်း နေရာ မရွေး ရှာဖွေပိုင်ခွင့် ဝရမ်းစာရွက်မှန်း ရဲမိုးသိလိုက်သည်။ သီဟာက လှည့်ထွက်သွားရင်း အဆောက်အဦးအတွင်း ဝေ့ဝဲကြည့်ကာ. .

"အတော် အကုန်ကျခံဆောက်ထားတာပဲ"

ချီးမွမ်းသလိုလို ရွဲ့သလိုလိုပြောပြီး ရပ်ထားသော စက်လှေကားမှ အောက်ဆင်းသွားလေသည်။ သီဟာကိုလှမ်းကြည့်ရင်း ကောင်တာမှန်ထဲမှ မိန်းမတစ်ယောက် သူ့နောက်နားတွင် ရပ်နေသည်ကို တွေ့လိုက်ရ၍. . ရဲမိုး ဖြတ်ခနဲ နောက်လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့နောက်တွင် ဘယ်သူ့ကိုမှမတွေ့ရ။ ဇဝေဇဝါနှင့် ကောင်တာမှန်ဆီ ပြန်အကြည့်တွင် မှန်ထဲမှပုံရိပ် ရိပ်ခနဲ ပျောက်သွားသည်ကိုသာ မြင်လိုက်ရသည်။ ရဲမိုး နားမလည်နိုင်အောင် ဖြစ်နေ၏။ သေသေချာချာသိချင်၍ နေရာအနှံ့ ပြေးရှာကြည့်သည်။

မျက်စိတဆုံး မြင်ကွင်းတွင် လူရိပ်လူယောင် လုံးဝမရှိ၊ ရဲမိုး ခေါင်းကုတ်ကာ သူ့အခန်းသို့ ပြန်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

ရဲမိုးတို့ လုံခြုံရေးအုပ်စု နေ့လည်စာစားနေစဉ် သီဟအပါအဝင် ရဲလေးယောက် အခန်းထဲဝင်လာကြ၏။ ဖိုင်တွေ၊ ဂျပ်ပုံးတွေ၊ သောက်ရေသန့်ဘူးတွေနှင့်မို့ ယာယီစခန်းချမည့်ပုံစံ ဖြစ်နေသည်။ ရဲမိုး တင်းသွားကာ စားနေရာကထသွားပြီး သီဟနှင့်မျက်နှာချင်းဆိုင်လိုက်သည်။

“သီဟ. . အခု မင်းဘာလုပ်နေသလဲဆိုတာ မင်းကိုယ်မင်း သိတယ်နော်”

www.burmeseclassic.com

www.burmeseclassic.com



"ဦးသောင်းစိန် မင်းကိုဘာမှပြောမထားဘူးလား ရဲမိုး. . ၊ ကဲ. . ဒီနေ့ကစပြီး ဒီအခန်းဟာ တို့အဖွဲ့ရဲ့ အခန်းဖြစ်သွားပြီ၊ ရဲကြပ် အောင်နိုင် ဖိုင်တွေယူခဲ့. . ၊ မှတ်တမ်းတွေ အကုန်စစ်မယ်"

သီဟက ရဲမိုးအား အရေးမစိုက်သလိုဟန်ပန်နှင့် သူ့အဖွဲ့သားတွေကို အမိန့်ပေးနေ၏။ ရဲမိုး မခံချိမခံသာ ဖြစ်နေသော်လည်း ဘာမှကန့်ကွက်၍မရ. . ။

"ကဲ. . အားလုံးထွက်ပေးကြပါ"

ရဲတွေက သူတို့အဖွဲ့အား နှင်ထုတ်နေသည်။ ရဲမိုး သူ့အလုပ်ခွင်ကို သိမ်းပိုက်ခံရသဖြင့် စိတ်တိုသွား၏။ ထိုစဉ် မော်နီတာတစ်ခု၌ ဓာတ်လှေကားစောင့်နေသော ဦးလေးကို တွေ့လိုက်သဖြင့် ရဲမိုး အောက်ထပ်သို့ ပြေးဆင်းသွားကာ ဓာတ်လှေကား၌ စောင့်နေလိုက်သည်။

ဓာတ်လှေကားထဲမှ ဦးလေးနှင့် အတူလိုက်ထွက်လာသော မန်နေဂျင်းဦးခွန်မှိုင်း ဆိုသူကို တွေ့လိုက်ရသဖြင့် ပြောဖို့စကားတွေ နှုတ်ဆိတ်လိုက်ရသည်။ ဦးသောင်းစိန်က ရဲမိုးကို လှည့်၍ပင်မကြည့်ပဲ ဦးခွန်မှိုင်းအား. .

"ငါ မင်းကိုတော့ယုံပါတယ် ခွန်မှိုင်းရယ်၊ ဒါပေမယ့်. . ဒီမှာ ဘာတွေဖြစ်နေရတာလဲ"

"ကျွန်တော်လည်း တကယ်မသိတာပါ သူဌေး"

"ဒီကဝန်ထမ်းတွေကိုလည်း သေချာစောင့်ကြည့်ထား၊ ခုချိန်မှာ ဘယ်သူ့ကိုမှ ယုံလို့မရဘူး"

"ဟုတ်ကဲ့. . "

ဦးလေးက ပြောချင်တာတွေ စွတ်ရွတ်ပြောပြီး ကားပေါ်ကြင်



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့ကားဆီသို့ထွက်သွားလေ၏။ မန်နေဂျင်းဦးခွန်မှိုင်းက ရဲမိုးအား လှည့်ကြည့်ရင်းပြုံးပြကာ. .

"အမှုမှန်ပေါ်ဖို့အတွက်. . မင်း သေချာဦးဆောင်လုပ်ဖို့ လိုလာပြီ"

"ကျွန်တော် ဒီကိစ္စထဲမှာ မပါချင်ဘူး မန်နေဂျင်း၊ ဘာဖြစ်လို့လဲဆိုတော့. . ဒါ ရဲအလုပ်ဖြစ်နေလို့ပါ"

"မောင်ရဲမိုး မင်း ဘာလို့ လူစွမ်းလူစ ထုတ်မပြချင်ရတာလဲ၊ ဘယ်အချိန်ထိ မင်းပုန်းရှောင်နေဦးမှာလဲ၊ ဘယ်လောက်ကြာအောင် အခွံသက်သက်ဘဝမျိုးနဲ့ နေနေမှာလဲ၊ ဦးသိပါတယ် ဒီအလုပ်ဟာ မင်းနဲ့ မထိုက်တန်ဘူးဆိုတာ၊ ဒါပေမဲ့ ဒါဟာမင်းအတွက် ပြန်လည်ရှင်သန်လာဖို့ အခွင့်အရေးတစ်ခုပဲ၊ အခွင့်အရေးဆိုတာ. . ဘဝမှာ တစ်ကြိမ်တစ်ခါပဲ ရတတ်တာမျိုးနော်၊ ဖြစ်ခဲ့တာတွေအတွက် အမြဲတမ်း ပူဆွေးနောင်တရနေလို့ မရဘူး၊ ဒါကို. . မင်း ကောင်းကောင်းကျော်ဖြတ်ရမယ်"

ဦးခွန်မှိုင်းက စကားတွေတရစပ်ပြောပြီး ကားဆီထွက်သွား၏။ ကားတံခါးဖွင့်ပြီး အိတ်တလုံးဆွဲယူကာ ရဲမိုးထံ ပြန်လျှောက်လာသည်။ ထိုအိတ်နက်ကို လှမ်းပေး၍ ရဲမိုးဖွင့်ကြည့်တော့ ပစ္စတိုတစ်လက်ကိုတွေ့လေသည်။

"ဟာ!. . မန်. . မန်နေဂျင်း. . ဒါ. . ဒါက"

"ယူထားလိုက်ပါ မောင်ရဲမိုး၊ နှစ်ရက်အတွင်းမှာ ဝန်ထမ်းနှစ်ယောက် သေသွားရပြီ၊ ဘာတွေဆက်ဖြစ်လာဦးမလဲဆိုတာ မင်းလည်း ပြောနိုင်မှာမဟုတ်ဘူး၊ အားလုံး အကောင်းဆုံးဖြစ်အောင်. . မင်း လုပ်နိုင်မှာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားပြောပြီး မန်နေဂျင်းပြန်သွား၏။ ရဲမိုးခေါင်းကုတ်ရင်း ကျန်ခဲ့တော့၏။ အတန်ကြာမှ အခန်းသို့ပြန်ရင်း ဇင်အောင်သေဆုံးခဲ့သော ဓာတ်လှေကားဘက် လျှောက်လာခဲ့သည်။ လူသေထားသဖြင့် ထိုဓာတ်လှေကားအား ပလပ်စတစ်ကာပြီး အသုံးမပြုရန် ပိတ်ထားတာ တွေ့ရသည်။ ရဲမိုး ထိုပလတ်စတစ်ကိုဖယ်ပြီး သေချာစူးစမ်းကြည့်သည်။ သွေးစွန်းနေသော ကြမ်းခင်းနှင့် ခပ်မှိန်မှိန်သာ ထင်နေသော လက်ရာတစ်ခုကို ဓာတ်လှေကားနံရံတွင် တွေ့လိုက်ရသည်။ သင့်မြတ်သေဆုံးခဲ့သော ရေအိမ်ထဲမှ မှန်တွင်လည်း ထိုလက်ရာမျိုး သူမြင်ခဲ့ဖူးသည်။

ထိုစဉ် ကုန်တိုက်ကြီးတစ်ခုလုံး မီးအမှောင်ကျသွား၏။ ထုံးစံအတိုင်း မီးပျက်သွားတာပဲ ဖြစ်၏။ ခါးကြားမှ ဓာတ်မီးဆွဲထုတ်ကာ နေရာအနှံ့ လိုက်ထိုးကြည့်သည်။ တစ်နေရာအရောက် နံရံကပ်မှန်တစ်ချပ်ကို တွေ့သဖြင့် စိတ်ဝင်စားသွားကာ အနားသွားပြီး ဓာတ်မီးနှင့်ထိုးကြည့်သည်။

သူထင်သည့်အတိုင်း မှန်၌ လက်ရာတစ်ခုပေါ် နေသည်ကို တွေ့ရ၏။ ရဲမိုး ထိုနေရာကို လက်ဝါးဖြင့် ပွတ်ကြည့်လိုက်သည်။

ထိုအချိန်မှာပဲ 'ခွပ်'ဆိုသောအသံနှင့်အတူ ရဲမိုး လက်ထိလိုက်သောနေရာက ကွဲအက်သွားကာ သူ့လက်ဝါးတွင်လည်း သွေးများဖြာထွက်ပြီး ရှရာကြီးဖြစ်သွား၏။

"အား!. . "

နောက်တစ်လှမ်းဆုတ်ကာ မှန်ကို ဓာတ်မီးနှင့် ပြန်ထိုးကြည့်တော့ စောစောအက်ကွဲကြောင်းမှာ မရှိတော့ပေ။ ထိုစဉ်. . .

"အား!. . အား!. . ကျွန်မကိုကယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မီးစွဲလောင်နေသော မိန်းမတစ်ယောက် သူ့နောက်နားက ဖြတ်ပြေးသွားသည်ကို မှန်မှတဆင့် ရဲမိုးမြင်လိုက်ရသည်။ ထိုအချိန်တွင် မီးပြန်လာလေပြီ။ အရာအားလုံးက ဘာမှမဖြစ်ခဲ့သလို ပကတိအကောင်းအတိုင်း တည်ရှိနေကြသည်။ သူ့လက်လည်း အကောင်းပကတိ။

လှေကားမှဆင်းလာသော ခြေသံများကြား၍ ဓာတ်မီးပိတ်ကာ ခါးကြားထိုးလိုက်သည်။

"မီးလောင်ခံရသူတွေရဲ့ဖိုင် ရလာပါပြီ"

"ဆန္ဒပြတဲ့အထဲက ဆက်နွှယ်တဲ့သူမှန်သမျှကို စောင့်ကြည့်ထားကြ. . ."

တပ်ဖွဲ့ဝင်လေးယောက် ထွက်သွားကြ၏။ ရဲမိုး သူတို့ကိုရှောင်ပေးပြီး လှေကားတက်ဖို့ ခြေလှမ်းပြင်စဉ်. .

"ရဲမိုး နေဦး၊ မနက်ဖြန်ကျရင် ပြီးခဲ့တဲ့အပတ်က ဒီမှာ အလုပ်ဆင်းတဲ့ လူတွေအားလုံးရဲ့စာရင်းကို ငါလိုချင်တယ်"

ညာလက်က မန်နေဂျင်းပေးခဲ့သော သေနတ်အိတ်ကို ဖွက်ကိုင်ထားရင်း. . .

"အေး. . ငါ့တပည့်ကျော်စိုးကို ပေးခိုင်းလိုက်မယ်"

"ငါတို့ ဒီမှာ နေ့ရောညပါ အလုပ်လုပ်ကြမှာနော်၊ မင်းရော အိမ်မပြန်သေးဘူးလား ရဲမိုး"

"သီဟ မင်းငါ့ကို စကားပြောရင် ဆင်ဆင်ခြင်ခြင် ပြောပါ၊ မလိုအပ်ဘဲ အမေးအမြန်းမထူပါနဲ့"

ဤသို့ တုန့်ပြန်မည်ဟု မျှော်လင့်ထားဟန်မတူသော သီဟ မျက်နှာပျက်သွားသည်။ သီဟ မျက်နှာကိုစေ့စေ့ကြည့်ပြီး သူဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ခင် ရဲမိုး လှည့်ထွက်လာခဲ့သည်။

ထိုစဉ် သီဟအနားရောက်လာသော ရဲကြပ်အောင်နိုင်က ရဲမိုးကျောပြင်အား လှမ်းကြည့်ရင်း. .

"သူက ရဲတပ်ဖွဲ့ သေနတ်ပစ်ပြိုင်ပွဲတွေမှာ လေးနှစ်ဆက် ချန်ပီယံဖြစ်ခဲ့တာနော်၊ ရဲအုပ်စည်သူ သေတာနဲ့ပတ်သက်ပြီး သူ့ကို ရဲဘက်က ထုတ်လိုက်တာနော် ဆရာ"

"မှတစ်ပါး အခြားမရှိ ဆိုသလိုပေါ့၊ တန်ရာတန်ရာ နေရတာပဲလေ"

သီဟ ထိုသို့ပြောပြီး လှည့်ထွက်သွား၏။ ရဲကြပ်အောင်နိုင်လည်း သူ့ဆရာနောက် အပြေးလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

တာဝန်နားချိန်ရောက်သည်နှင့် ထုံးစံအတိုင်း သောက်နေကျဆိုင်ကို ရဲမိုးရောက်သွားသည်။ သူငယ်ချင်းဖြစ်သူ စိတ်ရောဂါဆရာဝန် နေပိုင်နှင့်အတူ သောက်ဖြစ်ကြသည်။

"ဟေ့ကောင်. . တော်တော့လေ"

"ဟာ. . ငါသောက်တာ တစ်စိတ်လောက်ပဲရှိသေးတာ"

"မင်းများနေပြီ"

"အဟဲဟဲ. . . ကျောင်းနေဘက် သူငယ်ချင်း ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဆရာဝန်ကြီးရာ ငါ့အတွက်မပူပါနဲ့. ."

"မင်း ဒီလိုပဲ သောက်နေတော့မှာလား"

"အရက်သောက်တာ ငါ့အတွက် ဘာမှားလို့လဲ. .၊ မိဘကို ထောက်ပံ့စရာမလိုဘူး၊ မိန်းမလည်း မရှိဘူး"

ရဲမိုးက အရက်ထပ်ငှဲ့ကာ အမြည်းကောက်စားရင်း အလုပ်ရှုပ်နေသည်။ နေပိုင်က ရဲမိုးအား စိတ်ပျက်လက်ပျက် ကြည့်နေသဖြင့်. .

"ဟေ့ကောင်. . ငါ မင်းလူနာမဟုတ်ဘူးနော်"

နေပိုင်က. . .

"မင်းစိတ်ဝင်စားတာ ဘာရှိလဲ. . အာရုံပြောင်းထားလိုက်ပေါ့ကွာ"

"နေ့တိုင်း သောက်နေရတာကို စိတ်ဝင်စားဆုံးပဲ နေပိုင်"

"မင်းရုပ်မင်း မှန်ထဲပြန်ကြည့်အုံး ရဲမိုး"

နေပိုင့်မှတ်ချက်က သူ့အတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်နေသည်။ ရဲမိုး လောကကြီးကို အကြီးအကျယ် စိတ်ကုန်သွား၏။ စိတ်ထွက်ပေါက်ရှာသည့်လုပ်ရပ်အဖြစ် စားပွဲကို ဖြန်းခနဲ တစ်ချက်ရိုက်လိုက်မိသည်။

ပြီးတော့ အပေါ့သွားဦးမည်ဆိုသောသဘော လုပ်ပြပြီး ရေအိမ်ဘက်သို့ ယိုင်တိယိုင်ထိုးနှင့် ရဲမိုးလျှောက်သွားလေသည်။ အပေါ့သွားရင်း ကိုယ့်ခေါင်းကိုယ် မမတ်နိုင်သလို ငိုက်ငိုက်ကျလာသည်။ ရီဝေဝေ ဦးနှောက်ထဲ၌ စည်သူ သေဆုံးရသည့်ဖြစ်စဉ်ကို ပြန်မြင်နေ၏။ ဒီအိမ်မက်ဆိုးက ဘယ်တော့များမှ နိုးထနိုင်မည်မသိ။

ငိုက်ကျလာသောခေါင်းကို မထိန်းနိုင်တော့သဖြင့် နံရံမှ



www.burmeseclassic.com

www.burmeseclassic.com



မှန်ကို ပါးနှင့်အပ်ထားလိုက်၏။ အသက်ရှူလိုက်တော့ မှန်မှာ အငွေ့ရိုက်ပြီး မှုန်မှိုင်းသွားသည်။

အပေါ်သွားပြီး၍ နံရံကိုလက်ထောက်ကာ ကိုယ်ကိုပြန်မတ်လိုက်သည်။ အာငွေ့ကြောင့် မှုန်နေသော မှန်သားပြင်နေရာတွင်. . ပုံရိပ်တစ်ခုက အတိအကျပေါ်နေသည်။

မှူးမှူးနှင့် သူ့ရုပ်သူပြန်အကြည့် မိန်းမတစ်ယောက် မျက်နှာကြီးကို တွေ့လိုက်ရ၍ အမှူးပင်ပြေသွား၏။

"ဟင်!. . "

ရဲမိုး အလန့်တကြား နောက်ဆုတ်မိ၏။ စောစောက မိန်းမမရှိတော့သော်လည်း. . အာငွေ့ကြောင့် မှုန်ဝါးနေသောနေရာ၌. . (၈၀၅)ဟု မှန်အတွင်းဘက်မှ ရေးလိုက်သလို ပေါ်လာသည်။

ထိုနံပါတ် မှုန်ဝါးပျောက်ကွယ်သွားချိန်တွင် ကိုယ့်စိတ်ကိုယ် ထိန်းရင်း ဒယိမ်းဒယိုင် ရေအိမ်ထဲမှပြန်ထွက်လာခဲ့သည်။ စားပွဲသို့ ပြန်ရောက်သောအခါ နေပိုင်က ရဲမိုးအား တရားရှည်ကြီးတစ်ပုဒ် ဟောရန် အစပျိုးလေတော့၏။

ထိုအချိန်တွင်. . ကုန်တိုက်၏ လုံခြုံရေးကင်မရာအခန်းကို သိမ်းပိုက်ထားသော သီဟတို့အဖွဲ့မှာ အလုပ်လုပ်နေကြဆဲဖြစ်သည်။

သီဟနှင့် အောင်နိုင်က ဇင်အောင်သေဆုံးစဉ်က ဓာတ်လှေကားအတွင်း ဗီဒီယိုမှတ်တမ်းကို ပြန်ကြည့်နေသည်။

"တော်တော်တော့ ထူးဆန်းတယ်နော်. . ဇင်အောင်ဆိုတဲ့ လူ မသေခင်အချိန်လေးမှာမှ ကင်မရာက ဘာမှမပေါ်တော့တာ. . ကင်မရာပြန်ပေါ်လာတော့ ဒီလူသေနေပြီ"

"ဟုတ်တယ် ဆရာ၊ တယောက်ယောက်များ ပြောထားသ



www.burmeseclassic.com

www.burmeseclassic.com


လားမသိဘူး"

"သေသူဘေးက အိတ်ထဲမှာ ဘာထူးခြားတာတွေ့လဲ"

"ကျွန်တော် စစ်ကြည့်လိုက်မယ် ဆရာ"

အောင်နိုင် မှတ်တမ်းတွေပြန်ရှာနေခိုက်. . . သီဟက ဇင်အောင် သေဆုံးနေသော အနေအထားကို သေချာကြည့်ကာ လေးလေးနက်နက် စဉ်းစားနေ၏။

"ဆရာ. . ဒီမှာ"

အောင်နိုင်လှမ်းပေးသော စာရွက်လိပ်အရှည်ကို သီဟ ဖြန့်ကြည့်လိုက်သည်။

"ဒါ ဒီကုန်တိုက်ရဲ့ အဆောက်အဦးဒီဇိုင်းပဲ၊ အခန်းဖွဲ့စည်းပုံတွေ အကုန်ပါတာပဲ"

"မဟုတ်မှလွဲရော ဒီနေရာမှာ ကြောက်စရာကောင်းတဲ့ တစ်ခုခုတော့ ရှိနေပြီထင်တယ် ဆရာ၊ ညဂျူတီကျတဲ့ လုံခြုံရေးတွေက တော့ပြောတယ်၊ ဒီမှာ သရဲအရမ်းခြောက်တာပဲတဲ့"

"ဟေ့ကောင်. . အောင်ခိုင်"

"ဟုတ်"

"မင်း ငါ့ကို လာခြောက်နေတာလား၊ ဘယ်အမှုမဆို ကျူးလွန်သူဆိုတာ ရှိစမြဲပဲ၊ အဲဒီရာဇဝတ်ကောင်ကို ငါသေချာပေါက် ဖမ်းပြမယ်"

လေသံကပြတ်သလို သီဟ အံကြိတ်ထားသဖြင့် မေးကြောလည်း ထောင်ထနေ၏။

ပြီးတော့. . ဇင်အောင်သေနေတာကို အကြိမ်ကြိမ်ရိုက်ပြီး သဲလွန်စ တွေ့အောင်ရှာနေသည်။


www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်လည်း ဘာမှမပြောရဲတော့‥ ။ တခြားကင်မရာများမှ မသင်္ကာသူ တွေ့လေမလား စိတ်ကူးနှင့် မပျင်းမရိ ထိုင်ကြည့်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ကျောင်းတိုက်သို့ ရဲမိုးစောစီးစွာပင် ရောက်နေ၏။ နာရီဝက်လောက်ကြာမှ ဝန်ထမ်းတွေ တဖွဲဖွဲရောက်လာကြသည်။ ထိုစဉ် သီဟ ဝင်ပေါက်မှဝင်လာတာမြင်လိုက်၍. . .

"သီဟ. . သီဟ. ."

ခေါ်သံကြောင့် သီဟ လှည့်မကြည့်သော်လည်း. . . လမ်းလျှောက်နှုန်းကို လျှော့ချလိုက်သည်။ ရဲမိုး နှစ်လှမ်းသုံးလှမ်းခက်ပြေး၍ ဘေးချင်းယှဉ်လိုက်လာခဲ့ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"မှန်တွေရှေ့မှာပဲ လူနှစ်ယောက် အသက်ပျောက်ခဲ့ရပြီးပြီ သီဟ၊ သူတို့နှစ်ယောက် သေပုံခြင်းကလည်း သွားဆင်နေတယ်. . ၊ ဒါကြောင့် ထူးဆန်းနေတယ်လို့ မင်း မထင်မိဘူးလား"

ရဲမိုးပြောအပြီးတွင် သီဟက ဓာတ်လှေကားရှေ့တွင် ခြေစုံရပ်လိုက်သည်။

"ဒါဆို သရဲက မှန်ထဲကထွက်လာပြီး သူတို့ကို သတ်လိုက်တယ်လို့ မင်းထင်နေတာပေါ့"

"သရဲ မဟုတ်ဘူးဆိုရင် တခြားတရားခံရှိတယ်လို့ မင်း သက်သေပြနိုင်သလား သီဟ"

ထိုစဉ် ဓာတ်လှေကား တံခါးပွင့်သွားသဖြင့် သီဟ အထဲဝင်လေရာ ရဲမိုးပါ လိုက်ဝင်ခဲ့၏။

"အခု ငါသိချင်နေတာက စာရင်းစစ်ဝေဖြိုး ဆိုတဲ့သူပဲ၊ သူက ဇင်အောင်ဆုံးပြီး နောက်နေ့မှာ ခွင့်ယူသွားတာ၊ ဒီနေ့မှရုံးပြန်တက်မှာလေ၊ မီးလောင်သေသွားတဲ့ ကောင်မလေးကလည်း စာရင်းစစ်ပဲ၊ သူတို့က အတူတူတွဲလုပ်ကြတာ၊ သူ့နာမည်က ခရေတဲ့. ."

"မီးလောင်ပြီးသေတာ အဲဒီမိန်းကလေး တစ်ယောက်တည်းပေါ့"

"အေး. . ဟုတ်တယ်"

ရဲမိုးအမေးကို သီဟဖြေလိုက်၏။ ဓာတ်လှေကားမှ ထွက်ခဲ့ကြပြီး သီဟ ရုံးခန်းတစ်ခုအတွင်း ဝင်သွားလေသည်။ အထဲမှဝန်ထမ်းများအား လှမ်းမေး၏။

"စာရင်းစစ် ကိုဝေဖြိုး ရှိလား"

"ရှင်!. . . ကိုဝေဖြိုးလား၊ အခုပဲ ဘဏ်ကိုသွားမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com


အောက်ဆင်းသွားလေရဲ့၊ ကားပါကင်မှာပဲ ရှိလိမ့်ဦးမယ်"

"ကျေးဇူးပါပဲ. . ."

သီဟ လှည့်ထွက်လာသည်။ သူတို့ပြောဆိုသမျှ ရဲမိုးလည်း ကြားလိုက်သဖြင့် ကားပါကင်ဆီသို့ လိုက်ဆင်းလာခဲ့သည်။

ထိုအချိန်တွင် ဝေဖြိုးမှာ ကားထဲထိုင်ရင်း. . တစ်ယောက်ယောက်အား ဖုန်းနှင့် ဒေါသတကြီးပြောဆိုနေ၏။

"ခင်ဗျားကြောင့်. .၊ ခင်ဗျားကိုကူညီခဲ့လို့ လူနှစ်ယောက် သေသွားပြီ၊ ကျုပ်လည်း အိမ်ထဲက အိမ်ပြင်မထွက်ရဲအောင် ဖြစ်နေပြီဗျ၊ ကျုပ်မသေချင်သေးဘူး၊ ကျုပ်ကိုကယ်ဦး. . ဟလို. . ဟလို"

တဖက်မှ ဖုန်းချသွား၏။ ဝေဖြိုး ဒေါသဖြစ်ဖြစ်နှင့် ဖုန်းကို ဘေးခုံပေါ် ပစ်တင်လိုက်၏။ ဘာဆက်လုပ်ရမှန်း မသိတော့အောင် စိုးရိမ်နေသည်။ စကတည်းက မကူညီခဲ့ရင် အကောင်းသားဟုလည်း နောင်တရနေ၏။ ဝေဖြိုး စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုတ်နေစဉ်. .

"ဂျောက်. ."ခနဲအသံထွက်လာပြီး ကားတံခါးသော့(ခ်) ကျသွားလေသည်။ တကိုယ်လုံး ကြက်သီးထသွားပြီး ကားထဲမှ နောက်ကြည့်မှန်ဆီ အကြည့်ကရောက်သွား၏။

"ဟင်!. ."

နောက်ခုံတွင် မိန်းမတစ်ယောက် ထိုင်နေတာကို လှမ်းမြင်လိုက်သည်။ နောက်လှည့်ကြည့်တော့ ထိုမိန်းမ ကားထဲတကယ်မရှိ။

ဘေးတံခါးကို ဖွင့်ကြည့်သည်။ လုံးဝဖွင့်လို့မရ၊ ဝေဖြိုး စိတ်တွေချောက်ချားလာကာ ဘောင်းဘီအိတ်ထဲမှ ကားသော့ထုတ်ကာ စက်နှိုးဖို့ကြိုးစားသည်။ အလောတကြီးဖြစ်နေ၍. . သော့ပေါက်ထဲ တန်းမဝင်ဘဲ အောက်ပြုတ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com


"တောက်!. . အရေးထဲ"

ဝေဖြိုး ကားသော့ကို ကုန်းကောက်သည်။ စတီယာရင်ခံနေ၍ ကုန်းမရကွမရဘဲ လက်လှမ်းမမီဖြစ်နေ၏။ ကားမှန်ကို လက်တစ်ဖက်ထောက်၍ စတီယာရင်ကိုလွတ်အောင်ရှောင်ရင်း ကုန်းနှိုက်ပြန်သည်။

ထိုစဉ်မှာပင် မှန်ကိုထောက်ထားသော ဝေဖြိုးလက်ပေါ်သို့ မှန်ထဲမှ လက်ချောင်းများထွက်လာကာ ဝေဖြိုး၏လက်ချောင်းများကို ဆုပ်ကိုင်ပြီး လှန်ချိုးလိုက်လေတော့သည်။

"ဂျွတ်!. ."

"အား!. . အား!. ."

ထို့နောက်. . ကားမှန်ထဲမှ ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်၏ ဦးခေါင်းကြီး ထိုးထွက်လာချိန်တွင်တော့ ဝေဖြိုးလည်း ငယ်သံပါအောင် အော်လေတော့သည်။

သီဟတို့ရောက်လာတော့ ရဲမိုးက ဝေဖြိုး၏ကားကို ညွှန်ပြ၏။ အထဲတွင်လူမရှိ. . .။

သီဟ ကားနားကပ်သွားပြီး တံခါးမှန်မှတဆင့် အထဲကို ချောင်းကြည့်သည်။ တစ်ခုခု ထူးခြားပြီဆိုတာ ရဲမိုးရိပ်မိလိုက်သည်။ သီဟက လက်ကိုင်ပုဝါထုတ်ကာ ကားတံခါးကိုဆွဲဖွင့်လိုက်သည်။ တံခါးပွင့်သွားသည်နှင့် လက်တစ်ဖက် ထွက်ကျလာသလို ဇက်လန်ပြီး မျက်လုံးကြီးပြူးနေသော ဝေဖြိုးအလောင်းကို တွေ့လိုက်ကြရတော့၏။

သူတို့နှစ်ယောက်စလုံး တအံ့တဩဖြစ်ရသလို. . သီဟကား ကားပါကင်အတွင်း မသင်္ကာစရာတွေ့လိုတွေ့ငြား လိုက်ရှာမိနေ၏။


www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းစွာ ကားမှန်တွင် လက်ရာတစ်ခုထင်နေတာကို ရဲမိုး မြင်လိုက်ရသည်။ ရဲမိုးအထိတ်တလန့် ဖြစ်သွားကာ. . . လူသုံးယောက်အသက်ပျောက်ခဲ့သည့်နေရာတိုင်း မှန်တွင် လက်ရာများ ထင်ကျန်နေတာက တိုက်ဆိုင်မှုမဖြစ်နိုင်တော့. . .။

"ဘယ်လိုလဲ သီဟ၊ သူတစ်ယောက်ထဲရှိနေတာ အလွန်ဆုံး နှစ်မိနစ် သုံးမိနစ်ပေါ့၊ လက်စလက်နလည်း မကျန်ခဲ့ဘူး၊ တရားခံလည်း မတွေ့ရဘူး. ."

သီဟက လန်ပြီးကျိုးနေသော ဝေဖြိုး၏ လက်ချောင်းများကိုကြည့်ရင်း အတွေးနက်နေပုံရသည်။

ရဲမိုး၏ အယူအဆဖြစ်သော သရဲတစ္ဆေဆိုတာကို လက်မခံချင်သည့် သီဟတစ်ယောက် ခေါင်းခြောက်နေရပြီ။ ဆယ့်ငါးမိနစ်ခန့်အကြာတွင် ရဲကားနှင့်ဆေးရုံကားတို့ မရှေးမနှောင်းပင် ရောက်လာကြ၏။ အလုပ်တွေရှုပ်၊ လူတွေရှုပ်ကုန်သည်။

"ဒါမျိုး အရင်က မမြင်ဖူးဘူးမဟုတ်လား သီဟ"

သီဟ လုံးဝပြန်မဖြေ။ သက်ပြင်းရှိုက်ရင်း. . အလောင်းကိုရှုထောင့်စုံမှ ဓာတ်ပုံရိုက်နေသော ရဲတွေရှိရာသို့ လျှောက်သွားတော့၏။ အလောင်းကို ဓာတ်ပုံရိုက်ပြီး ကားထဲမှဆွဲထုတ်၍ အခြားဒဏ်ရာရှိမရှိ ရှာဖွေစစ်ဆေးကြသည်။ အံ့သြစရာကောင်းလောက်အောင်ပင် လက်ကျိုးပြီးသေသည့်မသာဟု မှတ်ချက်ရေးရမလိုဖြစ်နေသည်။

အတန်ကြာမှ သီဟက ရဲမိုးအား လှမ်းပြောသည်။

"ဒီပုံစံအတိုင်းဆို မင်းတို့ကုန်တိုက် ဖွင့်မယ့်ရက်ကို ထပ်နောက်ဆုတ်ရလိမ့်မယ်"

ထိုစဉ်. . ဘယ်သူက အကြောင်းကြားလိုက်သည်မသိ၊ ဦး



www.burmeseclassic.com

www.burmeseclassic.com



သောင်းစိန် ကသောကမျော ရောက်လာသည်။ သီဟက ဆက်၍. . .

"သုံးရက်ကို လူသုံးယောက်သေတယ်ဆိုတော့ ဒီအမှုတွေ တရားခံမပေါ်မချင်း ကုန်တိုက်ဖွင့်ဖို့ ခွင့်မပြုနိုင်တော့ပါဘူး"

"ဘာကွ မင်းဘာစကားပြောတာလဲ၊ ဒါစီးပွားရေးကွ၊ မင်းတို့ ရဲတွေ ပေါ့တီးပေါ့ဆလုပ်လို့ တရားခံမပေါ်တာ. . ငါနဲ့ဘာဆိုင်လဲ၊ ဖွင့်တာ တစ်ရက်နောက်ကျရင် တစ်ရက်စာ နစ်နာတယ်ကွ"

ဦးသောင်းစိန် ပေါက်ကွဲပြီး သီဟနှင့် တာဝန်ကျရဲတွေကို စည်းလွတ်ဝါးလွတ် ပြောဆိုနေ၏။ ဦးသောင်းစိန်အား ဝန်ထမ်းတွေ ဝိုင်းဖျောင်းဖျနေသည့်ကြားက. .

"အားလုံးထွက်သွား. . ဒါ ရဲစခန်းမဟုတ်ဘူးကွ"

ရဲမိုးလည်း သူဦးလေးကို လှမ်းကြည့်နေစဉ် အရေးပေါ်လှေကားထွက်ပေါက်နားမှာ မိန်းကလေးတစ်ယောက်ကို လှမ်းတွေ့လိုက်၏။ ထိုမိန်းကလေးက သူ့ကိုစူးစိုက်စွာ ကြည့်နေသဖြင့် သံသယဖြစ်သွားကာ ထိုနေရာသို့ ချက်ချင်းပြေးသွားသည်။ မိန်းကလေးက အရေးပေါ်ထွက်ပေါက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

ရဲမိုးလည်းလိုက်ဝင်ပြီး အရေးပေါ်လှေကားအတိုင်း ခတ်သွက်သွက်ပင် ပြေးတက်လာခဲ့သည်။ လှမ်းကြည့်တော့. . ပထမထပ်စင်္ကြံသို့ ချိုးဝင်သွားတာ တွေ့ရသည်။ ရဲမိုး ခြေလှမ်းကျဲကြီးများနှင့် ဆက်လိုက်ခဲ့၏။ ကော်ရစ်ဒါ အချိုးအကွေ့အလွန်တွင် ရှေ့မှလျှောက်နေသော မိန်းကလေးကို မှီလာသည်။

"ဒီမှာမိန်းကလေး"

ရဲမိုး လှမ်းအော်သံကြောင့် မိန်းကလေးခြေလှမ်းတန့်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လှည့်ကြည့်သည်။ ထိုမျက်နှာကို ရဲမိုး တစ်ခါမှ မမြင်ဖူးသေး၊ ယူနီဖေါင်းဝတ်မထားသော်လည်း ဝန်ထမ်းကတ်ကို သူမလည်ပင်း၌ ဆွဲထား၏။ ထိုမိန်းကလေးမျက်နှာက အားငယ်ညှိုးနွမ်းနေသောပုံ ပေါက်နေ၏။

ရဲမိုး အနားသို့လျှောက်သွားကာ မပြောမဆို သူမ့ လက်ဆွဲအိတ်ကို ဆွဲယူကာ ဖွင့်ကြည့်လိုက်သည်။ ဗီဒီယိုကင်မရာတစ်လုံးကို တွေ့ရ၏။

"သြော်. . မင်းက စောစောကအဖြစ်အပျက်ကို ဗီဒီယို ရိုက်ထားတယ်ပေ့ါ. . ဟုတ်လား၊ ပြောစမ်းပါဦး မင်းကို မီဒီယာတွေက ပိုက်ဆံပေးထားလို့လား"

မိန်းကလေးက ဘာမှပြန်မဖြေ၊ ရဲမိုးက သူမဆွဲထားသော ဝန်ထမ်းကတ်ကို ဖြုတ်ယူလိုက်သည်။

"မင်း ဘယ်ဌာနကလဲ"

အဖြေကို မကြားရ။ တကယ်တော့ မလိုအပ်ဘဲမေးမိခြင်း ဖြစ်သည်။ ကတ်ပြားမှာ စာရင်းစစ်ဌာနဟု ဖေါ်ပြထား၍. .

"ကဲ. . လာ. . ငါ့နောက်လိုက်ခဲ့"

ရဲမိုး ထိုကောင်မလေးအား ကျော်တက်ကာ လျှောက်လာလိုက်သည်။ ဗီဒီယိုကင်မရာ လက်ဝယ်သိမ်းဆီးရမိထားပြီမို့ ရဲမိုးအား တက်နေသည်။ ဒီသတင်းဖိုင် အင်တာနက်ပေါ်ရောက်သွားလျှင်. . ဦးလေးအတွက် ကြီးမားသောထိုးနှက်ချက်တစ်ခု ထပ်ဖြစ်သွားနိုင်သည်။ အရေးတကြီးကိစ္စတစ်ခု သတင်းမပေါက်ကြားအောင် ကာကွယ်လိုက်နိုင်၍ ရဲမိုး စိတ်သက်သာရာရနေခိုက်. . .

"ရှင် မြင်နေရတာတွေအားလုံးဟာ တကယ်မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အသံကြောင့် ရဲမိုးကြောင်သွားကာ ခြေလှမ်းတွေ ရပ်သွား၏။ နောက်သို့ တဖြည်းဖြည်းချင်း လှည့်ကြည့်တော့ ကော်ရစ်ဒါတစ်လျှောက်လုံး ရှင်းလင်းနေတာတွေ့ရ၍ ရဲမိုး မျက်လုံးပြူးရပြန်သည်။

ဝန်ထမ်းကတ်ပြားကိုလှမ်းကြည့်တော့ ဓာတ်ပုံအောက်တွင် ရေးထားသည်က. . ခရေ. . တဲ့. . ။

သူမ ဘယ်ရောက်သွားသည်မသိ၊ ခြေလှမ်းက သုံးလေးလှမ်းပဲ လှမ်းရသေးသည်မို့ ဒီလောက်မြန်မြန်ဆန်ဆန် ပျောက်သွားစရာ အကြောင်းမရှိ။ ရဲမိုး စင်္ကြံလမ်းတလျှောက် ပြေး၍ရှာသည်။

ဘယ်မှာမှမတွေ့ရ။ ရဲမိုး ခြေဖျားလက်ဖျားတွေအေးလာကာ ကြောက်စိတ်ဝင်လာသည်။

ခရေတဲ့. . မီးလောင်သေသွားတဲ့ ကောင်မလေးများလား။ သူခန့်မှန်းထားသလို ဒီလူသတ်မှုတွေက ဝိညာဉ်တွေနဲ့ ပတ်သက်နေတယ်ဆိုတာ တကယ်ဖြစ်နေပြီလား. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

ဒေါ်မိုး ကင်မရာထဲမှဗီဒီယိုကို စစ်ဆေးကြည့်ရှုနေ၏. . ။ မသင်္ကာစရာ အထောက်အထားတစ်ခုခု တွေ့လေမလားဟု ရှာနေခြင်းဖြစ်၏။ ဗီဒီယိုထဲတွင် ဈေးဝယ်စင်တာမဖွင့်သေးသဖြင့် ဝန်ထမ်းများ ပြင်ဆင်မွမ်းမံနေတာတွေကိုသာ တွေ့ရသည်။ ထိုသို့ကြည့်နေစဉ် ကိုယ်လုံးပြည့် ကြည့်မှန်တချပ်ထဲမှ အရိပ်တခုတိုးထွက်လာသည်ကို မြင်လိုက်ရသည်။

တကိုယ်လုံးအပြင်သို့အရောက် ဆံပင်ဖွားလျားနှင့် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှန်း တွေ့ရသည်။ ထို့နောက်တွင်တော့ တဖြည်းဖြည်းချင်း မှန်ထဲပြန်ဝင်သွားလေတော့သည်။

ဒါဟာ လူတော့မဖြစ်နိုင်. . သရဲသာလျှင်ဖြစ်ပေတော့မည်။ ဘာကယ့်သရဲမဆိုလျှင်. . သူ ဘာနှင့်ရင်ဆိုင်ရမည်လဲ။

ရုတ်တရက်ဆိုသလို မန်နေဂျင်း ဦးခွန်မှိုင်းပေးထားသော သေနတ်ကို သတိရမိသည်။ အလုပ်စားပွဲ အံဆွဲသော့ကိုဖွင့်၍ ထိုသေနတ်အိတ်ကို လှမ်းယူလိုက်သည်။ အိတ်ကိုဖွင့်၍ သေနတ်အား ထုတ်ယူစဉ် စည်သူ သေဆုံးရသည့်ဖြစ်စဉ်ကို ပြန်မြင်ယောင်မိသည်။ သေနတ်သံနှင့်အတူ ခေါင်းပွင့်ထွက်သွားသော စည်သူ့ပုံစံကို မြင်မိသဖြင့် သေနတ်ကိုကိုင်ရင်း တစ်ကိုယ်လုံးတုန်နေ၏။

ထို့နောက် သေနတ်ကိုသိမ်းပြီး အံဆွဲထဲ ပြန်ထည့်၍ သော့ပိတ်လိုက်သည်။ ထိုစဉ် မော်နီတာ ဖန်သားပြင်ပေါ်တွင် သူ့နောက်၌ လူတစ်ယောက် ရပ်နေတာကို မြင်မိ၏။ ရင်ထဲ ထိတ်ခနဲဖြစ်သွားကာ ချက်ချင်းလှည့်ကြည့်လိုက်သည်။

"လုံခြုံရေးမှူးကြီးက ဒီမှာကိုး၊ ကျွန်တော်က လိုက်ရှာနေတာဗျ. . "

ရဲကြပ်အောင်နိုင်က ယဉ်ယဉ်ကျေးကျေး စကားစသည်။

"ဘာများလဲ ကိုအောင်နိုင်"

"အဲ. . ဟိုဟာလေ၊ ဆုံးသွားတဲ့ ကိုဇင်အောင်ရဲ့ လက်ဆွဲအိတ်ထဲက ဒီကုန်တိုက်ရဲ့ဒီဇိုင်းစာရွက်တွေ တွေ့ရတယ် ကိုရဲမိုး. . ၊ သူ မသေခင် ဒါတွေယူလာခဲ့တာ"

အောင်နိုင်က စာရွက်လိပ်ကိုလှမ်းပေးရင်း. .

"ကျွန်တော် ဒါနဲ့ပတ်သက်ပြီး နည်းနည်း Check လုပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်ဗျာ၊ ကိုရဲမိုး သိထားတာ တစ်ခုခုများရှိမလားလို့”

ရဲမိုး စာရွက်ကို ဖြန့်ကြည့်စစ်ဆေးလိုက်၏။

“အင်း. . ဒါ အဆောက်အဦးဒီဇိုင်းပဲ၊ မနှစ်က ပင်မခန်းမဆောင်ဆောက်တုန်းက ဆွဲထားတာပဲ၊ ကိုဇင်အောင့်လက်ထဲ ဘယ်လိုလုပ်ရောက်နေတာပါလိမ့်”

“အဲဒါကို ကျွန်တော်စဉ်းစားနေတာ၊ လုံခြုံရေးဝန်ထမ်း တစ်ယောက်က ဒီ,ဒီဇိုင်းတွေနဲ့ ဘာဆိုင်လို့လဲ”

“ဟုတ်တယ်. . ဒါ နဲနဲတော့ဆန်းတယ်”

ပြောရင်း ရဲမိုး စာရွက်လိပ်ကို ပြန်ပေးလိုက်၏။ အောင်နိုင်က တလေးတစားပုံစံနှင့် သူ့ကိုပြုံးပြကာ ပြန်ထွက်သွား၏။ ဒီတော့ ရဲမိုးလည်း ပြန်ဖို့ထရသည်။ နံရံတွင် ချိတ်ထားသော ကြည့်မှန်နားသို့ အရောက် သူ့အကျင့်အတိုင်း မှန်မျက်နှာပြင်ကို အာငွေ့နှင့်မှုတ်လိုက်သည်။ မှန်သားပြင်၌ မှုန်မှိုင်းသော အကွက်တစ်ကွက် ဖြစ်သွားသည်။

အာငွေ့ကြောင့် မှုန်နေသောအကွက်ထဲ အင်္ဂလိပ်ဂဏန်း သုံးလုံး ပေါ်နေတာတွေ့သဖြင့် အလန့်တကြားဖြစ်သွား၏။ (၈၀၅) ဆိုသည့်ဂဏန်းက ထင်ထင်ရှားရှား။ ကြည့်နေရင်းမှာပင် ထိုဂဏန်းတွေ မှေးမှိန်ပျောက်ကွယ်သွားသည်။

ဘာကြောင့်မှန်မှာ ဂဏန်းတွေပေါ်လာတာလဲ၊ ဘယ်သူက ဘာတွေသိစေချင်လို့ သဲလွန်စတွေပေးနေတာလဲဆိုတာ ရဲမိုး သိချင်လာသည်။

ထိုစဉ် သီဟနှင့် အောင်နိုင်တို့လည်း ကွန်ပျူတာတစ်လုံးစီနှင့် ညဉ့်နက်သည်အထိ အလုပ်လုပ်နေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီဟက ဒက်ခွါဏာနဂါး၏ ဝန်ထမ်းစာရင်းကို အသေးစိတ် သုံးသပ်လေ့လာနေ၏။ အောင်နိုင်က လျှော်ကြေးကိစ္စ ဆန္ဒပြသူများ နှင့် ဝန်ထမ်းများ၏ဆက်စပ်မှုကို တိုက်ကြည့်နေသည်။

မသင်္ကာဖြစ်စရာ တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရသေး၊ တစ်ယောက်ပြီးတစ်ယောက် စစ်ဆေးလာခဲ့ရာ ခိုင်မြသာ အလှည့်သို့ ရောက်လာ၏။ အသက်က (၂၈)နှစ် ရာထူးက တာဝန်ခံအင်ဂျင်နီ ယာ. .၊ ထိုလူ၏အချက်အလက်များကို ဝင်ကြည့်လိုက်သည်။

ထူးဆန်းစွာပင် No Data ဟူသည့် စာတန်းသာပေါ်လာ သည်။ အချက်အလက်မတွေ့တာ ဒီတစ်ယောက်ပဲမို့ သီဟ ပို၍စိတ် ဝင်စားသွားသည်။

"အောင်နိုင်. . . ဒီကောင့်လိပ်စာကို ကူးထားလိုက် မနက် ဖြန်သွားမယ်"

"ဘာထူးလို့လဲ ဆရာ"

"လက်မှတ်ထိုးတဲ့ စာအုပ်အရ သူ အလုပ်မဆင်းတာ လေး ရက်ရှိသွားပြီ၊ မနက်ကျ ကားစီစဉ်ထား၊ အခု ငါအိမ် ပြန်ဦးမယ်"

သီဟ အခန်းထဲမှာပင် ခုံတွေဆက်ကာ ဖြစ်သလိုအိပ်သည်။ အောင်နိုင်ကတော့ ကွန်ပျူတာနှင့် နပန်းလုံးနေဆဲ. .။

အချိန်က ည(၁၂)နာရီထိုးလုလု အရာအားလုံး ပုံမှန်ဖြစ် သော်လည်း ပင်မခန်းမဆောင်အတွင်းမှာတော့ ထူးခြားမှု အနည်း ငယ်ရှိလာ၏။ ခန်းမဆောင်အတွင်း မီးများမှိတ်လိုက်လင်းလိုက်ဖြစ် နေ၏။

ခန်းမဆောင်နှင့်ကပ်လျက် သင့်မြတ် အလုပ်လုပ်ခဲ့သော စာရင်းစစ်ဌာနတွင်းရှိ ကွန်ပျူတာများ သုံးစွဲသူမရှိဘဲ အလိုလို ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

ငိုက်နေသော ညစောင့်များနှင့် အနားယူနေကြပြီဖြစ်သည့် ရဲမျာအားလုံး ထိုထူးခြားဖြစ်စဉ်ကိုတော့ မသိလိုက်ကြ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

(၂၄) နာရီတစ်ကြိမ်၊ နေ့နှင့်ည တစ်လှည့်စီဖြစ်ပေါ်နေသော သဘာဝနိယာမအတိုင်း ရန်ကုန်မြို့ကြီးအတွက် နေ့သစ်တဖန်ဖြစ်တည်လာပြန်သည်။ အများဆုံး ရှစ်နာရီဝန်းကျင်ခန့်ထိ ခဏတဖြုတ် သေဆုံးနေသူများလည်း အလျှိုလျှိုပြန်နိုးထလာကြ၏။

ဦးလေး၏ရုံးခန်းအတွင်း ရဲမိုး စောစီးစွာရောက်နေပြီး . ကော်ဖီနှပ်ခြင်း၊ သတင်းစာများ အသင့်ထားပေးခြင်းတို့ ပြုလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရဲမိုးပြန်ထွက်လာခဲ့သည်။ ထုံးစံအတိုင်း သူစေ့စေ့ပင်မကြည့်ဖြစ်သော ဓာတ်ပုံများ ချိတ်ဆွဲထားသည့်နံရံကို အမှုမဲ့အမှတ်မဲ့ပင် ဖြတ်ကျော်ခဲ့သည်။ သို့သော် သည်တစ်ခါတော့ မသိစိတ်က စေ့ဆော်၍လားမပြောတတ်၊ ရဲမိုးခြေလှမ်းတွေ ရပ်သွား၏။

နံရံကပ်ဓာတ်ပုံတွေထဲမှ ပုံတစ်ပုံကို ရဲမိုးစောင်းငဲ့ကြည့်မိသည်။ ဝန်ထမ်းများ အထူးမွမ်းမံသင်တန်းဆင်းပွဲတွင် အမှတ်တရရိုက်ကူးထားသောပုံ ဖြစ်နေ၏။ ထူးခြားသည်က ထိုပုံထဲတွင် ခုရက်ပိုင်းအတွင်း သေဆုံးခဲ့သူအားလုံး ပါဝင်နေခြင်း ဖြစ်သည်။

သင့်မြတ်၊ ဇင်အောင်နှင့် ဝေဖြိုးတို့ သုံးယောက်လုံးကို ပြုံးပြုံးရွှင်ရွှင် မျက်နှာပေးများနှင့် တွေ့ရ၏။ ထို့ထက် ပိုထူးသည်က မန်နေဂျင်းဦးခွန်မိုင်းနှင့်ကပ်လျက် နေရာယူထားသော အမျိုးသမီးပင် ဖြစ်သည်။

သူမသည် ဗီဒီယိုကင်မရာတစ်လုံးနှင့် ထူးဆန်းစွာပျောက်သွားသော ခရေဆိုသောမိန်းကလေးပင် ဖြစ်နေသည်။

ခရေက ဝန်ထမ်းဖြစ်လျှင်. . သူ့ကိုယ်ရေးအချက် အလက်တွေ ဒီမှာရှိကိုရှိရမည်။ ရဲမိုး သူ့အခန်းသို့ ပြန်ပြေးရပြန်သည်။ အံဆွဲဗီရိုရှည်ကြီးမှ သော့ကိုဖွင့်ကာ အလုပ်ဝင်စဉ်က ကိုယ်ရေးရာဇဝင်များကို ရှာကြည့်သည်။ ခရေဟု အမည်တပ်ထားသော ဖိုင်ကိုတွေ့၍အဆောတလျင် ဆွဲထုတ်ပြီး ဖွင့်ကြည့်လိုက်၏။

ထို့နောက် လိပ်စာကို ကူးယူကာ. . ရဲမိုး ချက်ချင်းပင် ထွက်လာခဲ့၏။ သာကေတဘက်မှ ပတ္တမြားအိမ်ရာကိုရောက်တော့ လိပ်စာအတိုင်း လိုက်ရှာရသည်။

ရဲမိုး ထိုသို့လှုပ်ရှားနေသလို သီဟနှင့် အောင်ခိုင်လည်း. .



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြသာ အိမ်ရှေ့သို့ရောက်နေကြသည်။ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ပျဉ်ထောင်သွပ်မိုးအိမ်လေးရှေ့သို့ ဖြစ်၏။

"အိမ်ရှင်တို့. . အိမ်ရှင်တို့. ."

အောင်နိုင်၏ အသံဝါကြီးကြောင့် အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။ ရဲတွေကိုမြင်တော့ အထိတ်တလန့် ဖြစ်သွား၏။

ခိုင်မြသာနှင့်တွေ့ချင်သည်ဆိုတော့ မျက်နှာမသာမယာ လည်းဖြစ်သွားသည်။ သို့သော် ဘာမှမပြောဘဲ အိမ်ထဲသို့ခေါ်သွား ၏။ အိမ်အတွင်းပိုင်းထိ တောက်လျှောက်ဝင်လာပြီး အိပ်ခန်းတစ် ခန်း၏တံခါးကို ပြလိုက်သည်တွင် သီဟရော အောင်နိုင်ပါ မှင်သက် သွားကြသည်။ အခန်းထောင့်တွင် ဗလုံးဗထွေးအသံတွေနှင့် တစ် ယောက်တည်း စကားတွေ မနားတမ်းပြောနေသော ခိုင်မြသာ၏ အပြုအမူက လွန်စွာထူးဆန်းလွန်းနေသည်။ တစ်ခန်းလုံးရှိ မှန်များ ကိုလည်း သတင်းစာများ၊ အဝတ်များနှင့် အုပ်ထား ကပ်ထား၏။

"သွား. . သွား. . မလာကြနဲ့"

ထိုသို့အော်ရင်း ကိုယ့်ခေါင်းကိုယ် လက်ဖြင့်တဖတ်ဖတ် ရိုက် နေသေးသည်။ သီဟ ကြည့်ရင်းစိတ်ပျက်သွားကာ. .

"သူ ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ ခင်ဗျ"

"သုံးလေးရက်တော့ရှိပြီ၊ အလုပ်ကပြန်လာပြီး ရုတ်တရက် ကြီး အခုလိုဖြစ်သွားတာ"

"သူ တခြားဘာတွေပြောသေးလဲ"

"အင်း. . သူ မိန်းမတစ်ယောက်ကို အမြဲမြင်နေရတယ်လို့ ပြောတယ်၊ မှန်ထဲက ထွက်လာတယ်ဆိုလားပဲ. . ၊ မှန်တွေအားလုံး အုပ်ထားတာပဲ ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com


သီဟာက သူ့ ဖုန်းနံပါတ်ပါသည့် ကတ်လေးပေးရင်း. .

"အစ်မကြီးသား တစ်ခုခုထူးခြားတာတွေ့ရင် ကျွန်တော်တို့ ဆီဆက်သွယ်ပေးပါ"

ပြောပြီး. . သီဟာတို့ လှည့်ပြန်လာခဲ့ကြသည်။

ရဲမိုးမှာလည်း ခရေနေသော အခန်းတံခါး သော့ခတ်ထားသဖြင့်. . လိုရမယ်ရထည့်လာသော ဘက်စုံသုံးသော့တွဲနှင့် အခန်းသော့ကို ဖွင့်ကြည့်လိုက်သည်။ ကံအားလျော်စွာ သော့ပွင့်သွား၍ အခန်းထဲသို့ ဝင်လာခဲ့၏။

ဧည့်ခန်းသို့အရောက် သူ့မျက်စိပင် သူမယုံနိုင်အောင် ဖြစ်သွားသည်။ အခန်း၏ နံရံသုံးဘက်စလုံး၌ ကြည့်မှန်အရွယ်စုံ ဆိုဒ်စုံများကို အပြည့်ချိတ်ဆွဲထား၏။

မှန်တွေကိုကြည့်နေရင်း. . . မှန်တစ်ချပ်တွင် မိန်းမတစ်ယောက်၏ရုပ်ပုံကို ရုတ်တရက်တွေ့လိုက်ရသဖြင့် အလန့်တကြားဖြစ်သွားကာ အပေါက်ဝသို့အလှည့်. . .

ဟင်. . ခ. . ခရေ. . လား. . ။

ထိုမိန်းကလေးက ဒေါသမျက်နှာနှင့် စီးဟောက်တော့သည်။

"ရှင်. . ရှင်. . ဒီမှာဘာလုပ်နေတာလဲ"

"မင်း. . မင်းက. . မီးလောင်ပြီး သေသွားတဲ့ ခရေမဟုတ်လား"

"ကျွန်မက ခရေမဟုတ်ဘူး၊ သူ့ညီမ စံပယ်၊ ကျွန်မတို့က အမြွှာတွေမို့ ရုပ်ချင်းတူနေတာ"

"သူ့မှာ ညီမရှိတယ်လို့ ကိုယ်ရေးမှတ်တမ်းထဲမှာတွေ့မိဘူး၊


www.burmeseclassic.com

www.burmeseclassic.com


ထားပါ. . . ကျုပ်က မင်းအစ်မအလုပ်လုပ်ခဲ့တဲ့ ကုန်တိုက်က လုံခြုံရေးမှူးပါ။ အရမ်းရှုပ်ထွေးနေတဲ့ အခြေအနေတွေကြောင့် အိမ်ခန်းတံခါးသော့ ဖွင့်ဝင်မိတာ ခွင့်လွှတ်ပါ"

ဒီတော့မှ သူ့ကိုထိုင်ခုံနေရာပေးပြီး ကောင်းကောင်းမွန်မွန်ပြန်ပြောလေသည်။

သူတို့ညီအစ်မက တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြပုံ. . ၊ စံပယ်မှာ အစ်မရှိစဉ်က စိတ်ကျန်းမာရေးဆေးရုံတွင် အတော်ကြာကြာတက်ခဲ့ရကြောင်း၊ ဆေးရုံကဆင်းလာချိန်တွင် အစ်မမီးထဲပါသွားကြောင်းသိရ၍. . ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ပင် ကြိုးစားခဲ့ကြောင်း. . ပြောပြလေသည်။

ခရေနှင့် ရုပ်ကတစ်ပုံစံထဲမို့. . ရဲမိုး သံသယဖြစ်နေတာကို စံပယ် ရိပ်မိသွားပုံရသည်။ နှစ်ယောက်တွဲဓာတ်ပုံတစ်ပုံ ထုတ်ပြကာ သက်သေထူပေးသည်။ ခရေရော စံပယ်ပါ တကယ်ရှိသည့်အဖြစ်ကို ရဲမိုး လက်ခံလိုက်ရ၏။

စံပယ်က သူ့နောက်မှ မှန်တစ်ချပ်ကိုလှည့်ကြည့်ရင်း ဆို့နင့်ကြေကွဲသံနှင့်. .

"ကျွန်မအစ်မက အပြင်မှာသေသွားပေမယ့်. . ၊ မှန်ထဲမှာတော့ မသေသေဘူး၊ မှန်ကြည့်တိုင်း အစ်မကို အမြဲတွေ့နေရတယ်၊ အခု မှန်ထဲမှာပေါ်နေတဲ့ကျွန်မက ကျွန်မအစစ်မဟုတ်ဘူး၊ ကျွန်မအစ်မပဲ"

စံပယ်က မှန်ထဲမှ သူ့ပုံရိပ်သူကြည့်ကာ ပြောနေ၏။ ရဲမိုး ခေါင်းစားသွား၏။ စံပယ်ဆိုတဲ့ကောင်မလေးကို တကယ်ပဲ ရောဂါသက်သာလို့ ဆေးရုံကပေးဆင်းတာလား၊ ထွက်ပြေးလာတာလား


www.burmeseclassic.com

www.burmeseclassic.com


သူမရေရာတော့. . ။

ထို့နောက်. . စံပယ့်က မှန်ထဲမှတဆင့် သူ့ကိုလှမ်းကြည့်နေလေရာ ရဲမိုး ခေါင်းနပန်းကြီးသွားရသည်။

အပြင်ကစံပယ် သူ့ဘက်မျက်နှာပြန်လှည့်လာသော်လည်း မှန်ထဲက စံပယ်ကတော့. . သူ့ကို ကြည့်မြဲအတိုင်း ကြည့်နေလေသည်။

"အစ်မက မှန်ထဲကနေ ထွက်ထွက်လာတတ်တယ်. . ။ ပြီးတော့. . သူ့အလောင်းကိုရှာပေးဖို့နဲ့ ကောင်းကောင်းမွန်မွန် သင်္ဂြိုလ်ပေးဖို့ ခဏခဏပြောတယ်၊ သူ့အလောင်းက ကုန်တိုက်ထဲမှာပဲ ရှိနေသေးတယ်တဲ့. . အစ်မအလောင်းကို တွေ့အောင်ရှာပေးပါလားရှင်"

"မင်းအစ်မက မီးလောင်ပြီး သေသွားတာမဟုတ်လား. . ။ အလောင်းက ဘယ်လိုလုပ်ရှိတော့မှာလဲ"

"အစ်မက ပြောတယ်၊ သူမီးလောင်ပြီးသေတာ မဟုတ်ဘူး၊ အသတ်ခံရတာတဲ့"

"ဘာ!. . ဘယ်လို. . အသတ်ခံရတာ ဟုတ်လား"

"ဟုတ်တယ်"

ရဲမိုး အံ့အားသင့်သွားရပြီ။

"ဒါဆို သူ့ကို ဘယ်သူသတ်တာလဲ"

စံပယ်က ခေါင်းကုတ်ရင်း. .

"စံပယ်မေးတော့. . သူ့အထက်က အန်ကယ်(လ်)ဆိုလားပဲ၊ သိပ်တော့မသေချာဘူး. . ."

ရဲမိုးလည်း ခေါင်းနောက်သွားသဖြင့် နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲက စံပယ်ပုံရိပ်ကတော့ သူ့ကို အပေါက်ဝထိ လိုက်ကြည့်နေဆဲ. .

ဒီညအဖို့ ရဲမိုး သောက်နေကျ လစ်မစ်ထက် ပိုပိုသာသာလေးသောက်မှ အိပ်ပျော်နိုင်မှာလည်း သေချာလို့နေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ညက အရွယ်မရင့်တရင့်. .၊ သီဟနှင့် အောင်နိုင် ကားတစ်စီးဖြင့် ခရီးနှင်လျက်ရှိ၏။ ဦးတည်ရာက ခရေ့အိမ်သို့ဖြစ်၏. .။

ထိုအချိန်တွင် စံပယ်က ရေမိုးချိုးပြီး၍ မှန်တင်ခုံရှေ့ထိုင်ရင်း. . မှန်ကြည့်ကာ ခေါင်းဖြီးနေသည်။

မှန်ထဲမှ သူ့ပုံရိပ်သူ ကြည့်နေရင်း. .

"အစ်မလား. . အစ်မလာပြီလား"

စံပယ်က မှန်သားပြင်မှပုံရိပ်ကို လက်နှင့်ထိတွေ့စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထိုသို့စမ်းရင်း ငယ်စဥ်ကလေးဘဝက သူတို့အမြွှာညီအစ်မနှစ်ယောက် ပျော်ရွှင်စွာအတူဆော့ကစားခဲ့ကြသည့် အဖြစ်တွေကို ပြန်မြင်ယောင်လာသည်။ ထိုခဏ၌ စံပယ်အတော်ပင် ကြည်နူးပျော်ရွှင်လို့နေသည်။

"မမရယ် ညီမလေးတစ်ယောက်ထဲနေရတာ သိပ်ပျင်းတာပဲ အရင်လိုမှန်ထဲက ထွက်လာပြီး ညီမလေးနဲ့ စကားလာပြောပါဦးလား"

"ခွမ်း!. ."

ထိုသို့တတွတ်တွတ်ပြောနေစဥ် မှန်တင်ခုံမှမှန်မှာ အလယ်တည့်တည့်မှ ကွဲထွက်သွားလေသည်။ စံပယ် အလန့်တကြား နောက်သို့တရွေ့ရွေ့ ဆုတ်မိသည်။ ဆက်တိုက်ဆိုသလိုပင် နံရံတွင်ချိတ်ဆွဲထားသော မှန်တွေအားလုံး သံစုံမြည်ဟီးကာ တခွမ်းခွမ်းနှင့် တစ်ချပ်ပြီးတစ်ချပ် ကွဲကျလာလေတော့သည်။

ဘာတွေဖြစ်တာလဲ. . ဘာလို့ ဒီလိုဖြစ်ရတာလဲ. . မမ စိတ်ဆိုးသွားပြီလား. . . ။

BURMESE CLASSIC

သူမ အပူတပြင်းတွေးနေခိုက်မှာပင်. . .

"နင်သွားတော့. . ဒီအိမ်က မြန်မြန်သွားတော့. ."

ကျယ်လောင်သောအသံကြီးနှင့်အတူ မှန်ကွဲစတွေ သူ့ဆီလွင့်စင်ထွက်လာနေပြီမို့. . စံပယ် အခန်းထဲမှ ဒရောသောပါး ထွက်ပြေးခဲ့ရတော့သည်။

ထိုသို့ဖြစ်ပျက်ပြီး ဆယ်မိနစ်ခန့်အကြာတွင် ခရေ့တိုက်ရှေ့သို့ ကားတစ်စီးဝင်လာသည်။ လိပ်စာအတိုင်း ခရေ့အခန်းသို့တက်လာခဲ့ကြသည်။ တံခါးကပွင့်နေသဖြင့်. . အိမ်ထဲသို့ဝင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!. . ."

နံရံပတ်လည်၌ ချိတ်ဆွဲထားသော ကြည့်မှန်များအားလုံး ရစရာမရှိအောင် အစိတ်စိတ်အမွှာမွှာ ကွဲကျေနေသည့် အဖြစ်ကို မြင်တွေ့ကြရ၏။

"ဟား. . လူကောင်းတစ်ယောက်ရဲ့အိမ်တော့. . မဟုတ် လောက်ဘူးထင်တယ် ဆရာ"

အောင်နိုင်က ကြမ်းခင်းအနှံ့ ပြန့်ကျဲနေသော မှန်ကွဲစတွေ ကိုရှောင်ရင်း စိတ်ညစ်ညူးသည့်လေသံနှင့် ပြော၏။ သီဟက စကား မပြန်ဘဲ အခန်းထဲမှ အခြေအနေကိုကြည့်ကာ အကဲခတ်နေသည်။

အတန်ကြာမှ. . .

"အောင်နိုင်. . စခန်းကိုဖုန်းဆက် အားလုံးကို အသေးစိတ် မှတ်တမ်းတင်ပြီးတော့ စံပယ်ဆိုတဲ့ မိန်းကလေးကို တွေ့အောင်ရှာ"

"ဟုတ်ကဲ့ ဆရာ. ."

အမှုနှင့်ဆက်နွယ်သူများထံရောက်တိုင်း. . ခြေတစ်လှမ်း နောက်ကျနေသဖြင့်. . သီဟ အကြီးအကျယ် စိတ်ဓာတ်ကျနေလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

ကြိုတင်ဖုန်းဆက်ချိန်းဆိုထားသဖြင့် ဒေါက်တာနေပိုင် စောင့်နေသည်။ ရဲမိုးရောက်တော့. . အဆင်သင့်ပင်တွေ့ရ၏။ ခရီးရောက်မဆိုက်ပင် ရဲမိုး သူသိချင်တာ မေးတော့သည်။

“မင်းရဲ့လူနာတွေထဲမှာ မှန်ထဲကကိုယ့်ပုံရိပ်ကို သူများပုံရိပ်ပါလို့ ထင်နေတဲ့လူနာ တွေ့ဖူးလား”

ဒေါက်တာနေပိုင် အတန်ကြာစဉ်းစားပြီးနောက်. . ထသွားကာ သူ့အလုပ်ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။ အထဲမှ အခွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ခွေကို ရှာထုတ်လာပြီး. .

"ကဲ. . မင်း ဒီအခွေကို ကြည့်ကြည့်လိုက်. ."

စိတ်ကျန်းမာရေးဆေးရုံတွင် သုတေသနပြုလုပ်စဉ်က ရိုက်ထားသော မှန်နှင့်ဆက်နွှယ်သည့် ဝေဒနာရှင်တို့၏ မှတ်တမ်းအခွေကို ဖွင့်ပြသည်။

လူနာက မှန်ထဲမှပုံရိပ်ကို တခြားလူအမှတ်နှင့် စကားပြောနေပုံ၊ တချို့က မှန်ကိုကြည့်ရင်း ဝမ်းပန်းတနည်း ရှုိက်ငိုနေပုံတို့ကို တွေ့လိုက်ရသည်။

"အဲဒါကြည့်ပြီးရင် ဒီပုံတွေကိုထပ်ကြည့်လိုက်ဦး"

စိတ်ပညာဘာသာရပ်အတွက် စုစည်းထားသော စာအုပ်ဖြစ်သည်။ ထိုထဲမှ မှန်နှင့်ပတ်သက်သော ဖြစ်ရပ်များအကြောင်းရေးထားသည့် ရှေးပန်းချီကားပုံများစွာ ပါဝင်နေသည်။ ထိုပုံများကိုပြရင်း. .

"မှန်နောက်ကွယ်မှာ ဘာတွေရှိနေသလဲဆိုတာကို ပြောနေတာပဲ. .၊ ပထမဆုံး မင်းစဉ်းစားရမှာက မှန်ထဲမှာပေါ်နေတဲ့ မင်းရဲ့ပုံရိပ်ပဲ၊ ကိုယ့်ပုံကိုယ် ပြန်မြင်နေရတာ ထူးဆန်းနေတယ်လို့ မင်းမထင်ဘူးလား"

ဒေါက်တာနေပိုင် လှမ်းပြနေသောစာအုပ်ကို ရဲမိုး စိတ်ဝင်စားစွာ လိုက်ကြည့်နေ၏။

"ဒီစာအုပ်ထဲမှာ ပြောထားတဲ့ပုံအရ. . မှန်ကြည့်တဲ့အချိန်တိုင်းမှာ သင်္ချာန်နှစ်ခု တပြိုင်တည်းပေါ်လာတတ်တယ်တဲ့၊ ဒီပုံကိုကြည့်. . ."

မှန်ကြည့်နေသော လူတစ်ယောက်အား မှန်ထဲမှ သူ့ပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com


ထွက်လာကာ လည်ပင်းညှစ်နေသောပုံဖြစ်သည်။ အပြင်က လူမှာ ဦးထုပ်ဆောင်းထားခြင်း မရှိသော်လည်း. . မှန်ထဲမှထွက်လာသော ပုံရိပ်က ဦးထုပ်ဆောင်းထားလေသည်။

"ကဲ. . ဒီပုံကတော့ မှန်ထဲကကမ္ဘာနဲ့ လက်ရှိကမ္ဘာကို မီးမောင်းထိုးပြနေတာပဲ. ."

မှန်ကြည့်နေသော မိန်းမတစ်ယောက်၏ မျက်လုံးက အတည့်ကြည့်နေသော်လည်း. . မှန်ထဲကမျက်လုံးမှာ အောက်သို့စိုက်ကြည့်နေလေသည်။

BURMESE CLASSIC

"မှန်ထဲကကမ္ဘာ. . ဟုတ်လား"

ရဲမိုး မျက်လုံးပြူးကြည့်ကာ မေးလိုက်၏။ ပန်းချီပုံတွေက တော့ သူ့အတွက် အထူးအဆန်းဖြစ်လို့နေသည်။

"ပရလောကလို့ ဆိုရမှာပေါ့။ မှန်က ဒီကမ္ဘာနှစ်ခုကို ခွဲခြားပေးထားတယ်လို့ ဆိုလိုတာ. .၊ ဒီမှာပြောထားတဲ့ပုံအရ မှန်ရှေ့မှာ သေတဲ့လူဟာ ဒီကမ္ဘာနှစ်ခုရဲ့ တံခါးပေါက်ကို ဖြတ်သန်းခွင့်ရှိတယ်၊

အကယ်၍ ခင်ဗျား မှန်ရှေ့မှာ သေဆုံးခဲ့မယ်ဆိုရင် မှန်ထဲမှာတော့ ဝိညာဉ်အဖြစ်နဲ့ အသက်ရှင်ခွင့် ရလိမ့်မယ်တဲ့. .၊ ပြီးတော့ ကမ္ဘာနှစ်ခုရဲ့တံခါးပေါက်ကို ဖြတ်သန်းခွင့်ရတဲ့အတွက်ကြောင့်လည်း ခင်ဗျားဟာ လူ့လောကဆီ လာလို့ရလိမ့်မယ်၊ ဒါပေမယ့်. . သက်ရှိလောကက မှန်တွေထဲမှာ ခင်ဗျားပုံရိပ် လုံးဝပေါ်မှာ မဟုတ်တော့ဘူးတဲ့. ."

ရဲမိုးက ရယ်လျှက်. .

"မင်းဟာက သွေးစုပ်ဖုတ်ကောင်နဲ့ သွားတူနေတာပေါ့"

ဒေါက်တာနေပိုင်က ရဲမိုးပြောတာကို မသိချင်ယောင်


www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကာ စာအုပ်အလယ်သို့ ဆက်လှန်လိုက်ပြီး ပုံတစ်ပုံ၏ အပေါ်မှစာကို လက်ညှိုးထောက်ပြရင်း. .

"ဒီလက်ရေးကို ကြည့်စမ်း၊ ပြောင်းပြန်ကြီး ရေးထားတာ မဟုတ်လား"

"အင်းလေ. . ပြောင်းပြန်ကြီး ဆိုင်းထိုးထားတယ်"

ဒေါက်တာနေပိုင် စာအုပ်ကို ပိတ်လိုက်ပြီး. .

"ဒါ DaVinci လက်ရေးလေ၊ တချို့လူတွေက DaVinciကို မှန်ထဲကထွက်လာတယ်လို့ ယုံကြည်နေကြတယ်၊ ဘာလို့လဲဆိုတော့ ဒါဗင်ချီပြောခဲ့တဲ့ စကားလေးတခွန်းရှိတယ်၊ အဲဒါက. . သူမှန်ကြည့်တဲ့အခါတိုင်း သူ့ပုံရိပ်ကို မှန်ထဲမှာမမြင်ရဘူးဆိုတာပဲ"

ရဲမိုး သူ့အိတ်ကပ်ထဲမှ ဘောပင်ကိုဆွဲထုတ်ကာ စာရွက်တစ်ရွက်လှမ်းယူ၍. .

"ဒါဆို. . ငါလည်း ငါ့လက်မှတ်ကို ပြောင်းပြန်ထိုးကြည့်ရအောင်. .၊ ငါကျောင်းတုန်းက လက်မှတ်ပြောင်းပြန်ထိုးတာကို ခဏခဏ လုပ်ဖူးတယ်"

ရဲမိုးက ပြောင်းပြန် ဆိုင်းထိုးအပြီး ထိုစာရွက်ကို နေပိုင်အား ဆောင်ပြလိုက်သည်။

"ကဲ. . ဒါဆိုရင် ငါလည်း မှန်ထဲကထွက်လာတဲ့လူ ဖြစ်သွားပြီပေါ့"

"မင်းကတော့ နောက်ပြီ"

သူငယ်ချင်းနှစ်ယောက် အားပါးတရ ရယ်လိုက်ကြသည်။ ဘာပဲဖြစ်ဖြစ် နေပိုင့်ထံမှ သူ သိချင်တာတွေတော့ သိခဲ့ရပြီဖြစ်၏။ နှစ်ယောက်စလုံး အလုပ်များနေကြသည့်အတွက် အတူမှသောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ နေပိုင့်ကားနှင့် အိမ်လိုက်ပို့ခိုင်းရသည်။

"မင်းရော မှန်ထဲကဝိညာဉ်တွေကို မြင်ဖူးလား နေပိုင်"

"ဟင့်အင်း. . မမြင်ဖူးဘူး"

နေပိုင့်အဖြေကြောင့် ရဲမိုးကျေနပ်သွားပြီး ခရေ့အကြောင်း တွေးရင်းနှင့်ပင် အိမ်သို့ပြန်ရောက်လာ၏။ နေပိုင်ထွက်သွားမှ အပေါ်တက်ရန် လှေခါးဆီ ခြေလှမ်းလိုက်စဉ်မှာပင် အပေါ်မှဆင်းလာသောစံပယ်အား တွေ့လိုက်ရသဖြင့်. . .

"ဟင်!. . မင်း. . ဒီကို ဘာလာလုပ်တာလဲ၊ မင်းအစ်မ အလောင်းကို ငါ အခုမရှာနိုင်သေးဘူးနော်"

ရဲမိုး စံပယ့်ကိုကျော်ကာ အပေါ်တက်ဖို့ ဟန်ပြင်သည်။

စံပယ်ပျာယာခတ်သွားကာ ရဲမိုးလက်မောင်းအား လှမ်းဆွဲ၏။ ပြီးမှ အားတုံ့အားနာ ဖြစ်သွားဟန်နှင့် ဆွဲထားသည့်လက် လွှတ်လိုက်ပြီး. .

"အစ်မ ခုထိ အဲဒီကုန်တိုက်ထဲမှာ ရှိနေသေးတယ်"

"မင်းကိုအပြတ်ပြောမှ ဖြစ်တော့မယ်. . ၊ ငါမကူညီနိုင်ဘူး စံပယ်"

ရဲမိုး ပြတ်ပြတ်ပင် ငြင်းဆန်လိုက်၏။

"ရဲစခန်းသွားပြောတာ ပိုအဆင်ပြေမယ်နဲ့တူတယ်"

"ကျွန်မပြောသမျှ ဘယ်သူမှယုံမှာမဟုတ်ဘူးဆိုတာ ရှင်သိပါတယ်"

"ဒါဆို ငါက မင်းကိုဘာလုပ်ပေးစေချင်တာလဲ"

"အစ်မရဲ့အလောင်းကို ကျွန်မတို့နှစ်ယောက် အတူတူရှာရအောင်လေ၊ ပြီးတော့ ကျွန်မအခန်းကိုလည်း ရဲတွေ လိုက်ရှာနေတယ်



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ အိမ်မပြန်ရဲအောင် ကြောက်နေမိလို့ပါရှင်”

ရဲမိုး အတန်ကြာစဉ်းစားပြီးမှ ခေါင်းညိတ်ပြကာ သူ့အခန်းသို့ ခေါ်လာခဲ့ရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

"အောင်နိုင်. . ၊ ခရေက ဒီမှာ ဘယ်ဌာနကလဲ"

"ရာထူးဖေါ်ပြထားတာကတော့ စာရင်းစစ်တာဝန်ခံတဲ့၊ ဒါပေမဲ့ ကျွန်တော်ကြားထားတာ သူဌေးရဲ့အတွင်းရေးမှူးလို့လည်း ပြောလို့ရတယ်တဲ့၊ ခရေက သူဌေးဦးသောင်းစိန်ရဲ့ စာရင်းဇယား မှန်သမျှကို အကုန်လုပ်ပေးနေရတာတဲ့ ဆရာ"

"ခရေနဲ့ပတ်သက်သမျှ အချက်အလက်အားလုံး ရအောင်ရှာကွာ၊ မီးလောင်တဲ့ကိစ္စနဲ့ဆိုင်တဲ့ မှတ်တမ်းတွေရော၊ ပြီးတော့. .



www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့်မွမ်းမံသင်တန်းကိစ္စ၊ အခု အကြီးစားပြင်ဆင်မှုမှာ တာဝန်ယူတဲ့ ကန်ထရိုက်တာတွေရော အချက်အလက်တွေအားလုံး ငါသိချင်တယ်"

"ဟုတ်ကဲ့ ဆရာ"

အောင်နိုင် ထသွားကာ သူစုဆောင်းထားသော ဖိုင်တွေစုထည့်ထားသည့် ကတ်ထူပုံးကြီးအား ပြန်ယူလာသည်။ ထိုပုံးကို စားပွဲပေါ် သို့တင်စဉ် . . ပွင့်နေသောသီဟအံဆွဲထဲမှ ဓာတ်ပုံတစ်ပုံအား အောင်နိုင်တွေ့သွား၏။ ရဲမိုး၊ သီဟနှင့် စည်သူတို့ လည်ပင်းဖက်ရိုက်ထားသောပုံ ဖြစ်နေသည်။

"ဟင် . . ဒီတစ်ယောက်က ကိုရဲမိုးကြောင့် သေသွားတဲ့ ရဲအရာရှိလား ဆရာ"

အောင်နိုင့်မှတ်ချက်ကြောင့် . . သီဟ အလုပ်လုပ်နေရာမှ လှည့်ကြည့်သည်။

"သေနတ်ပစ် ချံပီယံကြီးရဲ့ အကြီးမားဆုံး လွဲချော်မှုပေါ့ကွာ . ."

ဒါပဲပြောပြီး အံဆွဲဆောင့်ပိတ်လိုက်သဖြင့် . . အောင်နိုင်၏ စပ်စုမေးမြန်းသော အစီအစဉ် ရပ်သွားရ၏။

ထိုအချိန်တွင် . . စံပယ်မှာ ရဲမိုးအခန်းအပေါက်ဝ၌ မဝင်သေးဘဲ ရပ်နေ၏။

"လာလေ . . စံပယ် အထဲဝင်လေ၊ ငါ့အိပ်ခန်းကို နင်စိတ်ချလက်ချ သုံးလို့ရပါတယ်၊ သော့ခတ်အိပ်ပေါ့၊ ငါဧည့်ခန်းမှာပဲ အိပ်မှာပါ"

ထိုအခါမှပဲ စံပယ် အခန်းထဲဝင်လာ၏။ ရဲမိုး သူ့ကိုဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တော့၊ နောက်ဖေးခန်းထဲဝင်ကာ. . ဘေစင်ပေါ်မှ အရက်ပုလင်းကိုဆွဲ၍ တစ်ခွက်ငှဲ့မော့လိုက်သည်။ ခုမှပဲနေသာထိုင်သာရှိသွား၏။ လေထတာတွေ ငြိမ်သွားအောင် နှစ်ခွက်လောက် ဆင့်သောက်လိုက်သည်။ ရဲမိုးသွေးကြောတွေထဲ အယ်ကိုဟောတွေ စိမ့်ဝင်စီးဆင်းသွားမှပဲ ပြန်လည်လန်းဆန်းတက်ကြွလာတော့သည်။

အရက်သောက်ရင်း ဘေစင်ထဲမှ ဓားတစ်ချောင်းနှင့် ဇွန်းခက်ရင်းများကို အံဆွဲထဲ ထည့်သိမ်းလိုက်သည်။ သူ့အိပ်ခန်းဆီ အမှတ်မထင်လှမ်းကြည့်တော့. . အိပ်ခန်းတံခါးပွင့်နေတာ တွေ့လိုက်ရသည်။ တံခါးကို အသာဟကာ အထဲလှမ်းကြည့်တော့ မှန်ရှေ့ရပ်နေသောစံပယ်ကို တွေ့ရလေသည်။

"ဟင်!. . ."

စံပယ်က မှန်ကိုတည့်တည့်ကြည့်နေသော်လည်း မှန်ထဲမှ ပုံရိပ်က သူ့ကိုကြည့်နေ၍ဖြစ်သည်။ သို့သော် ချက်ချင်းဆိုသလိုပင် မှန်ထဲမှပုံရိပ်က ပြန်လှည့်သွား၏။ စံပယ်ကတော့ မှန်ရှေ့တွင် လုံးဝမလှုပ်။ ထိုအဖြစ်ကြောင့် ရဲမိုး အထိတ်တလန့် ဖြစ်သွားကာ ရုတ်တရက်ပင် အိပ်ခန်းတံခါးအား ပိတ်လိုက်ရသည်။

ဒီညအဖို့ သူ အိပ်ပျော်အောင် ဆေးကူရတော့မည်ဆိုတာ သဘောပေါက်သွားသည်မို့ နောက်ဖေးပြန်ဝင်ကာ အရက်လက်ကျန်ကို အကုန်မော့လိုက်ရတော့သည်။

အရက်သောက်ပြီးသည်နှင့် ဧည့်ခန်းထွက်လာကာ နှစ်ယောက်ထိုင်ခုံပေါ် လှဲအိပ်လိုက်သည်။ စံပယ်ပဲဖြစ်ဖြစ်၊ ခရေပဲဖြစ်ဖြစ် သူလုံးဝဂရုမစိုက်တော့။ လစ်မစ်မှန်သွား၍လားမသိ၊ ရဲမိုးချက်ချင်းပင် အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားတာ. . အချိန်တွေဘယ်လောက်ကြာသွားသည်မသိ. . ။

အိမ်မက်ဆိုးတွေမက်ပြီး ရဲမိုးလန့်နိုးလာသည်။ အခန်းထဲ၌နေ့အလင်းရောင်က အားကောင်းနေတာကို သတိပြုမိသည်။

ဆက်တီပေါ်မှ ငေါက်ခနဲထကာ အိပ်ခန်းဆီသို့ လျှောက်လာခဲ့၏။ အခန်းတံခါးပွင့်နေသလို အထဲမှာလည်း ဘယ်သူမှမရှိ။ ရဲမိုး အိပ်ခန်းထဲဝင်လာခဲ့ရာ ခေါင်းအုံးအောက်မှ တစွန်းတစ်စထွက်နေသော စာရွက်ပိုင်းလေးပဲ တွေ့ရသည်။ ရဲမိုး ဆွဲယူဖတ်ကြည့်လိုက်၏။

"ဒီကိစ္စ အဆုံးသတ်ဖို့လိုပြီလို့ ကျွန်မထင်တယ်၊ ကျေးဇူးပြုပြီး ကျွန်မအစ်မကို ကူရှာပေးပါ"

ဒါ စံပယ်ရေးသွားတာ သေချာသည်။ ရဲမိုး ဘာဆက်လုပ်ရမှန်းမသိတော့၊ အမှုမှန်ပေါ်အောင် စုံစမ်းရအောင်ကလည်း သူကရဲမဟုတ်တော့. . ။ စိတ်ရှုပ်ရှုပ်နှင့် နောက်ဖေးသို့ဝင်ခဲ့၏။ ဘေစင်ဘုံဘိုင်မှရေနှင့် ပလုပ်ကျင်းလိုက်စဉ် အံဆွဲပွင့်နေတာ တွေ့ရသလို၊ ညက မှတ်မှတ်ရရ ကောက်သိမ်းခဲ့သော ဓားတစ်ချောင်းလည်း မရှိတော့တာ သတိပြုမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

ကိုမိုးမှာ ခရေ့အလောင်းအားရှာဖို့ . ဘယ်ကစ ခြေရာကောက်ရမှန်းမသိ ဖြစ်နေသည်။ နောက်ဆုံးတော့ သူ့ကိုမျက်နှာသာပေး ဆက်ဆံတတ်သော မန်နေဂျင်းဦးခွန်မှိုင်းထံ ဝင်တွေ့ကာ မေးရတော့သည်။

"ပြော . . မောင်ရဲမိုး ဘာကိစ္စများ ပြောစရာရှိလို့လဲ"

"ဒီမှာလုပ်သွားတဲ့ ခရေဆိုတဲ့ ဝန်ထမ်းကောင်မလေးအကြောင်း သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်သူ. . ခရေ ဟုတ်လား၊ မင်းက ဘာဖြစ်လို့သိချင်ရတာလဲ၊ သူမီးလောင်သေသွားတာဖြင့် ကြာလှပြီ"

"ခရေ မီးလောင်သေတာ မဟုတ်ဘူးလို့. . သူ့ညီမက ပြောနေလို့ပါ"

ဒီတော့မှ ဦးခွန်မှိုင်းက ရယ်လျှက်. .

"ဪ. . မင်းက သူ့ညီမစံပယ်နဲ့လည်း တွေ့ပြီးပြီကိုး. . ၊ စံပယ်က ဂေါက်နေတာကွ၊ ငါတောင် ဆေးရုံစားရိတ် ကူညီလိုက်သေးတယ်၊ နေစမ်းပါဦး. . မင်းက ခရေ့အကြောင်း သိချင်ရအောင် အခု လူသေမှုတွေနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ မောင်ရဲမိုး"

"အခု သေဆုံးသူအားလုံးက မွမ်းမံသင်တန်းဆင်းတွေပဲ ဖြစ်နေလို့ပါ"

"ခရေ့အကြောင်း ငါလည်းမသိဘူးကွ၊ ရဲတွေလည်း စုံစမ်းနေတာပဲလေ၊ မင်းစုံစမ်းလို့ တစ်ခုခုထူးခြားတာရှိရင် ချက်ချင်း အသိပေးပေါ့ကွာ"

"ဟုတ်ကဲ့ပါ မန်နေဂျင်း"

ဘာမှမထူးသဖြင့် ရဲမိုး ပြန်ထွက်လာခဲ့၏။

အခန်းပြင်အရောက်. . .

"ရဲမိုး. . ခန"

နောက်မှ လှမ်းဆွဲခံလိုက်သောကြောင့်. . ရဲမိုး လှည့်ကြည့်လိုက်သည်။ သီဟက ဓာတ်ပုံတစ်ပုံထောင်ပြရင်း. .

"ဒီအမျိုးသမီးကိုသိလား. . ရဲမိုး"

"စံပယ်လေ"

"မင်း သိနေတာပဲ၊ သူ ဘယ်မှာလဲ၊ အဲဒီကောင်မလေးဟာ


www.burmeseclassic.com

www.burmeseclassic.com


သံသယစာရင်းထဲမှာပါတယ်"

"သူက လူကောင်းပါ"

သီဟကရယ်လျှက်. .

"သေချာလှချည်လား. .၊ ဒါဆိုပြောစမ်းပါအုံး လူသတ်သမားက. . ဘယ်သူလဲ"

"အဲဒါ မင်းအလုပ်ပဲ သီဟ"

ထိုအချိန်တွင် ဦးသောင်းစိန်မှာ ဒရိုင်ဘာနှင့်အတူ ကားပါကင်သို့ သွားနေလေသည်။ ကားနှင့်မလှမ်းမကမ်းသို့အရောက်. . ဒရိုင်ဘာက ကြိုပြေးသွားကာ ကားတံခါးဖွင့်ဖို့လုပ်သည်။ ဘောင်းဘီအိတ်ထဲနှိုက်ကာ သော့ရှာချိန်တွင်တော့ ယာဉ်မောင်းပျာယာခတ်သွားလေပြီ. .။

"ဘာဖြစ်တာလဲကွ. ."

"နား. . နားနေခန်းမှာ သော့ကျန်ခဲ့လို့ပါ သူဌေး"

"ဖြစ်ပြီကွာ. . . သွား မြန်မြန်ပြန်ယူ"

"ဟုတ်. . ဟုတ်ကဲ့"

ယာဉ်မောင်း လျှင်မြန်စွာပြေးထွက်သွားသည်။ လူသူကင်းရှင်းသော ရှော့ပင်းမော(လ်)ယာဉ်ရပ်နားစခန်းအတွင်း ဦးသောင်းစိန်တစ်ယောက်ထဲ ကျန်ခဲ့တော့သည်။

ဦးသောင်းစိန် ကားဘေး၌ ဟိုဟိုဒီဒီကြည့်နေစဉ်. . မမြင်ရသည့် တစ်စုံတရာက သူ့နားရောက်နေပြီဖြစ်ကြောင်း ရိပ်မိကာလှည့်အကြည့်. . .

မိန်းကလေးတစ်ယောက် သူ့ကိုရပ်ကြည့်နေတာ တွေ့လိုက်ရပြီး သူ့လက်ထဲတွင်လည်း ဓားတစ်ချောင်း ကိုင်ထားလေသည်။


www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်အနံ့အသက်ကို ရလိုက်သဖြင့် ဦးသောင်းစိန် လှုပ်ရှားဖို့ အသင့်ပြင်မိ၏။

မိန်းကလေးက ဓားကိုအသင့်ကိုင်ရင်း ရုတ်တရက်ပြေးဝင်လာသည်။ တဆက်တည်းပင် သူ့ရင်ဝဆီသို့ ချိန်ရွယ်ကာ. . လက်မြှောက်အားယူပြီး စိုက်ချလိုက်တော့သည်။

"အား!. ."

သို့သော် ဦးသောင်းစိန် ကံကောင်းသွား၏။ ယာဉ်မောင်းနှင့် ရဲတပ်ကြပ်အောင်နိုင်တို့ ရောက်လာကာ အချိန်မီတားဆီးလိုက်နိုင်၍ပင်ဖြစ်သည်။ ယာဉ်မောင်းက ဓားကိုလုယူနိုင်ခဲ့သလို အောင်နိုင်ကလည်း မိန်းမပျိုအား ချုပ်ကိုင်ထားခဲ့ပြီ။ သေကံမရောက် သက်မပျောက်အဖြစ် ကြုံခဲ့ရသည့် ဦးသောင်းစိန် တစ်ကိုယ်လုံးတုန်ယင်နေ၏။ အဖမ်းခံထားရသော မိန်းကလေးက ဒေါသတကြီး အော်ဟစ်ရင်း. .

"ကျွန်မကိုလွှတ်. . လွှတ်. . အဲဒီလူကြီး၊ အစ်မကိုသတ်တာ အဲဒီလူကြီး. ."

စံပယ်က ဦးသောင်းစိန်အား လက်ညှိုးထိုးကာ တတွတ်တွတ်ပြောနေလေသည်။ ရဲစခန်းအရောက်. .

"မင်း ဘာလို့ ဦးသောင်းစိန်ကို သတ်ဖို့ကြိုးစားရတာလဲ"

"ကျွန်မအစ်မ သေရတာ ဒီလူကြီးကြောင့်. ."

"မင်းရဲ့လေသံက သိပ်ကိုသေချာနေသလိုပါပဲလား၊ ဒါနဲ့ စောစောက မင်းပြောလိုက်တယ်၊ မင်းအစ်မက မှန်ထဲမှာဆို. ."

စံပယ့်အဖြေတွေက အပ်ကြောင်းထပ်နီးပါး ဖြစ်နေ၏။

စံပယ်က သူ့အစ်မအသတ်ခံခဲ့ရသည်ဟု တရားသေ ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ချက်နှင့် ဖြေနေခြင်းသာဖြစ်သည်။

"ဒါဆို သူမှန်ထဲကနေ စကားပြောတာလား၊ မင်း ကိုမေးရတာ ငါတောင်ရှုးချင်လာပြီ"

သီဟာ ပေါက်ကွဲစွာနှင့် စားပွဲကို ဝုန်းခနဲ ထုရိုက်လိုက်ပြီး. . အခန်းထဲမှထွက်ကာ ကပ်လျက်ရှိ သူရုံးခန်းထဲဝင်ခဲ့၏။ ထိုစဉ်. . အောင်နိုင် နောက်ကလိုက်ဝင်လာကာ. . .

"ဆရာ. . သူသတ်တာဖြစ်နိုင်လား၊ အားလုံးကတော့ သူ့ကိုတရားခံလို့ ယူဆကြမှာပဲ ဆရာ"

"ခက်တယ်ကွ ဓားတစ်ချောင်းကလွဲပြီး. . တခြားခိုင်မာတဲ့ သက်သေမှမရှိတာ၊ တို့မှာရှိတဲ့ မျက်မြင်သက်သေကလည်း. . ဦးသောင်းစိန်ကို လုပ်ကြံဖို့ ကြိုးစားတဲ့ကိစ္စအတွက်ပဲ မဟုတ်လား"

အောင်နိုင်က သူ့ထင်မြင်ချက်ကိုပြောရင်း လက်ထဲမှ မှတ်စုစာအုပ်လေးကို ဖွင့်ကြည့်သည်။ ပြီးတော့ ပြန်ပိတ်လိုက်ရင်း. .

"သူဌေးဦးသောင်းစိန်က ဆရာ့ကို ဒါလေးပေးခိုင်းလို့"

သီဟာက အောင်နိုင်လှမ်းပေးသော စာအုပ်ကိုယူပြီး ဖွင့်ကြည့်လိုက်သည်။ အထဲမှာ ချက်လက်မှတ်တစ်စောင်ကို တွေ့၏။

ရေးထားသည့်ဂဏန်းတွေကို ရေတွက်ကြည့်တော့. . သိန်းငါးဆယ်ဖြစ်နေတာ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ထိုမှာ ရေချိန်ကိုက်အောင် သောက်ခဲ့ပြီးသော်လည်း ရဲမိုးလက်ထဲ ပုလင်းပြားတစ်လုံး ပါလာသေးသည်။ ဧည့်ခန်းထဲမှာ ထိုင်ရင်း ပါဆယ်ထုပ်လာသည့် ကန်စွန်းပလိန်းနှင့် ပုလင်းသစ်ကို ဖွင့်ပြီး ဆက်သောက်နေ၏။

မူးယစ်သည့်ခံစားမှု အရှိန်တက်နေစဉ် သူ့ရှေ့မှ တီဗီဖန်သားပြင်တွင် လှုပ်ရှားမှုတစ်ခုကို မြင်လိုက်သည်။ တီဗီက ဖွင့်မထား၊ ထို့အတွက် ဇဝေဇဝါနှင့် နောက်သို့လှည့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူ့နောက်နံရံတွင် ချိတ်ထားသည့်မှန်မှ အသံတွေ စကြားရတော့သည်။ မှန်တွင်အက်ကွဲကြောင်းများ ထင်လာကာ တခွပ်ခွပ် မြည်သံတွေကိုပါ ထွက်လာ၏။ မူးပြီး အမြင်မှားတာလားတွေးကာ ခေါင်းကို ခါရမ်းပစ်လိုက်သည်။

သို့သော်. . မှန်တွေကွဲအက်လာတာက ရပ်မသွား၊ အက်ကြောင်းရာတွေက. မှန်တစ်ချပ်လုံး ပြည့်လုနီးပါး ဖြစ်လာသည်။ ကြည့်နေရင်းမှာပင် မှန်ထဲမှ လက်တစ်ဖက်ထိုးထွက်လာကာ မှန်ကွဲစတွေကို ဖယ်ရှားပစ်နေသည်။

မှန်ကွဲစတွေကို ခန်းဆီးလိုတွန်းဖယ်ရင်း မိန်းမတစ်ယောက်ထွက်လာတာမြင်ရတော့ ရဲမိုး အမူးတွေပြေကာ လန့်သွား၏။

"ဟင်!. . စံ. . စံပယ်၊ ဟာ. . မဟုတ်. . မဟုတ်ဘူး စံပယ်က အချုပ်ထဲမှာ၊ မင်း. . မင်းက ခရေလား"

တကိုယ်လုံး အပြင်သို့ရောက်လာပြီဖြစ်သော ထိုအမျိုးသမီးက ခေါင်းညိမ့်ပြ၏။ ထို့နောက် ငိုသံပါကြီးနှင့်. . .

"ကျွန်မ အသတ်ခံခဲ့ရတာပါ၊ အဖြစ်မှန်ကို ဖော်ထုတ်ပေးပါ၊ ကျွန်မ. . ကျွန်မ လွတ်လပ်ချင်ပြီ၊ ဘဝကူးချင်ပြီ၊ အဲဒီအတွက် မဖြစ်မနေ ကူညီပေးပါ"

ရဲမိုး ဘာလုပ်ရမှန်း မသိတော့၊ သူ့ရှေ့ရောက်နေတာ ခရေ၏ဝိညာဉ် ဖြစ်နေ၍လည်း ကြောက်စိတ်ဖြစ်ပေါ်နေသည်။

"ငါ. . ငါ. . ဘယ်လိုကူညီရမှာလဲ"

"ကျွန်မရဲ့အလောင်းကို သူတို့ကုန်တိုက်ထဲမှာ ပိတ်လှောင်ထား. . ."

ခရေ့ စကားမဆုံးခင်မှာပင် မီးပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲမနှင့် ပက်ပင်းကြုံတွေ့နေရသောရဲမိုး. . ချွေးတွေစိမ့်ထွက်ပြီး ရင်တွေ တဒိန်းဒိန်းခုန်အောင်ပင် ကြောက်လန့်နေ၏။

ရဲမိုး ကြောက်ကြောက်နှင့် အမှောင်ထဲ၌ ငြိမ်နေမိသည်။ နောက်ဆယ်မိနစ်ခန့်အကြာမှ မီးပြန်လင်းလာသည်။ အခန်းထဲ၌ သူကလွဲပြီး ဘယ်သူမှမရှိတော့၊ ချိတ်ထားသည့် ကြည့်မှန်ကလည်း အကောင်းပကတိမို့ ရဲမိုး တွေးရခက်နေသည်။

စောစောကအဖြစ်အပျက်ဟာ တကယ်လား၊ ဒါမှမဟုတ် ထင်ယောင်ထင်မှားဖြစ်ရခြင်းပဲလားဆိုတာ ရဲမိုး ဝေခွဲမရတော့။ သေချာဟာက ဒီလိုအဖြစ်မျိုး ထပ်မကြုံချင်တာဘဲဖြစ်သည်။ သို့နှင့်. . ကြိုးစား ထရပ်လိုက်ပြီး ပုဆိုးဟောင်းတစ်ထည်နှင့် ထိုမှန်ကို အုပ်ထားလိုက်ရ၏။

တီဗီနှင့် ရေချိုးခန်းထဲမှ မှန်ကိုလည်း စောင်တွေပုဆိုးတွေနှင့် အုပ်ထားလိုက်သည်။ ထိုအခါမှပဲ ရဲမိုး နေသာထိုင်သာရှိသွားသည်။ ခရေကြောင့် သောက်ထားသမျှ အမူးရှိန်တွေ ပျောက်ကွယ်ဆုံးရှုံးခဲ့ရသည်။ ထို့အတွက် ရဲမိုး ပုလင်းကိုကောက်ကိုင်ကာ တစ်ရှိန်ထိုး မော့ချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"မင်းက ငါ့အသက်အန္တရာယ်ကိုတောင် မကာကွယ်နိုင်တဲ့ကောင်ပဲ၊ အခုဆို သီဟက တရားခံကိုဖမ်းမိသွားပြီ၊ ဒီသတင်းစာကို ဖတ်ကြည့်လိုက်. ."

ဦးသောင်းစိန်က သတင်းစာတစ်စောင်ကို ရဲမိုးရှေ့သို့ တွန်းပို့လိုက်သည်။

"မင်း ငါ့တူဖြစ်ပြီး ဘာမှအသုံးမကျဘူး၊ မင်းဒီမှာ မလုပ်နဲ့တော့. ."



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ထိုင်ရာမှထကာ သူ့ကိုကျော်ခိုင်းပြီး ပြတင်းပေါက်မှ အဝေးဆီသို့ လှမ်းမျှော်ကြည့်နေ၏။

"ငွေစာရင်းဌာနကိုသွား သုံးလစာထုတ်လိုက်၊ ပြီးရင်. . မင်း သွားလို့ရပြီ ရဲမိုး"

စကားကုန်သွားပြီဆိုတာ နားလည်သဖြင့် သတင်းစာကို ကောက်ယူကာ ရဲမိုးထွက်လာခဲ့တော့သည်။ သူထွက်လာသည်က အရက်ဆိုင်ပဲဖြစ်၏။

ဘဝကိုအရှုံးပေးဖို့ အစီအစဉ်မရှိသော်လည်း ဒီနေ့အတွက် တော့ စိတ်ကြိုက်သောက်မည်ဟု ဆုံးဖြတ်ထားသည်။ သောက်ရင်း သတင်းစာတွင် ဖော်ပြထားသော စံပယ်နှင့် ဒက္ခိဏနဂါးကုန်တိုက် သတင်းအား အသေးစိတ်ဖတ်သည်။

ဖတ်ပြီးပြီးချင်း သူ့ခြေလှမ်းတွေက သီဟရှိရာ ရဲစခန်းသို့ ဖြစ်နေသည်။ စခန်းအရောက်. . သီဟကို သိပ်မရှာလိုက်ရ၊ သူ့ဘေး နား၌ အောင်နိုင်လည်း ရှိနေ၏။

"မင်္ဂလာပါ စုံထောက်ကြီး"

ဒီအသံကိုသိသော်လည်း သီဟ လှည့်မကြည့်. .။ ရဲမိုးက သတင်းစာအား သီဟ မျက်နှာရှေ့သို့ ထိုးပြလိုက်ရင်း. . .

"ဒါက ဘယ်လိုဖြစ်တာလဲ"

"ဒီနေရာက မင်းနဲ့မဆိုင်တော့ဘူးလေ. . ဘာလို့လာနေ တာလဲ ရဲမိုး"

"လူတစ်ယောက်ကို သက်သေမရှိဘဲနဲ့ လူသတ်သမားလို့ ဘာလို့စွပ်စွဲလိုက်တာလဲ၊ ဘာလို့ သူ့အပေါ် အပြစ်တွေပုံချလိုက်ရ တာလဲ. .၊ မင်းဟာ ဘယ်လိုစုံထောက်မျိုးလဲ သီဟ"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်တိုက်ပြန်ဖွင့်ဖို့ နှစ်ရက်ပဲလိုတော့တယ်. .၊ လူသတ်သမားမိပြီဆိုမှ ပြန်ဖွင့်လို့ရမှာကွ. .၊ ဒါ အခြေအနေအရ လိုအပ်လို့ လုပ်လိုက်ရတာကွ"

"ဘာလို့ မိန်းကလေးတစ်ယောက်ကို လူသတ်သမားလို့ ပြောရတာလဲ၊ ဒါဆို စံပယ် လူသတ်သမားလို့ ဘယ်သူပြောတာလဲ၊ အဲဒီ့ပြောတဲ့သက်သေ ဘယ်မှာလဲ၊ မင်းမှာ ဒီလောက်လေးတောင် စဉ်းစားဉာဏ်မရှိဘူးလား သီဟ"

ရဲမိုး ပေါက်ကွဲသွား၏။ သတင်းစာအား သီဟ စားပွဲပေါ် ပစ်ပေါက်လိုက်၏။ သီဟ ချက်ချင်းထရပ်လာကာ ရဲမိုးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီမှာ. . ဘယ်သူမှအဓိပ္ပာယ်မရှိတဲ့အလုပ်တွေ လုပ်နေတာ မဟုတ်ဘူးကွ"

"အဟင်း. ."

ရဲမိုး မချိပြုံးလေး ပြုံးလိုက်ရင်း. .

"အကယ်၍. . . မင်းသိပ်လိုချင်နေတဲ့ ရာထူးတွေ ဘယ်လောက်ပဲတိုးပါစေကွာ၊ အပြစ်မဲ့တဲ့ပြည်သူတွေကိုတော့ ဒုက္ခမပေးစေချင်ဘူး. . ."

သီဟက ခါးထောက်ကာ စူးစိုက်ကြည့်ပြီး. .

"ဘာကွ မင်းစကားက စော်ကားလှချည်လား. .၊ မင်း အခုရောက်နေတဲ့နေရာကို မမေ့နဲ့အုံး၊ မင်းလိုမူးရူးပြီး စော်ကားနေတဲ့သူ တစ်ယောက်ကို အချုပ်ထဲမထည့်ရဲဘူး မထင်နဲ့"

စိတ်လှုပ်ရှားနေသော သီဟမှာ စီးကရက်ထုတ်ကာ ခဲရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ပရမ်းပတာပစ်ချက်ကြောင့် မင်းရဲ့ပါတနာ ကျသွားတာရော မှတ်မိသေးရဲ့လား"

သီဟအပြောကို ရဲမိုး ခေါင်းညိတ်ကာ. .

"စည်သူက ငါ့အချစ်ဆုံး သူငယ်ချင်းပါကွာ"

"အေး. . မင်းလိုပဲ စည်သူက ငါ့အချစ်ဆုံး သူငယ်ချင်းကွ"

သီဟ ခုံတွင်ပြန်ထိုင်လိုက်ရင်း. .

"မင်းလောက် စောက်သုံးမကျတဲ့ကောင် ဒီဂမ္ဘာမှာ ရှိလိမ့်မယ် မထင်ဘူး"

ထိုစကားကြောင့် ရဲမိုးကိုယ့်စိတ်ကိုယ် မထိန်းချုပ်နိုင်တော့ဘဲ သီဟအား ကော်လံစဆွဲကာ ထိုးဖို့ရွယ်လိုက်တော့သည်။

ဘေးမှအောင်နိုင် အမြန်ဝင်တားလိုက်ရသည်။

"ဆရာတို့ကလည်း အချင်းချင်းတွေဗျာ အေးဆေးရှင်းကြပါ"

"အောင်နိုင် အသာနေစမ်း၊ ဟေ့ကောင် အရက်သမား. . မင်းသွားတော့. , ထွက်သွားတော့၊ မင်းသာလက်တည့်ရင် ငါ့ရဲ့ သူငယ်ချင်း သေခဲ့မှာမဟုတ်ဘူး၊ အခု မင်းအဆင့်နဲ့ထိုက်တန်တဲ့ လုံခြုံရေးဘဝ ရောက်နေပြီမဟုတ်လား၊ ဒါတောင် မင်းဦးလေးကောင်းလို့. ."

သီဟစကားတွေက ရဲမိုးသိက္ခာကို နင်းချေသလိုဖြစ်နေ၍ ရဲမိုး ရှန်းထွက်ကာ ထိုးသတ်ဖို့ကြိုးစားသည်။ အောင်နိုင်က မလွတ်တမ်း ချုပ်နှောင်ထား၏။

"လောကကြီးက မင်းကို ဟားတိုက်ရယ်နေကြပြီ ရဲမိုး"

"ဘဝမဲ့တဲ့ကောင်"

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် နစ်နစ်နာနာတွေ အော်ဟစ်ပြောဆိုနေကြ၏။

"ပြီးခဲ့တဲ့ အင်္ဂါနေ့က စည်သူဆုံးတာ တစ်နှစ်ပြည့်တယ်၊ မင်းအဲဒါ သတိရရဲ့လား၊ သူ့မိန်းမကို ဝမ်းနည်းစကားပြောဖူးလား၊ တောင်းပန်ဖူးလား၊ လူပီသအောင် အရင်နေကြည့်လိုက်ဦး"

စည်သူဆုံးတာ တစ်နှစ်ပြည့်ပြီတဲ့. . ထိုစကားကြောင့် ရဲမိုးငြိမ်သွား၏။ တာဝန်မှရပ်စဲခံရပြီးနောက် သူလေလွင့်နေတာနှင့် လူမှုရေးတာဝန်တွေ ပျက်ကွက်ခဲ့သည်။ စည်သူဆုံးတာ တစ်နှစ်တောင်ပြည့်ပြီတဲ့လား. . ။

ထို့အတွက် စိတ်လျှော့ကာ ရဲမိုးလှည့်ပြန်လာခဲ့တော့၏။ စိတ်ဓာတ်က သူညနောက်မှ အနှုတ်ဂဏန်းတွေထိ ရောက်သွားပြီဖြစ်သည်။ ကျသွားသည့် အမူးရှိန်ကို ပြန်တင်ဖို့ အရက်တစ်လုံးနှင့် အမြည်းအနည်းငယ်ဝယ်ကာ အိမ်ပြန်လာခဲ့၏။

သူ အလုပ်ပြုတ်ခဲ့ပြန်ပြီ။ ထို့ပြင် လုပ်ဖော်ကိုင်ဖက်ဟောင်းကလည်း သူ့အပေါ် အမြင်မကြည်လင်။ လောကကို ဘယ်လိုဆက်ရင်ဆိုင်ရမှန်း မသိတော့. . ။ ထို့အတွက် အရက်ကိုသာ တစ်ခွက်ပြီး တစ်ခွက် မော့နေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ဗွီပယ်ကတစ်မျိုး၊ ဝိညာဉ်ခရေကတစ်ဖုံနှင့် အနှောင့်အယှက်တွေ ပေးနေကြ၍ ရဲမိုး စိတ်ဒုက္ခရောက်ကာ ရူးမတတ် ဖြစ်နေရသည်။ လောလောဆယ် ရင်ဖွင့်စကားပြောလို့ရမည့် လူတွေရှိရာ ရှော့ပင်းမော(လ်)သို့သာ ရောက်လာခဲ့သည်။

ညလုံခြုံရေးဝန်ထမ်း ဦးရွှေခိုင်နှင့် စကားပြောရင်း တယောက်ထဲဆက်သောက်နေ၏။ ဦးရွှေခိုင်က နှစ်သိမ့်အားပေးစကားပြောသည်။ စိတ်မကောင်းစွာဖြင့် အခန်းထဲမှ သူ့ပစ္စည်းလေးများကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းနေမိသည်။ ထိုအခါတွင်. . တစုံတရာပျောက်ဆုံးနေတာ သတိပြုမိသည်။ ထိုအရာကား မန်နေဂျင်းပေးထားသော သေနတ်ပင်ဖြစ်သည်။

ရဲမိုးအတွက် တစ်ပူပေါ် နှစ်ပူဆင့်ရပြန်ပြီ၊ ဒီနိုင်ငံမှာ လက်နက်မှုဆိုတာ အလွယ်တကူ ဖြေရှင်းလို့ရသည်မဟုတ်၊ ထိုကိစ္စ ဘယ်လိုဖြေရှင်းရမှန်း မသိတော့၊ တစ်ယောက်ယောက် ယူသွားတာဆိုလျှင် ဆိုးကျိုးတွေအများကြီး ဖြစ်လာနိုင်သည်။

ဦးခွန်မှိုင်းကို သွားပြောရအောင်လည်း သေနတ်က သူ့ထံမှာဖြစ်၏။ မထိန်းသိမ်းနိုင်ခဲ့သည့်သူသာ ခေါင်းခံရမည့်ကိစ္စ ဖြစ်နေသည်။ ရဲမိုး စိတ်ပျက်ရင်လေးစွာနှင့် CCTV control ခန်းထဲမှ ထွက်ခဲ့၏။ အဝတ်လဲခန်းသို့ ဆက်သွားကာ သူ့အဝတ်တွေ ထုတ်ယူသိမ်းဆည်းရသည်။ ထိုအခန်းထဲမှာ သူတစ်ယောက်ထဲရှိနေသဖြင့် နားနားနေနေ ထိုင်နေမိ၏။

ထိုအချိန်တွင်. . ရေအိုင်ထဲ ရေစက်ရေပေါက်ကျသံလိုလို ကြားလိုက်ရသည်။ အသံထွက်ပေါ်ရာကို လှမ်းကြည့်တော့. . နံရံမှာ ချိတ်ထားသည့် ကြည့်မှန်ချပ်က ရေမျက်နှာပြင်တစ်ခုပမာ လှိုင်းဂယက်ထကာ ရေတစ်စက်ချင်း ကျနေတာဖြစ်သည်။ မှန်နှင့်ပတ်သက်ပြီး အတွေ့အကြုံတွေ များနေပြီဖြစ်သော်လည်း ဒီလိုအဖြစ်ကိုတော့ မကြုံဘူးသေး. . ။

ရေလှိုင်းဂယက်တွေကြားထဲမှ လူမျက်နှာတစ်ခု ပေါ်လာသည်။ ထိုမျက်နှာက ခရေဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုတော့၊ စိတ်ရှုပ်ရသည့်ကြားထဲ ရဲမိုး ဒေါ်ပွသွားကာ ခေါက်ကုလားထိုင်တစ်လုံးဆွဲယူပြီး ထိုမှန်အား နှစ်ချက်သုံးချက်ဆင့်ကာ ရိုက်ခွဲပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မှန်မှာ အစိပ်စိပ်အမွှာမွှာ ကွဲကြေသွား၏။

ရဲမိုး စတီးဗီရိုတစ်လုံးကိုမှီကာ ထိုင်ချလိုက်ရင်း ကိုယ့်ဘဝကိုယ် ဝမ်းနည်းနေမိသည်။ အခက်အခဲ အကျပ်အတည်းတွေ ဝိုင်းနေသည့် လက်ရှိအနေအထားကို သူ မခံစားနိုင်တော့. . ။

"ဘာလို့ ဒီလောက်တောင် ကံဆိုးနေရတာလဲ၊ ငါ ဘာအကုသိုလ်တွေ လုပ်ခဲ့မိလို့လဲကွာ. . ."

ထိုစဉ် စတီးဗီရိုတွင် ထင်ဟပ်နေသော သူ၏ ပုံရိပ်က ရဲမိုးအား လှည့်ကြည့်လာသည်။ ပြီးတော့. . ထရပ်လိုက်၏။ သူ့ပုံရိပ်က ရဲမိုးအား ဂရုဏာသက်စွာ ငုံ့ကြည့်နေသည်။ ရဲမိုးကတော့ မလှုပ်မယှက် ဗီရိုကိုမှီကာ ထိုင်နေဆဲ. . . ။

ထိုအချိန်တွင် အလုပ်မလာနိုင်သော ခိုင်မြသာတစ်ယောက် သူ့အိပ်ခန်းထဲ၌ တုန်တက်လို့နေသည်။ မှတ်မှတ်ရရဆိုရလျှင်. . သင့်မြတ်သေဆုံးပြီး နောက်နေ့ညမှာပင်. . အလွန်ကြောက်စရာကောင်းသော ခြောက်လှန့်မှုတစ်ခုကို ခံခဲ့ရ၏. . ။ သူ့ကို မိန်းမတစ်ယောက်လာခေါ်နေပြီဟု အော်ဟစ်နေလေ့ရှိသည်။ ခိုင်မြသာမှာ အိပ်လို့လည်းမရ၊ အိပ်လိုက်တိုင်းလည်း ကြောက်စရာ အိပ်မက်တွေမြင်မက်ပြီး လန့်နိုးလာတတ်သည်။

ယခုလည်း ည(၁၁)နာရီလောက်ရှိပြီ။ သူ့အမေမှာ အိပ်မောကျနေသော်လည်း ခိုင်မြသာကတော့ မအိပ်နိုင်ဖြစ်နေ၏။ ထိုကာလအခါတွင် ကုမ္ပဏီလုံခြုံရေးဝတ်စုံနှင့် လူတစ်ယောက် ခိုင်မြသာတို့အိမ်သို့ တိတ်တဆိတ် ဝင်ရောက်ချဉ်းကပ်လာသည်။

ထိုလူက ကီရိယာအစုံအလင်နှင့် အိမ်တံခါးကို အသံမြည်ဖွင့်ပြီး အိမ်ထဲသို့ဝင်လာ၏။ အိပ်မောကျနေသော အမေဖြစ်သူ မသိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို ခိုင်မြသာလည်း မရိပ်မိသေး။ ထိုအချိန်မှာပင် အိပ်ခန်း တံခါးဖွင့်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ထိုအသံကြောင့် ခိုင်မြသာ တံခါးပေါက်ဆီလှမ်းကြည့်မိသည်။ ကုမ္ပဏီယူနီဖောင်းနှင့် လျှာထိုးဦးထုပ် ခပ်ငိုက်ငိုက်ဆောင်းကာ. . လက်အိတ်စွပ်ထားသည့် သေနတ်သမားကို အံ့အားသင့်စွာ တွေ့လိုက်ရသည်။ သေနတ်ကိုင်လက်က တဖြည်းဖြည်း မြှောက်တက်လာကာ. . .

"ဒိုင်း!. . "

သေနတ်သံနှင့်အတူ ခိုင်မြသာ၏ ဘယ်ဘက်ရင်အုံတွင် အပေါက်တစ်ပေါက် ဖြစ်သွားကာ သွေးများပန်းထွက်လာ၏။ သေနတ်သမားလည်း အိမ်ထဲမှ အလျှင်အမြန် ပြေးထွက်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

အနာဂတ်ခရီးကို ဘယ်လိုဆက်လျှောက်မလဲဆိုတာ ရဲမိုး စဉ်းစားကြည့်နေမိသည်။ စံပယ်လည်း အဖမ်းခံထားရပြီမို့ တရားခံ အစစ်ဖေါ်ဖို့ဆိုလျှင် ကွင်းဆက်သဲလွန်စတွေရှာဖို့ လိုနေသေးသည်။ သဲလွန်စရှာဖို့အတွက်ဆိုလျှင်. . အဖြစ်နိုင်ဆုံးနေရာက ခရေနေခဲ့ သော အခန်းပင်ဖြစ်၏။

ထို့ကြောင့် ညတွင်းချင်းပင် ထိုအခန်းသို့ထွက်လာခဲ့သည်။ လူမရှိတာသေချာသည့် တိုက်ခန်းတစ်ခန်းထဲ ဝင်ဖို့လောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးအတွက် အခက်အခဲမရှိ. .၊ မှန်တွေထားရာ အခန်းသို့ ရှေးရှု့ဝင်လာခဲ့သည်။ ကွဲကြေနေသော မှန်ကွဲစတွေက ပြန့်ကျဲလျက် အခန်းထဲရှုပ်ပွနေ၏။

သတင်းစာဖြတ်ပိုင်းတွေ ကပ်ထားသော white board နားအရောက် ဓာတ်ပုံတစ်ပုံ ပြုတ်ကျနေတာတွေ့၍ ကောက်ယူလိုက်၏။ သူတို့ညီအစ်မနှစ်ယောက် မီးဖိုချောင်ထဲ တွဲ၍ရိုက်ကူးထားသောပုံလေးဖြစ်သည်။

ဤတွင်. . မှန်ဘောင်တစ်ခု၌ ပင်အပ်နှင့် စိုက်ထားသောစက္ကူတစ်ရွက်ကိုတွေ့လေ၏။ ထိုစက္ကူပေါ်၌ ခဲခြစ်ထားသော နံပါတ်တစ်ခုကိုထပ်တွေ့လေသည်။ အင်္ဂလိပ်ဂဏန်း (၈၀၅)ဖြစ်၏။

ထိုဂဏန်းကို သူမြင်ဖူးနေသည်။ သူ့အိမ်က ကြည့်မှန်မှာလည်း တစ်ခါကပေါ်လာဖူးသည်။ မသင်္ကာ၍ စာရွက်ကို လှန်ကြည့်တော့မှ စာရွက်မဟုတ်ဘဲ စိတ်ကျန်းမာရေးဆေးရုံသုံး စာအိတ်တစ်ခုဖြစ်နေတာ သိလိုက်ရသည်။ ဒါ. . အရေးကြီးသော သဲလွန်စတစ်ခုဖြစ်နိုင်၏။

အရေးမပါပါက သူ့အိမ်ကမှန်မှာ ထိုဂဏန်းပေါ်လာမှာမဟုတ်။ ရဲမိုးထိုစာအိတ်နှင့် စောစောက ဓာတ်ပုံကိုယူပြီး အခန်းထဲမှထွက်လာခဲ့၏။

လက်ရှိစိတ်ကျန်းမာရေးဆေးရုံ၌ တာဝန်ထမ်းဆောင်ဆဲနေပိုင်ထံ မနက်ကျမှသွားပြီး ထို(၈၀၅)၏အဓိပ္ပာယ်ကို သိအောင်စုံစမ်းတော့မည်ဟုဆုံးဖြတ်ပြီး အိမ်ပြန်လာခဲ့သည်။

ထိုအချိန်တွင်. . သီဟနှင့်အောင်နိုင်တို့လည်း ခိုင်ခြိုသာ အိမ်သို့ ရောက်နေကြပြီဖြစ်သည်။ ရင်ဘတ်မှာ သေနတ်ဒဏ်ရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးနေသော အနေအထားကိုကြည့်ပြီး. . မျက်နှာချင်းဆိုင်ပစ်သတ်သည့် အနေအထားဟု ခန့်မှန်းမိ၏။ တခြားသဲလွန်စ ခြေရာလက်ရာနှင့် မသင်္ကာစရာ အချက်အလက်တွေကို လိုက်ကြည့်သည်။

ဘယ်သူကများ နှုတ်ပိတ်လိုက်တာလဲ၊ ဘာကြောင့်လဲ၊ အခုလူသတ်သမားက အရင်သုံးယောက်ကိုပါ သတ်ခဲ့သလား၊ သေသူအားလုံးက ကုန်တိုက်ဝန်ထမ်းများဖြစ်ပြီး မွမ်းမံသင်တန်းဆင်းများသာဖြစ်နေခြင်းက တိုက်ဆိုင်မှုလား. . ။

သီဟ ခေါင်းခြောက်နေစဉ်. . အောင်နိုင်က ပလတ်စတစ်အိတ်နှင့်ထည့်ထားသော လူသတ်လက်နက် ရှာတွေ့ကြောင်း လာပြောသည်။

"ပွင့်နေတဲ့ နောက်ဖေးပြတင်းပေါက်နားက တွေ့ခဲ့တာ. . ဆရာ"

"အင်း. . ဒါဆို စီအိုင်ဒီကိုပို့ကွာ၊ သေနတ်က လက်ဗွေရာကို အမြန်ဆုံးရှာပေးပါလို့"

"ဟုတ်ကဲ့ ဆရာ"

"လိုအပ်တာတွေ အားလုံးလုပ်ပြီးရင်. . အလောင်းသယ်ဖို့ ဆေးရုံကား ခေါ်လိုက်တော့"

ခိုင်မြသာက လေးယောက်မြောက် သေဆုံးသူဖြစ်နေပြီ။ သေနတ်ပေါ်မှ လက်ဗွေရာကို ရှာတွေ့ပါစေဟုသာ ဆုတောင်းနေမိတော့၏။ သို့မှသာ တရားခံကို ဖမ်းမိနိုင်မည်ဖြစ်သည်။

www.burmeseclassic.com





# အခန်း(၁၉)

မနက်စောစောကတည်းက နေပိုင့်ထံ ဖုန်းဆက်ချိန်းဆိုထားခဲ့သည်။ ကိုးနာရီလောက်တွင် ရွာသာကြီးသို့ရောက်၏။ နေပိုင်က ဆေးရုံကင်(န်)တင်းတွင် စောင့်ခံနေသေးသည်။

"ကဲပြော. . ငါ ဘာကူညီပေးရမလဲ"

"ဒီလိုကွာ. . ဒီဆေးရုံမှာတက်သွားတဲ့ စံပယ်ဆိုတဲ့ မိန်းကလေးအကြောင်း မင်းသိမလားလို့ပါ"

ရဲမိုးကပြောရင်း သူတို့ညီအမနှစ်ယောက်ရိုက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံကို ထုတ်ပြလိုက်၏။

"ငါသိတယ်၊ မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ငါနဲ့တိုက်ရိုက်တော့ မပတ်သက်ပါဘူး၊ ဒါပေမဲ့ ရှော့ပင်းမော(လ်)က လူသတ်မှုတွေနဲ့တော့ ပတ်သက်နေတယ်"

"ဟော. ."

ဒေါက်တာနေပိုင်က သူ့အခန်းသို့ခေါ်သွားရင်း. .

"စံပယ်ဆိုတဲ့သူလေးက သူ့အစ်မကို အရမ်းချစ်တာ. .၊ သံယောဇဉ်လည်းကြီးတယ်၊ သူဆေးရုံတက်ရတော့ အစ်မနဲ့ခွဲရလို့လားမသိဘူး သူ့ဝေဒနာက ပိုဆိုးလာတယ်၊ ဒီကြားထဲ ပြီးခဲ့တဲ့နှစ်က သူ့အစ်မ မီးလောင်ပြီးဆုံးသွားခဲ့တယ် မဟုတ်လား"

နေပိုင်ပြောတာ နားထောင်ရင်း. . ကော်ရစ်ဒါ၌ သစ်သားအံဆွဲပေါင်းများစွာပါသော ဗီရိုရှည်ကြီးကို လှမ်းတွေ့လိုက်လေသည်။ အံဆွဲတစ်ခုချင်းစီတွင်လည်း နံပါတ်တွေ ရေးထိုးထား၏။ အံဆွဲနံပါတ်တွေက နှစ်ရာကျော်တွေဖြစ်ပြီး အင်္ဂလိပ်ဂဏန်းဖြင့် ရေးထားခြင်းဖြစ်၏။

"သူ့မှာ အုပ်ထိန်းသူမရှိတော့ဘူး၊ ထောက်ပံ့မယ့်သူလည်းမရှိတော့တဲ့အတွက် ရောဂါသက်သာလာတာနဲ့ ဆေးရုံကဆင်းခိုင်းလိုက်ရတာ. . ."

"ဒါနဲ့ ဒီအံဆွဲဗီရိုတွေက ဘာလုပ်ဖို့ထားတာလဲ"

"လူနာတွေရဲ့ပစ္စည်းတွေ ထည့်ဖို့ပါ"

"ဒါဆို (၈၀၅)ဆိုတဲ့ အံဆွဲနံပါတ်ကော ဒီမှာရှိလား"

"ဟာ. . တစ်ဆောင်လုံးအတွက်မှ (၃၉၉)ထိပဲ နံပါတ်ရှိတာ (၈၀၅)မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး စိတ်ဓာတ်ကျသွား၏။ နေပိုင့် ရုံးခန်းသို့လိုက်သွားကာ စံပယ်၏ဖိုင်ကို ကြည့်ခွင့်ရသည်။ စံပယ်နေခဲ့သည့် အခန်းကိုကြည့်ချင်သည်ဆို၍ နေပိုင် မငြီးမညူလိုက်ပြပြန်သည်။

"ခုတော့ ဒီအခန်းကို လူနာမထားတော့ဘူး၊ ပရိဘောဂအဟောင်းတွေနဲ့ မလိုတဲ့ အသုံးအဆောင်ပစ္စည်းတွေပဲ ထားတော့တာ"

"ဩော်. . ဟုတ်လား"

ဖုန်တွေတက်နေသော ထိုအခန်းတွင်း ရဲမိုး လိုက်ကြည့်နေမိသည်။

"ဟောဟိုကမှန်လေ. . သူ့အရမ်းတောင်းဆိုလွန်းလို့ ထည့်ပေးထားရတာ"

အနည်းငယ် ဟောင်းနွမ်းနေပြီဖြစ်သော ကြည့်မှန်တစ်ချပ်ကို တွေ့ရသည်။

"သူက မှန်ကို အရမ်းသဘောကျတာ၊ တခြားဝေဒနာသည်တွေလို မှန်ကိုမကြောက်ဘူး"

"သူ့အစ်မကော စံပယ့်ကို အမြဲလာတွေ့လား"

"မလာဘူး. . ဖုန်းတော့ဆက်တယ်၊ ဒါတရားဝင် ခွင့်ပြုထားတာတော့ မဟုတ်ဘူး၊ အခြေအနေကောင်းတဲ့ လူနာတွေအတွက် အထူးအခွင့်အရေးပေါ့၊ ငါတို့လည်း မတားတော့ပါဘူး"

နေပိုင်ပြောနေရင်း သတိရသွားဟန်နှင့်. .

"အင်း. . လုံးဝမလာတာတော့ မဟုတ်ဘူး၊ သူမသေခင် ရက်ပိုင်းကတော့ ရောက်လာပါသေးတယ်"

"သူတို့ညီအစ်မနှစ်ယောက် ဖုန်းပြောရင်လည်း အခိုး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းတိကျတာ၊ နှစ်ယောက်လုံးရဲ့လည်ပင်းမှာ ဆွဲကြိုးနာရီလေးတွေ ဆွဲထားကြတယ်လေ၊ ကောင်မလေးလည်ပင်းက alarm မြည်တာနဲ့ ဖုန်းလာတော့တာပဲ. ."

ရဲမိုး မှန်မှတဆင့် နေပိုင်ကိုကြည့်ရင်း သူပြောတာ နားထောင်နေ၏။ ထိုအခိုက် အခန်းတံခါးမှနံပါတ်ကို သတိပြုမိသွားသည်။ မှန်ထဲတွင် (၂၁)ဟု အင်္ဂလိပ်ဂဏန်းပေါ်နေတာ မြင်ရ၏။ ရဲမိုး ချက်ချင်းပင် လှည့်ကြည့်လိုက်သည်။ တကယ့်နံပါတ် အစစ်က (၁၅) ဖြစ်နေ၏။ ထို့အတွက် ရဲမိုး အိတ်ထဲမှစာအိတ်လေးကို ထုတ်ယူကာ မှန်ရှေ့ထောင်ကြည့်သည်။ (၈၀၅)ဆိုသည့် ဂဏန်းက မှန်ထဲ၌ (၂၀၈)ဖြစ်သွားလေ၏။

"ဟာ. . ဟုတ်ပြီ နေပိုင် (၂၀၈)ကွ"

"ဟေ့ကောင်. . မင်း ဘာတွေပြောနေတာလဲ"

"အံဆွဲနံပါတ်ကိုပြောတာ၊ အဲဒါကို ဖွင့်ကြည့်ချင်တယ်ကွာ လုပ်ပါ. . ကူညီပါဦး"

နေပိုင် ခေါင်းကုတ်ကာ ချိတ်ထားသော သော့ပေါင်းများစွာထဲမှ သော့တွဲကြီးတစ်တွဲကို ထုတ်ယူလိုက်၏။ နံပါတ်များ ရွေးချယ်ကာ ထိုသော့ကိုမှတ်သား၍ အံဆွဲဗီရိုတွေရှိရာသို့ ပြန်လျှောက်လာခဲ့ကြ၏။

(၂၀၈)အံဆွဲကို သော့ဖွင့်လိုက်သည့်အခါ အထဲ၌ မှတ်စုစာအုပ်တစ်အုပ်ကို တွေ့ရလေသည်။ ရဲမိုးစာအုပ်ကို ဆွဲယူလိုက်၏။

"ဒီစာအုပ်လေး ငါခဏယူသွားမယ်နော် နေပိုင်"

"ရပါတယ်ကွာ. . ပိုင်ရှင်မှမရှိတော့တာ"

ထို့နောက် နေပိုင့်အားနှုတ်ဆက်ပြီး ရွာသာကြီးမှပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ အပြန်လမ်းတလျှောက် ကားပေါ်တွင် မှတ်စုစာအုပ်ကို လှန်လှောလေ့လာကြည့်သည်။ ငွေစာရင်း အမြောက်အများကို တွေ့ရ၏။ ရှယ်ယာရှင်များနှင့် ငွေပေးငွေယူလုပ်သော ကိန်းဂဏန်းများစွာပါနေ၏။

"ဒါဆို ဒီစာအုပ်က ခရေ့စာအုပ်ပဲ၊ ဘာလို့ ဆေးရုံဗီရိုထဲ လာဝှက်ထားရတာလဲ"

တစ်နေရာမှာတော့ အသုံးတည့်မည့် စာရင်းတွေပဲဖြစ်မည်။ ထို့ပြင်. . အမှုနှင့်လည်း ပတ်သက်နေနိုင်သဖြင့် လုံလုံခြုံခြုံ သိမ်းထားဖို့သာ ဆုံးဖြတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

"ဘာကွ. . ရွှေတောင်ကုန်းလုပ်ငန်းစုက ငါ့ကုမ္ပဏီကို ဝယ်မယ်ဟုတ်လား"

ဦးသောင်းစိန် ဒေါသထွက်နေ၍ သူ့စကားဆုံးအောင် နားထောင်အပြီး ဦးခွန်မှိုင်းက. . .

"ကျွန်တော်တို့ ဆက်မရပ်တည်နိုင်တော့ဘူးလေ၊ အနားယူလိုက်ကြတာပဲ ကောင်းမယ်နဲ့တူပါတယ်"

"ဟေ့ကောင်. . ခွန်မှိုင်း. . မင်းစကားကို ပေါ့ပေါ့လေးမ



www.burmeseclassic.com

www.burmeseclassic.com



ပြောနဲ့၊ မင်းက ဘဝမေ့တဲ့ကောင်ပဲ၊ မင်း ဘယ်ဘဝကနေ ဒီနေရာကို ရောက်လာတာလဲ၊ ဘယ်သူ့ကျေးဇူးလဲ မင်းမမှတ်မိတော့ဘူးလား၊ မင်းဟာ တောကြိုအုံကြားက လူတစ်ယောက်ဆိုတာ မမေ့နဲ့အုံးကွ" ·

ထိုအချိန်တွင် ရဲမိုးမှာ ရဲစခန်းသို့ရောက်နေလေပြီ။

အချုပ်ကျတရားခံအား တရားဝင်တွေ့ခွင့်တောင်းပြီး ဝင်တွေ့ခဲ့၏။ မထင်မှတ်ဘဲ ရဲမိုးရောက်လာသဖြင့် စံပယ် အံ့သြဝမ်းသာသွားပုံရသည်။

"အဆင်ပြေရဲ့လား စံပယ်"

"ဒီလိုပါပဲ နေရတာပေါ့"

ရဲမိုးက အိတ်ကပ်ထဲမှ ဓာတ်ပုံကိုထုတ်ကာ. . ထောင်ပြရင်း. .

"ဒီပုံကို ဘယ်သူရိုက်ပေးတာလဲ"

ရဲမိုးက မီးဖိုချောင်တွင်ရိုက်ထားသော စံပယ်တို့ ညီအစ်မနှစ်ယောက်ပုံကိုပြခြင်းဖြစ်သည်။ စံပယ်က ဓာတ်ပုံကိုကြည့်ကာ. . တွေတွေငေးငေးလေး စဉ်းစားနေဆဲ. .

ရဲမိုး နောက်ထပ်တစ်ခုကို ထပ်ထုတ်ပြပြန်သည်။ (၈၀၅) ဟု ရေးထားသော စာရွက်လေးကို ထုတ်ပြပြန်သည်။

"ဒါ မှန်ထဲမှာကြည့်ရင် (၂၀၈)၊ ဆေးရုံက မင်းပစ္စည်းတွေထည့်တဲ့ အံဆွဲနံပါတ်ပဲ"

စံပယ့်ပုံစံက အူကြောင်ကြောင်ဖြစ်နေသေး၍. .

"မင်းအစ်မအသတ်ခံခဲ့ရတာဆို သူ့ကိုဘယ်သူသတ်တာလဲ၊ မင်းအစ်မဆီက ဘာတွေသိထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ. . ဘယ်သူရိုက်ပေးတာလဲဆိုတော့"

စံပယ်က ဓာတ်ပုံကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြန်သတိရလာအောင် အားထုတ်နေရှာသည်။

"ဒီပုံကိုရိုက်ပေးတာ အစ်မအလုပ်က လူတစ်ယောက်ပဲ. . အိမ်ကိုလာလည်ရင်း ရိုက်ပေးသွားတာ၊ အဲဒီလူကို အစ်မ လွန်ဆန်နိုင်ပုံမရဘူး၊ အစ်မ ကြောက်နေသလိုပဲ၊ သူ့အထက်အရာရှိလား မသိဘူး. ."

"အဲဒီလူက ဘယ်သူလဲ"

"မန်. . မန်နေဂျင်း. . ဦး. . ဦးခွန်မှိုင်း ဆိုလားပဲ"

စံပယ့်အဖြေကြောင့် ရဲမိုးတအံ့တသြ ဖြစ်သွား၏။

"မန်နေဂျင်း ဦးခွန်မှိုင်း ဟုတ်လား"

"ဟုတ်တယ်. . . သူက အစ်မကိုသဘောကျနေတာလေ၊ စံပယ် ဆေးရုံတက်တော့လဲ. . အစစအရာရာ သူပဲကူညီခဲ့တာ၊ ပြီးတော့. . အစ်မက သူ့ငွေးရဲ့စာရင်းကိုင်လူယုံဆိုတော့ အစ်မဆီက ရှယ်ယာစာရင်းစာအုပ်ကို အမြဲတောင်းလေ့ရှိတယ်"

ထိုအချိန်တွင် စီအိုင်ဒီမှပြန်လာသော သီဟနှင့်အောင်နိုင်တို့ စခန်းထဲဝင်လာကြသည်။ ခိုင်မြသာအိမ်မှရခဲ့သော သေနတ်ပေါ်မှ လက်ဗွေရာပိုင်ရှင်ကို သွားစုံစမ်းကြခြင်း ဖြစ်သည်။ လက်ဗွေရာပိုင်ရှင်က ရဲမိုးဟုသိခဲ့ရ၍ အံ့သြနေကြခြင်း ဖြစ်၏။ သက်သေခိုင်လုံနေမှတော့ မလွှဲသာတော့ဘဲဖမ်းဖို့ ရဲမိုးတိုက်ခန်းဆီသို့ ဝင်ခဲ့ကြသေးသည်။

ရဲမိုး အိမ်မှာမရှိ၍ စခန်းသို့ ပြန်လာခဲ့ကြခြင်းဖြစ်၏။ လူသတ်တရားခံကို မိပြီဆိုတော့ စံပယ်က ဦးသောင်းစိန်အား လုပ်ကြံ

www.burmeseclassic.com


ရန် ကြံစည်အားထုတ်မှုနှင့်သာ သက်ဆိုင်တော့သည်။ သီဟတို့ အချုပ်ခန်းသို့ လျှောက်လာခဲ့၏။

ထိုသို့ဝင်လာခဲ့ကြရာ အချုပ်ခန်းရှေ့တွင် ရဲမိုးကိုတွေ့လိုက်၍ ပိုအံ့ဩသွားကြတော့၏။ ရဲမိုးလည်း တရားခံကို ဖေါ်ထုတ်နိုင်ပြီမို့ ဝံ့ကြွားစွာဖြင့် သီဟတို့ဘက်လှည့်ကာ. .

"သူသတ်သမား ဘယ်သူလဲဆိုတာ ငါသိသွားပြီ သီဟ"

ရဲမိုး အပြောကို သီဟက စိတ်ဝင်စားဟန်မပြ။ ရဲမိုးကိုသာ မမှိတ်မသုန် ကြည့်နေကြသည်။ ခနတာ အချိန်လေးအတွင်း အားလုံးတိတ်ဆိတ်သွားကြ၏။ သီဟက အောင်နိုင့်အား မေးဆတ်ပြလိုက်သည့် အခါမှာတော့. . .

"စိတ်မကောင်းပါဘူး ကိုရဲမိုး၊ လူသတ်မှုနဲ့ ခင်ဗျားကို ကျွန်တော်တို့ ဖမ်းလိုက်ပါပြီ"

ပြောရင်း အောင်နိုင်က ရဲမိုးအား လက်ထိပ်ခတ်လိုက်တော့သည်။ ရဲမိုး နားမလည်နိုင်စွာဖြင့်. . .

"ဟေ့ကောင် သီဟ. . ဒါ ဘာလုပ်တာလဲ၊ မင်းတို့မှားနေပြီနော်. . ဟေ့ကောင်"

သီဟ ကျောပေး၍သာ ကျန်ခဲ့တော့သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

ဦးသောင်းစိန် သူ့ရုံးခန်းအတွင်း ထိုင်ငိုင်နေ၏။ ခွန်မှိုင်း ပြောသွားသည် အနားယူပါတော့ဆိုသောစကားက မှန်နေကြောင်း ဦးသောင်းစိန် သိနေသည်။ သူ့စာရင်းစစ် ခရေ မရှိတော့ကတည်းက ရှယ်ယာရှင်တွေ၏ စာရင်းဇယားများအတွက် သူအရမ်းဒုက္ခရောက်ခဲ့သည်။

ရှယ်ယာရှင်များ တောင်းသမျှကို သူထုတ်ပေးနေရသော်လည်း ကုန်တိုက်ပြန်ဖွင့်ခွင့် မရသည့်အတွက် သူမှာအရှုံးပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းစိန် ယူကြုံးမရစွာဖြင့် နားထင်ကို လက်နှစ်ဖက်ထောက်ပြီး ခေါင်းငိုက်စိုက်ကျနေရှာသည်။

စားပွဲပေါ်တင်ထားသောမှန်တွင် ဦးသောင်းစိန်၏ပုံရိပ် ထင်နေ၏။ အခုတော့ ထိုမှန်က မှန်သလိုလိုရှိနေသည်။ အပြင်မှ ဦးသောင်းစိန် စိတ်ဓာတ်ကျကာ လူအိုကြီးတစ်ယောက်ပုံပေါက်နေသလို မှန်ထဲက ပုံရိပ်ကလည်း အိုမင်းမစွမ်း ဖြစ်နေသည်။

ထိုစဉ် ဦးသောင်းစိန်၏ပုံရိပ်က တဖြည်းဖြည်းပြောင်းလဲလာ၏။

မူလပုံစံပျောက်သွားပြီး မိန်းမတစ်ယောက်ပုံသဏ္ဍာန် ဖြစ်သွားသည်။ ထိုအခါမှ ငုံ့ကြည့်နေသော ဦးသောင်းစိန် ထိုပုံရိပ်ကို သတိပြုမိသွားကာ. .

"ဟင်!. . မင်း. . မင်း. ."

ကြောက်လန့်တကြား နောက်ပြန်လဲကျသွား၏။ အသံကြား၍ အခန်းပြင်မှ ဝန်ထမ်းကောင်မလေး ပြေးဝင်လာသည်။ လဲနေသော ဦးသောင်းစိန်က စားပွဲခုံပေါ် လက်ညှိုးထိုးပြရင်း. .

"အဲဒီ့ခုံပေါ်ကမှန်ကို ကြည့်လိုက်စမ်း. ၊ မှန်ထဲက ဘာလဲ"

ထိုကောင်မလေး အပြေးအလွှားပြေးလာကာ မှန်ကိုကြည့်အပြီး. .

"ဘာ. . ဘာမှမရှိပါဘူး သူဌေး"

ဒီတော့မှ သူအားယူပြန်ထကာ. .

"အေး. . အေး. . ဘာမှမဟုတ်ဘူး၊ မင်းသွားလို့ရပြီ"

သူလည်း ရုံးခန်းထဲမှ ဆိုဖာပေါ်ထိုင်ချလိုက်အပြီး. . အာ စောက မှန်ထဲတွေ့လိုက်ရသော မိန်းမအကြောင်း တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတွေ့လိုက်ရတာက ဆံပင်ဖွားလျားနှင့် မီးလောင်ဒဏ်ရာလုံးဝမရှိသော ခရေဆိုသော သူ့အတွင်းရေးမှူးမလေးပဲ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ရဲမိုးအား စစ်ဆေးမှုစသည်။ မဆီမဆိုင် လူသတ်မှုနှင့် အဖမ်းခံရသည့်အတွက် ရဲမိုး မခံချိမခံသာ ဖြစ်နေ၏။

“လူသတ်သမားက ဦးခွန်မှိုင်းပဲ သီဟ”

“မင်းပြောတာ ငါယုံမယ်များထင်နေသလား ရဲမိုး”

ခေါင်းတညိမ့်ညိမ့်နှင့် သီဟက. .

“ဦးခွန်မှိုင်းက လူသတ်သမားဆို သက်သေကဘယ်မှာလဲ။ မင်းသက်သေက. . ဟိုအရူးမ စံပယ်ကို သက်သေခံမလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ခရေက မီးလောင်ပြီးသေခဲ့တာမဟုတ်ဘူး၊ သူ့အလောင်းကို မင်းပြန်စစ်ကြည့်သင့်တယ် သီဟ"

သီဟ ခေါင်းနောက်သွား၏။ သံသယတရားခံ နောက်တစ်ယောက်ပေါ်လာ၍ဖြစ်သည်။ သို့နှင့် သီဟ ဘယ်သူမှမခေါ်ဘဲ တစ်ယောက်တည်း ထွက်လာခဲ့၏။ မီးလောင်မှုဖြစ်ခဲ့ပြီးနောက် ခရေ၏ အလောင်းကို စစ်ဆေးခဲ့ရသော မှုခင်းဆရာဝန်နှင့် တွေ့ဖို့ပဲဖြစ်သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်နှင့်ရင်ခွဲရုံမှ မှုခင်းဘက်ဆိုင်ရာ ခွဲစိတ်ဆရာဝန်ကို တွေ့ချင်တော့ သူရှိသည့် ရင်ခွဲရုံကိုသာ လာခဲ့ရသည်။

သရဲမကြောက်သည့် ရဲတစ်ယောက်ပင် ဖြစ်သော်လည်း ရင်ခွဲရုံထဲအရောက်မှာ သီဟကြက်သီးတော့ အနည်းငယ်ထသွား၏။ ဖုန်းဆက်ထားသည်မို့ ဒေါက်တာဝင်းကိုနှင့် တွေ့ခွင့်ရသည်။

"လာဗျာ. . . ရုံးခန်းမှာပဲ ပြောရအောင်"

ညှီစို့စို့ လူသေနံ့များနှင့် အအေးခန်း အလောင်းအံဆွဲများကို ဖြတ်လျှောက်ကာ ရုံးခန်းထဲသို့ ရောက်လာခဲ့၏။ ထိုအထဲရောက်မှ စိတ်ထဲလုံခြုံသွားသလို ခံစားရသည်။

"ခင်ဗျားကြည့်ချင်တဲ့ အမှုတွဲဟောင်းကို ကျွန်တော်ရှာထားပါတယ်"

"ကျေးဇူးပဲဗျာ"

ဒေါက်တာက ဖိုင်အဟောင်းတစ်ခု ထုတ်လာ၏။ ဖိုင်အဖုံးတွင် မခရေဟု နာမည်ကပ်ထားသည်။

"ရုပ်မပေါ်တော့တဲ့ အလောင်းကို သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေက မခရေဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ခဲ့ကြတာပါ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com


တကယ်တန်းကျတော့ မီးလောင်ဒဏ်ရာက ပြင်းလွန်းတဲ့အတွက် ဘယ်သူဆိုတာ မှတ်မိဖို့တောင် ခက်ခဲတဲ့အနေအထားပါ"

"အဲဒါဆို မခရေပါလို့ ဘာလို့အသေအချာ ပြောနိုင်ရတာလဲ ဒေါက်တာ"

"မီးလောင်ပြီးချိန်မှာ သူပြန်ပေါ်မလာတော့ဘူးလေ. . ၊ ဒါကြောင့် အားလုံးက ခရေလို့ပဲ အတည်ပြုခဲ့ကြတာ"

သီဟာ ထိုဖိုင်ကိုယူပြီး လှန်လှောကြည့်နေသည်။

"သွေးအုပ်စုက (ဘီ)ဆိုပါလား"

"ဟုတ်တယ်ဗျ. .၊ သူတို့လည်း အလောင်းကို ကြောက်ကြောက်နဲ့ အမြန်ကြည့်ပြီး အတည်ပြုခဲ့တာဖြစ်မယ်"

"အင်း. . သေချာသလောက်ပါပဲ၊ ဒါနဲ့ အမွှာတွေမှာ သွေးအုပ်စု တူတတ်သလား၊ ကွဲပြားမှု ရှိနိုင်လား"

"အဲ. . သွေးအုပ်စုကတော့ ကွဲပြားမှုရှိနိုင်တယ်၊ ဒါပေမဲ့ သူတို့ရဲ့ DNA ကတော့ သေချာပေါက်တူတယ်ဗျ"

"သူ့မှာ အမွှာညီမတစ်ယောက် ရှိတယ်လေ၊ ဒါနဲ့ ဒေါက်တာ ဒီရင်ခွဲရုံထဲမှာ အလုပ်လုပ်ရတာ မကြောက်ဘူးလား၊ နေ့တိုင်း အလောင်းတွေနဲ့ နပန်းလုံးနေရတော့လေ"

"အဟင်း. . ကြာတော့လည်း ရိုးသွားပါပြီဗျာ"

သူတို့ ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့ကြ၏။

"သေပြီးသားလူတွေ မှန်ထဲမှာ ပြန်မြင်ရတယ်ဆိုတာ တကယ်လား ဒေါက်တာ. ."

"ခင်ဗျား မြင်လိုက်ရလို့လား"

သီဟာကရယ်လျှက်. .


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ မမြင်ဘူးပါဘူး၊ ကြားဖူးတာကို မေးကြည့်တာပါ"

"အင်း ဘယ်လိုပြောရမလဲ၊ ဒီရင်ခွဲရုံထဲကြည့်မှန်တစ်ချပ်မှ မထားတော့. . ကျုပ်လည်းမသိဘူးဗျ၊ အသုဘတွေမှာတော့ မှန်တွေ အုပ်ထားတာကို တွေ့ဖူးတယ်၊ နောက်ပြီး ဒီမှာလုပ်ခဲ့တဲ့ တချို့ဝန်ထမ်းတွေဆို ရူးသွားတာတို့. . ကြောက်ပြီး ခဏလေးနဲ့ အလုပ်ထွက်သွားကြတာတို့ ရှိဖူးတယ်၊ ရင်ခွဲရုံဆိုတော့လည်း ထူးဆန်းတဲ့ အဖြစ်အပျက်တွေ. . အတော်များများကြုံရတာပေါ့ဗျာ"

အလောင်းထည့်သော အအေးခန်းအံဆွဲများရှေ့တွင် ရပ်၍ သူတို့ စကားကောင်းနေကြ၏။

"ကျွန်တော်ကြုံဖူးတာဆို ခင်ဗျားယုံမှာတောင်မဟုတ်ဘူး"

ဒေါက်တာဝင်းကိုစကားကို သီဟ စိတ်ဝင်စားသွား၏။

"ကျွန်တော် ဒီမှာအလုပ်စဝင်တဲ့နေ့ကပေါ့၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကပါပဲ၊ ဒီကို အလောင်းတစ်လောင်း ရောက်လာတယ်. .၊ သေမှုသေခင်းဆိုတော့ ကျုပ်တို့လည်း ဒဏ်ရာလိုက်ရှာရတာပေါ့၊ ဒါပေမယ့် အလောင်းမှာ ဘာဒဏ်ရာမှမရှိဘူး၊ ခန္ဓာကိုယ်အတွင်းအပြင် ဘာဒဏ်ရာမှမတွေ့ဘူး၊ ရိုးရိုးသေဆိုပြီး အတည်ပြုပြီး ထုံးစံအတိုင်း နံပါတ်စာရင်းသွင်းပြီး. . ဟောဒီက အအေးသေတ္တာထဲ ထည့်လိုက်တာပေါ့၊ အဲဒီမှာ အံဆွဲတံခါးက စတီးဘောင်မှာ သွေးပုံရိပ်ပေါ်နေတယ်ဗျ၊ ဆန်းတာက စတီးဘောင်မှာပေါ်နေတဲ့ အလောင်းရဲ့နဖူးမှာ ကျည်ဆံရာကြီးနဲ့. ."

"ဗျာ!. ."

"တကယ့်အလောင်းရဲ့နဖူးမှာ ဘာဒဏ်ရာမှမရှိဘူးဗျ၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော်သေချာမြင်ခဲ့တာ၊ ဒါပေမဲ့ ကျွန်တော်ပြောတာကို ဘယ်သူမှမယုံကြဘူးလေ"

ပြောလို့ဝတော့ သီဟ နှုတ်ဆက်ပြီးပြန်လာခဲ့သည်။

အပြန်လမ်းမှာကားစောင့်ရင်း မှတ်တိုင်ကဂျာနယ်အရောင်းဆိုင်မှ ဂျာနယ်တစ်စောင်၏ခေါင်းစည်းကို စိတ်ဝင်စားသွား၍ ဝယ်ဖတ်လိုက်၏။

ရွှေတောင်းကုန်း စီးပွားရေးလုပ်ငန်းအုပ်စုကြီးက ဒက္ခိဏနဂါး SUPER MARKET လုပ်ငန်းကို လွှဲပြောင်းရယူမည် ဖြစ်ကြောင်း ဖတ်လိုက်ရသည်။ ဂျာနယ်ဖတ်အပြီး ဖုန်းထုတ်ကာ ဦးခွန်မှိုင်းဆီ လှမ်းဆက်လိုက်၏။ ထို့နောက် ဦးခွန်မှိုင်းရှိရာ ကုန်တိုက်သို့ သူထွက်လာခဲ့လိုက်သည်။

"မီးလောင်သေသွားတဲ့ ခရေ့အကြောင်း သိချင်လို့ပါ"

"သူ့ကို အလုပ်ထဲမှာတွေ့နေရတာပဲလေ၊ ကျန်တာတော့ ကျုပ်ဘာမှမသိဘူး၊ ဒါပေမယ့် မောင်ရဲမိုးအတွက်တော့ ဦးစိတ်မကောင်းပါဘူးကွာ၊ မင်း အလုပ်ပြောင်းဖို့ကော စိတ်ကူးမရှိဘူးလား မောင်သီဟ"

"ဦးခွန်မှိုင်းက တစ်ဖက်လူရဲ့စိတ်ကို ထိုးထွင်းသိမြင်နိုင်သားပဲ. . တနေ့နေ့တော့ပြောင်းရမှာပေါ့ဗျာ"

"မင်းသာ ဒီမှာအလုပ်ဝင်ချင်ရင် အချိန်မရွေးပဲ. . ၊ ထိုက်တန်တဲ့ ရာထူးတစ်ခု အဆင်သင့်ရှိနေမှာပါ"

"ကျေးဇူးပါပဲ ကျွန်တော်မှတ်ထားပါ့မယ်၊ ခွင့်ပြုပါဦး"

သီဟ ဦးခွန်မှိုင်းရှေ့မှထွက်လာခဲ့ပြီး တံခါးပေါက်နားအရောက် သတိရသွားကာ. .



www.burmeseclassic.com

www.burmeseclassic.com



"ရဲမိုး အဖမ်းခံရတဲ့ကိစ္စ ဦးခွန်မှိုင်း ဘယ်လိုသိနေတာလဲ"

အငိုက်မိသွားသည့် ဦးခွန်မှိုင်း ဘာမှပြန်မဖြေနိုင်၊ မျက်စိမျက်နှာပျက်စွာနှင့် တစ်ခုခုပြောဖို့ ကြိုးစားနေ၏။

"ကြား. . ကြားတာပါကွာ"

သီဟ ကျေနပ်သွား၏။ အပြင်ရောက်နေသော ရဲမိုးကိစ္စက သိနိုင်ဖို့ အကြောင်းအရင်းမရှိ. . .

သီဟထွက်သွားမှ ဦးခွန်မှိုင်း သက်ပြင်းရှိုက်၍သာ ကျန်ခဲ့တော့သည်။

သီဟလည်း ရောက်တုန်း Event hall သို့ဝင်ပြီး လှေ့လာဦးမည်ဟု စိတ်ကူးမိသည်။ ထို့ကြောင့် ဒုတိယထပ်သို့ ဓာတ်လှေကားနှင့် ပြန်ဆင်းလာခဲ့၏။ ဓာတ်လှေကားထဲ၌ သီဟတစ်ယောက်ထဲဖြစ်၏။ လေးဖက်လေးတန် စတီးနံရံများတွင် သူ့ပုံရိပ်တွေက အထင်းသား ပေါ်နေသည်။ ကိုယ့်ပုံကိုယ် ပြန်ကြည့်ရင်း ဓာတ်လှေကားထဲ သေသွားသော ဇင်အောင်ကို သတိရသွားသည်။

သီဟ သရဲတစ္ဆေတွေ အယုံအကြည်မရှိသော်လည်း စိတ်ထဲတစ်မျိုးကြီး ဖြစ်လာသည်။ ထိုစဉ်. . ရှေ့တည့်တည့် စတီးနံရံမှ သူ့ပုံရိပ်ဘေးတွင် မိန်းမတစ်ယောက်ပေါ်လာတာ မြင်လိုက်ရ၏။

သီဟ ကြက်သီးများထသွားကာ ချက်ချင်းပင် နောက်ပြန်လှည့်ကြည့်လိုက်သည်။

"ဟင်!. ."

စောစောကမိန်းမ မရှိတော့။ သူ သရဲခြောက်ခံရပြီဆိုတာ သဘောပေါက်သွားသည်။ သီဟ နည်းနည်းတော့ ချောက်ချားသွား၏။ ဒီကုန်တိုက်ထဲမှာ ဝိညာဉ်တွေ မကျွတ်မလွတ် ရှိနေသေးတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာပြီ။ ဒါဆို စံပယ်ပြောသလို သူ့အစ်မအလောင်း ဒီကုန်တိုက်ထဲမှာ ရှိနေတာများလား. . ။

စဉ်းစားရင်း သီဟ ခေါင်းခြောက်လာသည်။ ဓာတ်လှေကားထဲမှအထွက် တွေးတောအဖြေရှာနေရသည်။ ခန်းမက အပုံစားပြင်ဆင်မွမ်းမံထားသဖြင့် ဒီနေရာမှာ မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ထင်စရာမရှိအောင် သားနားနေသည်။ ထိုခန်းမကို ဖက်ရှင်ပြခန်းနှင့်ခေတ်မီအဝတ်အစား အရောင်းပြခန်းအဖြစ် အသုံးပြုထားသည်။

နိုင်ငံရပ်ခြားမှ အဝတ်အစားမျိုးစုံကို မော်ဒယ်အရုပ်များတွင် ဝတ်ဆင်ပေးကာ အလှပြထား၏။ အလုပ်ဆင်းချိန်ရောက်လာ၍လားမသိ ဝန်ထမ်းကောင်မလေးတွေ အလျှိုလျှိုထွက်ခွာသွားကြရာ ခန်းမကျယ်ကြီးထဲ သီဟတစ်ယောက်ထဲ ကျန်ခဲ့သည်။ အေးအေးဆေးဆေး စဉ်းစားဖို့ အခွင့်အရေးရသွားသဖြင့် သီဟ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး၊ ကိုယ့်ဘာသာ လူသတ်သမားနေရာဝင်၍စဉ်းစားကြည့်သည်။

ရဲမိုး ပြောပြချက်အရ သေနတ်ကို ဦးခွန်မှိုင်းက ပေးခဲ့တာဟုဆိုသည်။ ရဲမိုး၏ လက်ဗွေရာလိုချင်လို့ ပေးထားတာဆိုလျှင်. . ခိုင်မြသာကိုသတ်သူမှာ ဦးခွန်မှိုင်းသာ ဖြစ်ရမည်။

ဤသို့ဆိုလျှင် ခရေ၊ သင့်မြတ်၊ ဇင်အောင်၊ ခိုင်မြသာ တို့နှင့်ဦးခွန်မှိုင်း ဘယ်လိုများပတ်သက်ခဲ့ကြသလဲ၊ ထိုကွင်းဆက်ကိုသိလျှင်အမှုကိုဖော်ထုတ်နိုင်ပြီ ဖြစ်သည်။ ဦးခွန်မှိုင်းက ခရေတို့ညီအစ်မနှင့်မရင်းနှီးပါဟု ဖြေခဲ့သော်လည်း ရဲမိုးအပြောအရ စံပယ်တို့ညီအစ်မနှစ်ယောက်၏ မီးဖိုချောင်ထဲမှပုံကို ရိုက်ပေးသူမှာ. . ဦးခွန်မှိုင်းသာဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခုံပေါ်တင်ထားသော စတီးခွက်ဘူးပေါ်တွင် ခွက်ပုံ ရိုက်ပေးသူ၏ ပုံရိပ်ပေါ်နေသည်ဟု ရဲမိုးက ထောက်ပြသည်။ ပုံက သေးသဖြင့် လူလုံးမကွဲသော်လည်း ယောကျ်ားတစ်ယောက်ဖြစ်မှန်း တော့ ပုံဖမ်း၍ရသည်။ အခြေအနေအရပ်ရပ်က တရားခံမှာ ဦးခွန်မှိုင်းဟု ဖေါ်ပြနေပြီဖြစ်သည်။

ခရေ၏အလောင်းကိုသာ ရှာတွေ့လျှင် ပွဲသိမ်းပြီဖြစ်သည်။ သီဟ ထိုင်တွေးနေတာ အမှုမှန်ပေါ် အဖြေထွက်သွားပြီးဖြစ်၍. . သဘောကျစွာပြုံးလိုက်မိ၏။ အပြင်မှာသာ လုပ်ရကိုင်ရတာ. . ဒီလောက်လွယ်လျှင် ဥပဒေတွေ ရဲတွေရှိဖို့ မလိုအပ်တော့. .။

အလောင်းကို ဘယ်နေရာမှာ ရှာရမလဲဆိုတာ တွေးရင်း သီဟထရပ်လိုက်သည်။ ထိုစဉ် ပွတ်တိုက်ရွေ့လျားသံတစ်ခု ကြားလိုက်ရသလိုရှိ၏။ သီဟ တစ်ခန်းလုံးကို ဝေ့ဝဲအကဲခတ် ကြည့်လိုက်သည်။ မလှမ်းမကမ်းမှ မော်ဒယ်(လ်)မိန်းမ အရုပ်တစ်ရုပ် လှုပ်သွားတာ မြင်မိ၏။

ထိုနေရာသို့ သီဟ လျှောက်သွားကြည့်သည်။ ထိုအရုပ်မက ရှပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီဝတ်ကာ လျှာထိုးဦးထုပ်ဆောင်းပြီး ယောကျ်ားပုံစံ ပြင်ဆင်ထားသည်။ သီဟက ခပ်ငိုက်ငိုက်ဖြစ်နေသောဦးထုပ်ကို ဆွဲချွတ်လိုက်သည်တွင်. .

"ဟင်!. . မင်း. . မင်း. . "

သေသွားသည့်ခရေကို မြင်လိုက်ရ၍ သီဟ ဖင်ထိုင်လျက် ပင် လဲကျသွား၏။ သေချာကြည့်မှ မော်ဒယ်(လ်)အရုပ်မ မျက်နှာက ခရေနှင့်အတော်တူနေ၍ သီဟ အမှတ်တမဲ့ လန့်အော်လိုက်ခြင်း ဖြစ်သည်။ နောက်မှကိုယ့်အဖြစ်ကိုယ် ရယ်ချင်သွားကာ အရုပ်မကို



www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်ပြန်ဆောင်းပေးလိုက်သည်။ ထိုအခိုက်မှာပင် သက်မဲ့အရုပ်၏ လက်တစ်ဖက် လှုပ်ရှားလာကာ တစ်နေရာသို့ ညွှန်ပြသလို မြောက်တက်လာသည်။

ဒီတစ်ခါတော့ သူ့ကိုယ်သူ ရဲတစ်ယောက်ဆိုတာ မေ့သွားလောက်အောင်ကိုပင် အထိတ်တလန့် ဖြစ်သွားသည်။ ဒီမှာဆက်မနေရဲတော့သဖြင့် ထွက်ပြေးဖို့ လှည့်အထွက်တွင်. .

"အောင်မလေးဗျ!. ."

လူတစ်ယောက်နှင့် ဘွားခနဲ ရင်ဆိုင်လိုက်ရသဖြင့် သီဟ လန့်အော်မိရပြန်သည်။

"ဟာ!. . ဆရာ ဘာလုပ်နေတာလဲဗျ"

ကြည့်လိုက်တော့ လုံခြုံရေးတာဝန်ခံ ဦးရွှေခိုင် ဖြစ်နေ၏။

သီဟ ရှက်ရယ်,ရယ်လိုက်ရင်းက. .

"အဟင်း. . အခုပဲပြန်တော့မလို့"

အမှတ်တမဲ့ ပြန်လှည့်ကြည့်ရာ စောစောက လက်လှုပ်ညွှန်ပြနေသော အရုပ်မလက်က မူလအတိုင်း ခါးထောက်လျက် ပြန်ဖြစ်နေတာ သတိပြုမိ၏။

"ဒီခန်းမ ပိတ်မှာမို့လို့ပါ ဆရာ"

သီဟ တံခါးပေါက်ရောက်မှ ရုတ်တရက်ဆိုသလို ဦးရွှေခိုင်အား မေးကြည့်ဖို့ စိတ်ကူးရသွားပြီး သူငါခါးပိတ်တာကို ရပ်စောင့်နေလိုက်၏။ အားလုံးပြီးသွားမှ. .

"ဦးလေးရော ဂျူတီပြီးပြီလား"

"ပြီးပြီဆရာ ပြန်ဖို့ပဲရှိတယ်"

"ဒါဆိုအတော်ပဲ တစ်ခုခုစားရင်းသောက်ရင်း ခဏလောက်



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရအောင်လား"

"ရတာပေါ့ ဆရာရယ်"

သို့နှင့် အနီးအနားမှ အရက်ဆိုင်ဆိုင်တစ်ဆိုင်သို့ သွားကြလေသည်။ သီဟက အရက်ခွက်ကိုငှဲ့ပေးရင်း. .

"ဦးလေး ဒီမှာအလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ"

"ကြာပြီပေါ့ ဆရာရယ်၊ မီးလောင်မှု မဖြစ်ခင်ကဆိုတော့ ငါးနှစ်လောက်ရှိပြီ"

"ဝန်ထမ်းအတော်များများနဲ့လည်း သိမှာပေါ့"

"သိတာပေါ့ ဆရာရယ်"

"ဒါဆို ခရေဆိုတဲ့ ကောင်မလေးနဲ့ရော"

သီဟအမေးကြောင့် ဦးရွှေခိုင် မလုံမလဲ ဖြစ်သွားသည်။

"သူ ဘယ်လိုသေခဲ့ရတာလဲ၊ မီးလောင်တာရော ဟုတ်ရဲ့လား ဦးလေး"

"အင်း. . အတိအကျတော့ မပြောနိုင်ဘူး ဆရာ၊ သူလို့ထင်ကြတာပဲ"

"ကျွန်တော့်ကို ဦးရွှေခိုင်သိသမျှ ပြောပြပေးပါ"

ဦးရွှေခိုင် ချွေးပျံသွားပုံရသည်။ တစ်ရှူးတွေ တစ်ပုံကြီးဆွဲထုတ်ကာ မျက်နှာကိုသုတ်နေ၏။ သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းသိမ်းရင်း. .

"တကယ်တော့. . ဒီအကြောင်းတွေကို မျိုသိပ်ထားရတာ ကျုပ် စိတ်ပင်ပန်းလှပါပြီ ဆရာရယ်"

ထိုစကားကြောင့် သီဟ စိတ်ဝင်စားမှု အရှိန်တက်ပြီး အားတက်သရော ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သိထားတာတွေရှိရင်. . ပြောပြပါဦးလေး၊ ဘယ်လိုခြိမ်းခြောက်မှုကိုမဆို ကျွန်တော် တာဝန်ယူကာကွယ်ပေးမှာပါ"

"မလိုပါဘူးဆရာ၊ ကျုပ်က အသက်ကြီးပါပြီး. . အသေဖြောင့်အောင် ဒီကိစ္စကို ပြောပြချင်နေတာ၊ ဆရာကမေးလာတော့ အတော်ပဲပေါ့"

ဦးရွှေခိုင် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိကာ ရှိုက်ဖွာလိုက်ရင်း. . လက်ကျန်အရက်ကို အကုန်မော့သောက်လိုက်၏။

"အဲဒီညက မီးလောင်ပြီးသေခဲ့တာ ခရေမဟုတ်ဘူး"

"ဗျာ!"

ဦးရွှေခိုင်က ဘေးဘီဝဲယာကို အကဲခတ်လိုက်ရင်း လေသံနှိမ့်လျက်. .

"သေသွားတာက နေစရာမရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ကျုပ်က သနားလို့ ညဘက် ကုန်တိုက်ပိတ်ပြီးရင် စတိုခန်းထဲမှာ အိပ်ခွင့်ပေးထားခဲ့တာ၊ သမီးချင်းစာနာလို့ပါ၊

အဲ. . မီးလောင်မယ့်ညမှာ စားပွဲသောက်' ဒုပ်တော့ သူခိုးကြောင်ခိုးဝှက်နဲ့ တက်လာတယ်၊ ကျုပ်လည်းသနားဘာနဲ့ စားစရာတချို့ယူပေးပြီး အခန်းတစ်ခန်းထဲမှာ စားခိုင်းထားခဲ့တယ်၊

အစားကောင်းတွေကို သိပ်ကြိုက်သွားတဲ့ အဲဒီကလေးမဟာ ဘာကိုမှမကြောက်တော့ဘဲ အသားကင်တွေ လာခိုးစားတယ်လေ၊ အဲဒီအချိန်မှာ မီးလောင်တာ. . ၊ သူက ဂက်(စ)မီးဖိုနဲ့ အနီးဆုံးလူလေ"

"အဲဒါ ဦးလေး ဘယ်သူ့ကိုမှ မပြောဘူးလား"

"ကျုပ် ဦးခွန်မှိုင်းကို ပြောပါတယ်၊ ဒါပေမဲ့. . သူက ခရေ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေတဲ့ကိစ္စ လူသိသွားရင် ပြဿနာပိုကြီးကုန်မယ်ဆိုပြီး သေသွားတဲ့ ကလေးမကို ခရေရဲ့ အလောင်းလို့ပဲပြောဖို့ ကျုပ်ကို ခိုင်းခဲ့တာလေ၊ အမှန်တော့ မီးလောင်ပြီးသေတာ ခရေ မဟုတ်ဘူး။ အဲဒီ့အတွက် ကျုပ်ကို ဦးခွန်မှိုင်းက ငွေဆယ်သိန်း ပေးသေးတယ်ဗျ"

ဦးရွှေခိုင်က မူးမူးနှင့်အကုန်ဖွင့်ပြောလေသည်။

"ဟာဗျာ ဒီလူအတော်ပက်စက်တာပဲ၊ ဒါဆို ခရေ မသေဘူးပေ့ါ၊ သူဘာဖြစ်သွားသလဲ"

"အဲဒါတော့ ကျုပ်လည်းမသိတာ အမှန်ပါ၊ နောက်တော့ ရင်ခွဲရုံမှာ အလောင်းအတည်ပြုဖို့အတွက် ကျုပ်လိုက်သွားခဲ့ရတယ် ရုပ်ပျက်နေတဲ့ အလောင်းကို ခရေပါလို့ ပြောခဲ့ရတယ်လေ. .၊

ဦးခွန်မှိုင်း ကျုပ်ကိုငွေပေးတုန်းက. . စကားတစ်ခွန်းပြောတယ်၊ အဲဒါက. . ဒီအကြောင်းတွေ သေတဲ့အထိ ရင်ထဲသိမ်းထားပါတဲ့၊ နှုတ်ဖွာရင်. . အလုပ်ဖြုတ်မှာနော်လို့လဲ သတိပေးသေးတယ် ဆရာ"

သီဟ လေးနက်စွာစဉ်းစားရင်း. .

"ခရေက မီးလောင်သေတာ မဟုတ်ဘူးဆိုပေမယ့် အဲဒီနေ့ကစပြီး ပျောက်သွားခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

ဒီအတိုင်းဆိုလျှင် သူညီမစံပယ် ပြောသလို ခရေ သေသွားတာဖြစ်နိုင်သည်။ အလောင်းမှာလည်း ဒီကုန်တိုက်ထဲမှာပင် ရှိရမည်။ အလောင်းကိုရှာတွေ့ဖို့က အရေးကြီးနေပြီဖြစ်၏။ သို့သော် ဘယ်နေရာမှာ ရှာရမှန်းမသိ. .

"ဒါနဲ့ ဒီကုန်တိုက်မှာ သရဲခြောက်တယ်လို့ ပြောကြတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ကျုပ် ညရောက်မှာကို ကြောက်မိတယ်၊ ကုန်တိုက်ထဲ စောင့်ရတဲ့ညဆို အဆိုးဆုံးပဲ. . ၊ မိန်းမတစ်ယောက်ကို ဖျတ်ခနဲဖျတ်ခနဲ တွေ့ရတတ်တယ်၊ ပထမတော့ ကျုပ်က မီးလောင်ပြီး အမှန်တကယ်သေသွားတဲ့ ကောင်မလေးလို့ထင်မိတယ်၊ ဒါပေမယ့် ခရေနဲ့လည်း အလွန်တူနေတယ်. . ."

အဖြစ်ဆိုးက တဖြည်းဖြည်းတော့ ရုပ်လုံးပေါ်လာပြီဖြစ်သည်။ ဖြစ်ခဲ့သမျှအားလုံးကို ဦးခွန်မှိုင်းပင် နောက်ကွယ်က ကြိုးကိုင်စီစဉ်ခဲ့ခြင်းသာ ဖြစ်ရမည်။ သီဟ အရက်ဖိုးရှင်းကာ ဦးရွှေခိုင်အားတွဲပြီး အိမ်ပြန်ပို့ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

နေ့သစ်၏ တက်သစ်စနေရောင်အောက်တွင် လောကကြီး သက်ဝင်လှုပ်ရှားလာပြန်ပြီ။ ထိုနေ့သစ်တွင် ဒက္ခိဏနဂါးကုန်တိုက်ကြီးလည်း အသစ်ပြန်လည်မွမ်းမံပြီး ဖွင့်လှစ်မည့်နေ့ရက်လည်း ဖြစ်၏။

ကုန်တိုက်ဝင်ပေါက်ဝကို တခမ်းတနား ပြင်ဆင်ထားပြီး အမျိုးသမီးဝန်ထမ်းတွေကလည်း ညီညာစွာရပ်၍ တူညီသော အပြုံးတို့နှင့် စောင့်ကြိုနေကြသည်။ တစ်ဖက်တွင် မီးလောင်ခံရသူများ၏



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွေက ပိုစကာကိုင်ကာ. . လျှော်ကြေးမပေးရသေးဘဲ ကုန်တိုက်ပြန်မဖွင့်ဖို့ ဆန္ဒပြနေကြသလို. . ဝင်ရောက်လေ့လာလိုသူ အနည်းငယ်နှင့် ဘာတွေဖြစ်မလဲ လာစပ်စုသူတွေလည်း ရှိနေကြသည်။

ဦးခွန်မှိုင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးသော်လည်း ပရိသတ်က နာမည်ကြီးနေသော ကုန်တိုက်ထဲ မဝင်ရဲကြ၊ အကဲခတ်သလို စောင့်ကြည့်ရုံသာ ကြည့်နေကြသည်။ ထိုလူအုပ်ထဲတွင် သီဟနှင့် အောင်နိုင်တို့လည်း ပါနေ၏။

"ဆရာ ပြန်ကြပါစို့ဗျာ၊ သူတို့ပွဲ မအောင်မြင်ပါဘူး၊ လူတွေ အထဲဝင်ဖို့တောင် ကြောက်နေကြသလိုပဲ၊ ကျွန်တော်သာဆို ပိုက်ဆံပုံပေးဘောင် အဲဒီကုန်တိုက်ထဲ မဝင်တော့ဘူး"

ထိုသို့အောင်နိုင်ပြောနေစဉ် စက္ကူတစ်ရွက် လေထဲလွင့်ပြီး အောင်နိုင့်အနားသို့ ပြုတ်ကျလာ၏။ ငုံ့ကြည့်လိုက်တော့ (၅၀၀၀) တန်ငွေစက္ကူတစ်ရွက်. .၊ အောင်နိုင် အံ့သြသွားသည်။ ဒါကို သီဟလည်း မြင်နေရ၏။

နောက်တော့ ပရိသတ်တွေ ရုတ်ရုတ်သည်းသည်း ဖြစ်သွားတော့သည်။ ကောင်းကင်ထက်မှ ပိုက်ဆံတွေ ပလူပျံသလိုကျလာ၏။

"ဟာ!. . ပိုက်ဆံတွေ. . ပိုက်ဆံတွေ"

ဟုအော်ဟစ်ရင်း လူတွေဝိုင်းလုကုန်ကြ၏။ အောင်နိုင်လည်း သူ့ခြေထောက်နားက ငါးထောင်တန်တရွက်ကို ကောက်ယူလိုက်သည်။

သီဟ အပေါ်မော့ကြည့်တော့ ကုန်တိုက်အပေါ်ဆုံးအပ်မှ လူတစ်ယောက် ပိုက်ဆံတွေကျဲချနေတာကိုတွေ့ရ၏။ ထိုလူက ဦး



www.burmeseclassic.com

www.burmeseclassic.com



သောင်းစိန်သာဖြစ်သည်။ သူက. . . နောက်ဆုံးအချိန်ထိ သူတည် ထောင်ခဲ့ပြီး သူမပိုင်တော့သည့် ကုန်တိုက်ကြီးအား ပြန်စည်ကားလာ အောင် ကြိုးစားနေဆဲဖြစ်သည်။

ပိုက်ဆံကောက်ရသူတွေ ထိုပိုက်ဆံများနှင့် ကုန်တိုက်ထဲ ပြေးဝင်သွားကြသည်။ ဘာပဲပြောပြော သီဟက ဦးသောင်းစိန်၏ မဟာဗျူဟာကို သဘောကျသွားသည်။ သူတို့လည်း ပရိသတ်နှင့် အတူ ရောယောင်ကာ ကုန်တိုက်ထဲဝင်ခဲ့ကြသည်။ အထဲတွင် ဖက် ရှင်ရှိုးပွဲရှိကြောင်း ကြော်ငြာတွေကပ်ထား၏။ အရောင်းစာရေးမ လေးတွေကလည်း လှိုက်လှဲပျူငှာစွာ ဆီးကြိုကြသည်။

အမျိုးသမီးအများစုပါဝင်သော ဈေးဝယ်သူများလည်း. . discount အခွင့်အရေးကြောင့် နှစ်သက်ရာကုန်ပစ္စည်းများကို အလု အယက် တိုးဝှေ့ဝယ်ယူနေကြပြီ ဖြစ်သည်။

ဖက်ရှင်ရှိုးရှိသည့် Event hall မှာ မီးလောင်ခဲ့သောနေရာ၊ လူသေခဲ့သောနေရာဖြစ်၏။ ငြိမ့်ငြိမ့်ညောင်းညောင်း တေးသံသာ များနှင့်အတူ Cat Walk စင်မြင့်၌ အလှမယ်၊ မော်ဒယ်(လ်)လေးတွေ က ခင်းကျင်းရောင်းချနေသည့် အဝတ်အစားများကို ဝတ်ဆင်ကာ ကြွကြွရွရွ လျှောက်လှမ်းပြနေကြသည်။

ဖက်ရှင်ရှိုးကို မိန်းကလေးအများစု စိတ်ဝင်တစား စောင့် ကြည့်နေသည်။ သီဟကတော့ အခန်းတစ်ခုလုံးကို ခြုံငုံအကဲခတ် နေ၏။ အဝတ်အစားအမျိုးမျိုး လဲလှယ်ဝတ်ဆင်ပြီး လျှောက်လှမ်း ပြကြရသော မော်ဒယ်(လ်)မလေးများ နောက်တစ်ပွဲအတွက် အဝတ် လဲဖို့ အတွင်းခန်းထဲ ဝင်သွားကြသည်။

အဝတ်အစားလဲခန်းအတွင်း မာမီတွေက အဝတ်အစားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်အောင် မိတ်ကပ်ပြင်ပေးကြတာကလည်း အပြေးအလွှား အလု အယက်နှင့်. . .

မော်ဒယ်(လ်) နန်းဆုထိုက်စံတစ်ယောက် အဝတ်အစား လဲဖို့ ပြင်ဆင်နေ၏။ မှန်ထဲမှ သူ့ရုပ်သွင်ကို ပြန်ကြည့်ရင်း သဘော ကျနေသည်။ ကြည့်နေရင်း သူ့နောက်မှ ဖြူဖတ်ဖြူရော်နှင့် မိန်းမ တစ်ယောက်ထွက်လာတာ မြင်လိုက်၏။ ဘယ်သူများလဲ အတွေးနှင့် နောက်လှည့်ကြည့်လိုက်တော့လည်း ဘယ်သူ့ကိုမှ မတွေ့ရ. . ။

နန်းဆုထိုက်စံ ဇဝေဇဝါဖြစ်သွားပြီး လဲဝတ်ရမည့်အင်္ကျီကို ခေါင်းမှစွပ်ချလိုက်၏။ ကိုယ်လုံးပေါ် နေသားတကျဖြစ်အောင် ဆွဲ ဆန့်အပြီးတွင် မှန်ကြည့်လိုက်သည်။

"ဟင်!. . အမလေး"

မှန်ထဲပေါ်နေတာ သူ့ရုပ်သွင်မဟုတ်. . ၊ စောစောကတွေ့ လိုက်ရသော ဖြူရော်ရော်နှင့် အမျိုးသမီးဖြစ်နေ၏။

"အား!. . အမလေး!. . သရဲ. . သရဲ"

နန်းဆုထိုက်စံ၏ အလန့်တကြားအော်သံကြောင့် မော်ဒယ် တွေ၊ မိတ်ကပ်မာမီတွေ ဝိုင်းအုံလာကြသည်။

"ဘာဖြစ်တာလဲ နန်း"

"မှန်ထဲမှာ မိန်းမတစ်ယောက် ပေါ်နေလို့"

မှန်ကို အားလုံးဝိုင်းကြည့်ကြသည်။ မှန်ထဲမှာ သူတို့အားလုံး အရှိအတိုင်း မြင်ကြရ၏။

"နန်း. . ညည်းရူးနေပြီလား၊ ဘယ်မှာလဲ. . ညည်းပြောတဲ့ မိန်းမ"

သူမ အံ့ဩသွား၏။ ခုတော့လည်း မှန်ရှေ့ရှိသူတွေကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသည်။ ဘာမှမထူးခြားသဖြင့်. . အားလုံး ကိုယ့်နေရာကိုယ် ပြန်သွားကြ၏။ ထိုက်စံလည်း ရှက်ရှက်နှင့် အဝတ်အစားတွေကို ပုံကျအောင် ဝတ်စားပြင်ဆင်နေလိုက်သည်။ အဝတ်အစားကို ငုံ့ကြည့်ဆွဲဆန့်နေရသဖြင့် နန်းဆုထိုက်စံ မှန်ကိုမကြည့်ဖြစ်. . ။

ပြင်ဆင်လို့ပြီးမှ ကျေနပ်စွာနှင့် မှန်ကိုပြန်ကြည့်သည်။ အဝတ်အစားပြီးသွားတော့ သူမ ခေါင်းဖြီးသည်။

လက်နှစ်ဖက်လုံး အသုံးပြုပြီး ခေါင်းဖြီးနေစဉ်. . ခါးအားတစ်စုံတစ်ခုက လာဖက်သည့် အထိအတွေ့ကို ခံစားလိုက်ရ၍ မှန်မှတဆင့် သူ့ခါးနေရာကိုကြည့်လိုက်သည်။

"ဟင်!. ."

ခါးနောက်မှ သွေးမရှိသော လက်တစ်ဖက်ထွက်လာကာ သူမကို သိုင်းဖက်လိုက်သည်ကို မြင်လိုက်သည်တွင်. . .

"အား!. . သရဲ. . သရဲ"

သူအော်လိုက်ချိန်တွင် မှန်ထဲမှတိုးထွက်လာသော မိန်းမတစ်ယောက်ကို အားလုံးတွေ့လိုက်ကြရသည်။

"သရဲ. . ဟော့. . သရဲ. ."

ဒီတော့မှ အားလုံးထွက်ပြေးဖို့ သတိရတော့သည်။ စင်မြင့်ပေါ်မှ ခုန်ပေါက်ပြေးဆင်းလာသော မာမီများ၊ မော်ဒယ်(လ်)များကြောင့် ကြည့်နေသောပရိသတ်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားကြသည်။

"အမလေးတော်!. . သရဲ. . သရဲတော့. ."

မာမီတစ်ယောက်၏ အသံစာစာကြောင့် ပရိသတ်များ သိသွားကာ. .



www.burmeseclassic.com

www.burmeseclassic.com



"ပြေး. . ပြေး. ."

"သရဲ. . သရဲ. ."

အားလုံးအလုအယက် ထွက်ပြေးကုန်ကြတော့သည်။ ကုန်တိုက်ထဲမှာတော့ ငရဲပွက်နေပြီ ဖြစ်သည်။ ကြောက်လန့်ကာ အသက်လုပြီး ထွက်ပြေးကြ၏။ ပထမထပ်မှ အလန့်တကြား အော်ဟစ်ပြေးဆင်းလာသော လူအုပ်ကြီးကြောင့် အောက်ထပ်၌ ဈေးဝယ်နေကြသူများလည်း လန့်ဖျပ်ကာ ထွက်ပြေးကုန်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

အထက်မှခေါ်သည်ဆို၍ သီဟ သွားတွေ့ရသည်။ ကုန်တိုက်အမှုအား ဆက်လိုက်ဖို့မလိုတော့ကြောင်း ပြောလာ၍ သီဟ စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။

သီဟ စောဒကတက်ခွင့်မရတော့ဘဲ အလေးပြု အရိုအသေပေးကာ ပြန်လာခဲ့ရတော့သည်။ စခန်းအရောက် လောလောဆယ် တာဝန်ယူရမည့်အမှု မရှိသေးသဖြင့်. . ကုန်တိုက်အမှုတွဲဖိုင်တို့သာ ပြန်လှန်နေမိသည်။

☺ ဓောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သင့်မြတ်နှင့် ဇင်အောင်တို့ သေဆုံးခဲ့စဉ်က မှုခင်းမှတ်တမ်း ဓာတ်ပုံများကို ပြန်ကြည့်နေလိုက်သည်။ ထိုသို့ကြည့်တော့မှ . . ဓာတ်ပုံများ၏ထူးခြားချက်ကို တွေ့ရတော့သည်။

ဓာတ်ပုံထဲတွင် အလောင်းဘေးရှိ လွှဝိုင်းလေး၌ သွေးစွန်း မနေဘဲ မှန်ထဲပေါ်နေသော လွှဝိုင်းလေး၌ သွေးစွန်းနေခြင်းဖြစ်၏။ ထိုပုံများကို သီးခြားခွဲထုတ်ပြီး အံဆွဲထဲ ထည့်သိမ်းလိုက်၏။ ထိုအခါမှ အံဆွဲထဲ အောင်နိုင်မှတဆင့် ဦးသောင်းစိန်ပေးခဲ့သော မှတ်စုစာအုပ် ကိုတွေ့ရသည်။ ကောက်ယူပြီး ဖွင့်ကြည့်လိုက်တော့ ချက်လက်မှတ် တစ်ခု တွေ့၏။ စိတ်အချဉ်ပေါက်စွာနှင့် ထိုစာအုပ်ကို လွှင့်ပစ်လိုက် တော့သည်။

အောင်နိုင် ပြူးပြူးပြဲပြဲဖြစ်သွားကာ . . ထိုစာအုပ်ကို ပြေး ကောက်၏။ ဖွင့်ကြည့်ပြီး မထုတ်ရသေးသော ချက်လက်မှတ်ကိုတွေ့ တော့ မျက်လုံးပြူးသွား၏။ ထိုစဉ် သီဟ အခန်းထဲမှ ထွက်သွားလေ သည်။ သူ့ခြေလှမ်းတွေက အချုပ်ခန်းဆီသို့ ဦးတည်နေ၏။

သံတိုင်ကိုကိုင်ရင်း သူ့ကို မျှော်လင့်တကြီး ကြည့်နေသော ရဲမိုးကိုတွေ့သည်နှင့် . .

"ကုန်တိုက်က ဖွင့်တဲ့ရက်ပဲ သရဲခြောက်လို့ ပြန်ပိတ်လိုက်ရ ပြီ ရဲမိုး"

"ငါ့ကို လွှတ်ပေးပါလားကွာ"

မျှော်လင့်ချက်အကြည့်တို့ဖြင့် ရဲမိုးက . .

"ခရေ့အလောင်းက ကုန်တိုက်ထဲမှာပဲ ရှိနေသေးတော့ ဒီလို အခြောက်အလှန့်တွေဖြစ်နေတာပါ၊ ငါတို့ သူ့အလေးင်းကို တွေ့အောင်ရှာမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သရဲတစ္ဆေတွေ မယုံဘူး"

သီဟာကစူးစိုက်စွာ ကြည့်ရင်းပြောလိုက်၏။

"ဒါက သက်သေပဲလေ၊ မင်းပဲ သက်သေလိုချင်တယ်ဆို. . မင်းသိနေပါပြီကွာ. ."

သီဟက သံတိုင်နားကပ်လာကာ ဘောင်တစ်ခုပေါ် လက်လှမ်းတင်လိုက်ရင်း. .

"မင်း ဘာတွေပြောနေတာလဲ. . ၊ ငါ ဘာမှမသိဘူး ရဲမိုး"

ဒါပဲပြောပြီး သီဟ လှည့်ထွက်သွားသည်။ ရဲမိုး စိတ်ဓာတ်ကျသွား၏။ သို့သော် အချုပ်ခန်းစောင့်ရဲကိုပါ ခေါ်ထုတ်သွားတော့ စိတ်ထဲမသင်္ကာဖြစ်မိသည်။ သူ့အကြည့်က အချုပ်ခန်းတံခါးသံတန်းပေါ် ရောက်သွားရာ သော့တစ်ချောင်းတင်လျက်သား တွေ့လိုက်ရသဖြင့် သီဟ၏လုပ်ရပ်ကို သဘောပေါက်ပြီး ဝမ်းသာသွားသည်။

ဒီတစ်ကြိမ်မှာ အမှုအတွက် စဉ်းစားရာတွင် ရှားရှားပါးပါးပင် နှစ်ယောက်လုံး သဘောထားတိုက်ဆိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ဦးခွန်မှိုင်းအား တရားခံဟု သီဟလည်း သဘောတူ၍သာ သော့ပေးသွားခြင်းဖြစ်သည်။

ထိုအခွင့်အရေးကို အမိအရအသုံးချကာ ရဲမိုး အပြင်သို့ ထွက်လာခဲ့၏။ သီဟ ဘယ်လိုစီစဉ်ထားသည်မသိ၊ စခန်းထဲမှ တခြားရဲတွေလည်း သူ့ကိုမဟန့်တားကြ. . ။

ရဲမိုး အိမ်ပြန်ရန် ကားစောင့်စဉ် ပုံခုံးကိုလာထိသော အထိအတွေ့ကြောင့် လျှက်တပြက် လှည့်ကြည့်လိုက်သည်တွင်. .

"ဟင်!. . မင်း. . မင်း. . ဘယ်လိုလုပ် အပြင်ရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲရောက်နေတာ သိထားသည့်အတွက် စံပယ့်ကို မြင်လိုက်သည်တွင် မယုံမရဲနှင့် ရဲမိုးမေးလိုက်ခြင်းဖြစ်၏။

"ကိုသီဟ ပြန်လွှတ်ပေးလိုက်တာပါ"

သို့နှင့် ရဲမိုး ဖုန်းထုတ်ကာ ဦးခွန်မှိုင်းဆီ ဆက်လိုက်၏။

"ဦးခွန်မှိုင်းလား. . ကျွန်တော် ရဲမိုးပါ"

"ပြော. ."

"သေသွားတဲ့ ခရေရဲ့ စာရင်းစာအုပ်တစ်အုပ် ကျွန်တော်ရထားတယ် ဦးခွန်မှိုင်း"

"မင်းအခု ဘယ်မှာလဲ၊ မင်းကို ဒီညတွေ့ချင်တယ်၊ အဲဒီစာအုပ်လည်းလိုချင်တယ် မောင်ရဲမိုး"

သို့နှင့်. . ဦးခွန်မှိုင်းချိန်းဆိုသော ကုန်တိုက်ဆီသို့ ရဲမိုးနှင့် စံပယ်တို့ ထွက်လာခဲ့ကြသည်။ စံပယ့်မျက်နှာ၌ မျှော်လင့်ခြင်း အရိပ်အယောင်တို့နှင့် တက်ကြွနေရှာသည်။

ထိုအချိန်တွင် သီဟက အမှုနှင့်ပတ်သက်သမျှ မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းနေပြီဖြစ်သည်။ ထိုစဉ်. .

"တီတလီ. . တီတလီ. ."

ကြည့်လိုက်တော့ စည်သူ့ဇနီး အိခိုင်ထံမှဖြစ်နေ၍ အဆောတလျင် ပြန်ထူးလိုက်သည်။

"အိခိုင်. . ပြော"

"ကိုစည်သူ့အတွက် တစ်နှစ်ပြည့်ကို သက်န်းဒွိစုံ လာလှူပေးတာ ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ"

"ဟာ. . ရပါတယ်ဗျာ အလုပ်တွေများလွန်းလို့ လူကိုယ်တိုင် အရောက်မလာနိုင်တဲ့အတွက် ကျွန်တော်ကသာ တောင်းပန်ရမှာပါ



www.burmeseclassic.com

www.burmeseclassic.com



အိခိုင်ရယ်"

"မဟုတ်တာ ကိုသီဟရယ်၊ ဒါနဲ့. . ကိုရဲမိုးနဲ့ရော တွေ့ဖြစ်သေးလား၊ ဒီလိုအချိန်မှာ သူဂရုတစိုက်နဲ့ အလေးအနက်ထားပြီး ရောက်လာသင့်တယ်လို့ ထင်တာပဲ"

"သူ ခရီးလွန်နေလို့ ဖြစ်ပါလိမ့်မယ် အိခိုင်"

"သူ ကျွန်မမျက်နှာကိုကြည့်ဖို့ ခက်နေတာလည်း ဖြစ်ပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ ကျွန်မလက်ခံလိုက်ပါပြီ၊ သူ့ကိုလည်း ခွင့်လွှတ်တယ်လို့ ပြောပေးပါ"

"ဟုတ်ကဲ့ တွေ့ရင်ပြောလိုက်ပါ့မယ် အိခိုင်"

ဖုန်းပိတ်ပြီးမှ ရုတ်တရက် အကြံပေါ်လာ၏။ ကုန်တိုက်မှ ဝန်ထမ်းများ၏ ဖုန်းခေါ်ဆိုမှုများ List ထုတ်ထားတာကို သူ မစစ်ဆေးရသေး၊ ထိုဖိုင်ကိုရှာကာ ကြည့်လိုက်၏။

ဝေဖြိုး မသေခင် နောက်ဆုံးဖုန်းခေါ်ဆိုမှုက ဦးခွန်မှိုင်း. . ၊ ဇင်အောင့် ဖုန်းလည်း ဦးခွန်မှိုင်းပဲ ဖြစ်နေ၏။ သီဟအချိန်မဆွဲဘဲ ဦးခွန်မှိုင်းဖုန်းကို လှမ်းခေါ်လိုက်သည်။ ခေါ်မရသဖြင့် ရဲမိုးဖုန်းကို လှမ်းဆက်ရာ စံပယ်နှင့်အတူ ဦးခွန်မှိုင်းကိုတွေ့ဖို့ ကုန်တိုက်သွားနေကြောင်း သိရ၏။ ထို့ကြောင့် သီဟ ကုန်တိုက်သို့ ချက်ချင်းလိုက်သွားတော့သည်။

ထိုအချိန်တွင် ရဲမိုးနှင့် စံပယ်တို့ ကုန်တိုက်ထဲသို့ ရောက်နေကြပြီဖြစ်သည်။ စကြ်န်လမ်း အချိုးတနေရာတွင် စံပယ်က ရုတ်တရက် အရင်ပြေးထွက်သွားကာ ချိုးဝင်သွား၏။ ရဲမိုး အမှီလိုက်ကာ ထောင့်ချိုးအရောက်တွင်. .

"ဟင်!. ."



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ကို မတွေ့ရတော့. .၊ စကြံန်လမ်းက လူတစ်ယောက် လုံးပျောက်သွားလောက်အောင် တံခါးပေါက်တစ်ချပ်မှမရှိ လျှောက်လမ်းသက်သက်သာဖြစ်၏။

ရဲမိုး နေရာအနှံ့လိုက်ကြည့်ကာ ရှာသော်လည်း အရှင်းကြီးဖြစ်နေ၏။ စိတ်ပျက်ပျက်နှင့် ဆက်လျှောက်လာရာ သူ့နောက်မှ. .

"ရှပ်!. . ရှပ်!. . "

ဟူသော အသံကြားသဖြင့် လှမ်းနေသော ခြေထောက်ကို ရပ်ကာ လှည့်ကြည့်လိုက်သည်။

"ဟင်!. . "

ဘယ်သူမှမရှိ ကြက်သီးတွေ ထောင်ထသွားကာ. . . သရဲခြောက်ခံရမှာကို စိုးထိတ်နေ၏။ ရဲမိုး နောက်လှည့်ကြည့်နေသော အကြည့်ကို ရှေ့သို့ပြန်အပို့တွင်. . .

"အမလေး. ."

သူ့ဦးလေး ဦးသောင်းစိန်ကို အနီးကပ်တွေ့လိုက်ရသည့်အတွက် လန့်ရပြန်သည်။

"ဟင်. . ဦးလေး မပြန်သေးဘူးလား၊ ဒီအချိန်ထိ ဒီမှာဘာလုပ်နေတာလဲ"

ဦးသောင်းစိန် ပြုံးရုံသာ ပြုံးပြနေ၏။

"ငါ မင်းကိုတောင်းပန်ပါတယ်ကွာ"

ဦးလေးက ရှေ့တိုးလာကာ. . အမြဲလို ဟထားလေ့ရှိသော ရဲမိုး ရှပ်အင်္ကျီမှ အပေါ်ကြယ်သီးတစ်လုံးကို ဂရုတစိုက် တပ်ပေး၏။ ထိုအပြုအမူကြောင့် ရဲမိုးရင်ထဲ ကြည်နူးသွားသည်။ ဦးလေး ဘာစကားမှမပြောတော့ဘဲ လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး ကြယ်သီးကိုင့်ကြည့်နေရာက သူ့ဦးလေးဆီလှမ်းအကြည့်တွင် ဦးလေးက စကြွန်လမ်းအဆုံးသို့ပင် ရောက်နေလေပြီ။ ခဏလေးအတွင်းမှာပင် ထိုနေရာရောက်သွားခြင်းက မဖြစ်နိုင်ပေ။

"ဦးလေး . . ဦးလေး . . နေဦး"

သူ ပြေးလိုက်ရတော့သည်။

Cat Walk လျှောက်သော စင်မြင့်နားအရောက် ဦးလေးက ပျောက်ခြင်းမလှ ပျောက်သွား၏။ ထို့အတူ စင်ဘေးမှ ထွက်လာသူက စံပယ်ဖြစ်နေ၍ ပါးစပ်အဟောင်းသားဖြစ်ရပြန်သည်။ စံပယ်က သူ့အနားရောက်လာကာ . .

"အစ်မကို ဘယ်လိုရှာရှာ ရှာမတွေ့ဘူး ကိုရဲမိုးရယ်"

"တီ . . . တီ . . . တီ . ."

ထိုစဉ် အချက်ပေးသံ တစ်ခုပေါ်လာ၏။ စံပယ့် လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးနာရီလေးမှ မြည်နေခြင်းဖြစ်သည်။

ရဲမိုး ထိုနာရီလေးကိုကြည့်ပြီး စိတ်ဝင်စားသွားကာ . .

"ဘာလို့ မြည်နေတာလဲ စံပယ်"

"ကျွန်မ ဆေးရုံမှာရှိနေတုန်းက ဒီအချိန်ဆိုအမြဲပဲ အစ်မနဲ့ ဖုန်းပြောနေကျလေ၊ ဒါကြောင့် နာရီမှာ Alarm ပေးထားတာ"

"စံပယ် အသံပိတ်လိုက်စမ်း . ."

စံပယ် ချက်ချင်းအသံပိတ်လိုက်သော်လည်း . . ထိုအသံကို ဆက်ကြားနေဆဲဖြစ်၏။

"အဲဒါ အစ်မပဲ . . ဒီအခန်းထဲမှာ အစ်မ ရှိရမယ်"

"အသံက နံရံနောက်က လာနေတာနဲ့တူတယ်"

ရဲမိုး နံရံမှ ကိုယ်လုံးပြည့် မှန်ချပ်ကြီးများကို ကြည့်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှန်တွေနောက်က ဖြစ်နိုင်တယ်"

အားကစားပစ္စည်း ကောင်တာသို့ ပြေးသွားကာ . . ဂေါက်ရိုက်တံတစ်ချောင်း ဆွဲယူလာခဲ့သည်။ ပြီးမှ နံရံတွင်ကပ်ထားသော ခြောက်ပေပတ်လည် မှန်များကိုရွေးကာ ရိုက်ခွဲလိုက်သည်။

"ခွမ်း!. . ခွမ်း!. . ခွမ်း!. ."

မှန်သုံးချပ်ခွဲပြီးသည်အထိ မှန်နောက်တွင် ဘာထူးခြားမှုမှ မတွေ့ရသေး. . ၊ ရဲမိုးပင် အားလျှော့ချင်သလို ဖြစ်လာသည်။ ထိုစဉ် မလှမ်းမကမ်းမှ မှန်တစ်ချပ်တွင် ခရေ့ပုံရိပ် ပေါ်လာ၏။ ဒါကို သူတို့နှစ်ယောက်လုံး မြင်လိုက်ကြသည်။

"ဟာင်!. . အစ်မ. . အစ်မ"

စံပယ် အံ့ဩဝမ်းသာစွာ အော်လိုက်သလို ရဲမိုးလည်း ထိုနေရာသို့ ပြေးသွားကာ ခရေ့ပုံရိပ်ပေါ်နေသောမှန်အား ရိုက်ခွဲလိုက်တော့သည်။ ထိုအခါမှ မှန်နောက်မှ မသေသပ်သော အုတ်နံရံအား တွေ့လိုက်ရသည်။

ရဲမိုး အားတက်သွားကာ ကွန်ကရစ်အခြေ ကိုင်ထားခြင်း မရှိသော ထိုအုတ်နံရံအား ဂေါက်တံနှင့်ပင် တွန်းထိုးရိုက်နှက် ဖြိုချနေ၏။ အုတ်တွေပြိုကျပြီး လူတစ်ကိုယ်စာအပေါက် ပေါ်လာချိန်တွင် အောက်သိုးသိုး၊ အနံ့ဆိုးနှင့်အတူ ရုပ်မပီတော့သော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။

"အစ်မ. . ဖြစ်မှဖြစ်ရလေ အစ်မရယ်"

အလောင်း၏လည်တိုင်တွင်လည်း စံပယ်နှင့်ဆင်တူ နှာရိုးဆွဲကြိုးလေး ဆွဲထားတာတွေ့ရသည်။ စံပယ်ကတော့ အစ်မအလောင်းရှေ့၌ ဒူးထောက်ထိုင်ရင်း ရှိုက်ငိုနေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်. . ခပ်အုတ်အုတ် အသံတစ်ခုက သူတို့နှစ်ယောက်အား လွှမ်းမိုးသွားလေသည်။

"နောက်ဆုံးတော့ မင်းတို့ သူ့ကို ရှာတွေ့သွားကြပြီကိုး"

အသံလာရာ လှည့်အကြည့်တွင် သေနတ်တစ်လက်နှင့် ဦးခွန်မှိုင်း ဖြစ်နေသည်။ စံပယ့် မျက်ဝန်းများက မီးဝင်းဝင်း တောက်နေသလား ထင်ရ၏။

"ငါ ဒီကိစ္စနဲ့ပတ်သက်ပြီး အကြီးအကျယ် ပူပန်စိတ်သောကရောက်ခဲ့ရတာ၊ ဒါပေမဲ့ ငါသည်းခံပြီး စောင့်ခဲ့တယ်၊ အခု ဒီကုန်တိုက်က ငါ့လက်ထဲမှာ၊ ငါပဲ ချယ်လှယ်ခွင့်ရတော့မှာ. . ."

ဦးခွန်မှိုင်းက အောင်နိုင်သူလေသံနှင့်ပြောရင်း. .

"စာရင်းစာအုပ် ဘယ်မှာလဲ"

ရဲမိုးက ခါးကြားထိုးလာသောစာအုပ်ကို ထုတ်ပြလိုက်သည်။

ဦးခွန်မှိုင်း ပြုံးရင်း. .

"ဒီစာအုပ် ပျောက်နေပါတယ်လို့ ထင်နေတာ၊ ဒီကောင်မလက်ထဲ ရောက်နေတာကိုး. ."

"ခင်ဗျား ဘာလို့ သူ့ကိုသတ်ခဲ့တာလဲ"

ဦးခွန်မှိုင်း မခိုးမခန့် ရယ်လိုက်ပြီး. .

"ဒါက မတော်တဆပါ. . ."

"ဒီစာအုပ်ကရော ဘာအတွက်လဲ"

"စာအုပ်က ကုန်တိုက်ရဲ့ ရှယ်ရာစာရင်းလေ. . ငါတောင်းနေတာကြာပြီ၊ သူက မင်းဦးလေးရဲ့ လူယုံကွ၊ အခုတော့ ငါ အပိုင်းစုံပိုင်ဆိုင်ခွင့်ရတော့မှာပေါ့"

"မီးလောင်တာလဲ ခင်ဗျားလုပ်ခဲ့တာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဲဒီပျော်ပွဲရှင်ပွဲညက သင့်မြတ်ကို စည်းရုံးပြီး အရက်ရောထားတဲ့ အချိုရည်တွေ သူ့ကိုတိုက်ခဲ့တာ၊ သူ မူးတော့မှ သူ့အချစ်ကို အပိုင်သိမ်းဖို့ စီစဉ်ခဲ့တာ. .၊ ဒါပေမယ့် သူ့အချစ်ကိုမရလိုက်ပဲ သူသေသွားခဲ့တယ်၊

အဲဒီတုန်းက ဒီဟောခန်းဟာ ပြင်ဆင်ဆဲမို့ တော်သေးတာပေါ့ဖြိုး၊ ဇင်အောင်နဲ့ ခိုင်မြသာကလည်း အလောင်းကူဖျောက်ပေးလို့ တော်သေးတယ်. .၊ အုတ်တစ်ထပ် မှန်တစ်ထပ်နဲ့ အလောင်းဖျောက်ခဲ့တာပေါ့"

"ခင်ဗျား အတော်ယုတ်မာတာပဲ၊ ပြီးတော့မှ သူတို့သုံးယောက်လုံးကို နှုတ်ပိတ်ခဲ့တာပေါ့"

"ဟင်း. . ဟင်း. . ငါကိုယ်တိုင် သေနတ်နဲ့ပစ်သတ်တာဆိုလို့ ခိုင်မြသာ တစ်ယောက်ပဲရှိတယ်၊ အဲဒီကောင်က ရှုးနှမ်းနှမ်းနဲ့ လျှောက်ပြောမှာစိုးလို့ နှုတ်ပိတ်လိုက်တာ. ."

"ဩော်. . ခင်ဗျားက ကျုပ်သတ်တယ် ဖြစ်အောင်. . သေနတ်ကို ကျုပ်လက်ထဲထည့်ထားတာပေါ့"

"ဟားဟား. . မင်း သိပ်တော်တယ် ရဲမိုး"

ထိုစဉ်. . .

"သေနတ်ချလိုက်ပါ ဦးခွန်မှိုင်း၊ ခင်ဗျားကို ငွေအလွဲသုံးစားမှု၊ ကုန်တိုက်မီးရှို့မှု၊ ခရေနဲ့ ခိုင်မြသာကိုသတ်မှု၊ အလောင်းဖျောက်မှုတွေနဲ့ ဖမ်းလိုက်ပါပြီ"

နောက်စေ့ကို သေနတ်ထောက်ခံထားရသဖြင့် ဦးခွန်မှိုင်း သေနတ်ချပြီး လက်မြှောက်လိုက်ရ၏။ ထိုအချိန်တွင် တစ်စခန်းထလာသူက စံပယ်ဖြစ်နေသည်။ ဦးခွန်မှိုင်းအား ဘယ်လောက်ထိ နား



www.burmeseclassic.com

www.burmeseclassic.com



ကျည်းနေသည်မသိ၊ ကိုယ်ထိလက်ရောက် လက်စားချေရန် ပြေးဝင်လာကာ လုံးထွေးသတ်ပုတ်တော့၏။

"သေ. . သေစမ်း. . သေစမ်း. . လူယုတ်မာ"

အခြေအနေက ရှုပ်ယှက်ခတ်သွား၏။ ဦးခွန်မှိုင်းက စံပယ်အား ဆွဲယူကိုင်ပေါက် ပစ်လိုက်သည်။ စံပယ် လွင့်စင်သွားကာ. . ခုံစောင်းနှင့် ရိုက်မိသွားသည်။ တပြိုင်တည်း သီဟကိုလည်း တံတောင်နှင့် နောက်ပြန်တွက်လိုက်လေသည်။

ချက်ကောင်းထိသွားပြီး သီဟ နောက်ပြန်လဲကျသွား၏။ သီဟရဲ့သေနတ်အား ဦးခွန်မှိုင်း လှမ်းကောက်လိုက်သလို ရဲမိုးကလည်း ဦးခွန်မှိုင်း ပစ်ချထားသော သေနတ်အား ပြိုင်တူကောက်ယူလိုက်ကြသည်။

သို့သော် သီဟက ဦးခွန်မှိုင်းလက်ထဲတွင် ဓားစာခံဖြစ်နေလေပြီ။ သေနတ်နှင့်လှမ်းချိန်ထားသော ရဲမိုးလက်တွေ တဆတ်ဆတ် တုန်ယင်နေ၏။ ဦးခွန်မှိုင်းက သီဟအား သေနတ်ဖြင့် နားထင်ကိုထောက်ထားလျှက်. .

"ဒီကောင် မသေစေချင်ရင် မင်းလက်ထဲက သေနတ်ချလိုက်နော်. . "

ရဲမိုး. . စည်သူ့အဖြစ်ကို ချက်ချင်းသတိရပြီး. . . သေနတ်ကို ဖြည်းဖြည်းချင်းအချ. .

"ဒိုင်း!. . "

ထိုစဉ်မှာပင် လမ်းဆုံးရောက်နေပြီဖြစ်သော ဦးခွန်မှိုင်းက ရဲမိုးအား ဦးအောင်ပစ်ချလိုက်တော့သည်။ ရဲမိုး ဘယ်ဘက်ရင်ခေါင်းအောက်သို့ ကျည်ထိမှန်ပြီး လွင့်ထွက်သွား၏။ ခဏတာလေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ရဲမိုးအား အမှောင်ကမ္ဘာတစ်ခုက ဖုံးလွှမ်းသွားလေသည်။

သို့သော်. . ရဲမိုး ဒဏ်ရာကိုလက်နှင့်ဖိပြီး ပြန်ထလာ၏။

စံပယ် သတိမေ့လဲကျနေတာကိုလည်း မှန်ထဲမှတစ်ဆင့် ရဲမိုး မြင်နေရသည်။ ထိုစဉ်. . မှန်ထဲက စံပယ်မှာ ကုန်းထလာလေသည်။

ဒါ စံပယ်မဟုတ်တော့. . ၊ ခရေပဲဖြစ်လိမ့်မည်ဟု ရဲမိုး သိလိုက်သည်။ ရဲမိုးထလာသည်ကို တွေ့သည်နှင့် ဦးခွန်မှိုင်း သီဟကိုဆွဲပြီး နောက်ဆုတ်သွားလေရာ ထိုမှန်အနားသို့ ရောက်သွားလေသည်။ မှန်ကို ကျောပေးထားသဖြင့် ဦးခွန်မှိုင်း သတိမပြုမိ. . ။

ထိုစဉ် ခရေ မှန်ထဲမှထွက်လာကာ ဦးခွန်မှိုင်းအား. .

"မကောင်းမှု ကျူးလွန်တာတွေကို ရပ်လိုက်ပါတော့ အန်ကယ်. . "

တီးတိုးစကားသံလေးကြောင့် ဦးခွန်မှိုင်းလှည့်ကြည့်ရင်း တအံ့တဩ ဖြစ်သွား၏။ သူ့လက်ချက်ကြောင့် ပုံလျက်သား လဲနေသော စံပယ်ရှိရာ ပြန်ကြည့်တော့လည်း လဲကျနေရာမှ မထနိုင်သေးတာ တွေ့ရသည်။ ရုပ်တူနှစ်ယောက် ဖြစ်နေ၍ ဦးခွန်မှိုင်းထိတ်လန့်သွား၏။

"အခု အားလုံးပြီးသွားပါပြီ အန်ကယ်"

သူ့ကို အန်ကယ်လို့ခေါ်တာက ခရေတစ်ယောက်သာရှိ၏။

"ဟင်!. . မင်း. . မင်းက. . ခ. . ခရေလား"

"အန်ကယ် ကျွန်မကို မမေ့သေးပါဘူး"

ပြောပြောဆိုဆိုနှင့် ခရေက ဦးခွန်မှိုင်းလည်ပင်းကို ဖမ်းညှစ်ကာ သူထွက်လာသောမှန်ထဲသို့ ဆွဲခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အ. . အ. . မလုပ်ပါနဲ့ ကြောက်ပါပြီ"

ဦးခွန်မှိုင်း၏ ငယ်သံပါအောင် အော်သံကြီးက မှန်အပြင်တွင် ကျန်ရစ်နေဆဲ. .

အခြေအနေတွေ အေးဆေးငြိမ်သက်သွားတာ သေချာ၍ ရဲမိုးလည်း စိတ်လျှော့လိုက်တော့သည်။ သီဟက ဖုန်းဆက်ပြီး လိုအပ်သည်များကို စီစဉ်ညွှန်ကြားနေ၏။

နာရီဝက်ခန့်အကြာတွင် ရဲမိုးအား သီဟနှင့်အခြားရဲများဝိုင်းဝန်းတွဲကာ ဆေးရုံကားဆီသို့ တွဲခေါ်လာကြ၏။ လူနာတင်ကားမှ ဝန်ထမ်းများက ရဲမိုးအား ဘီးတပ်ကုတင်ပေါ်တင်ပြီး အရေးပေါ်ပြုစုကြသည်။

ရဲမိုးက သီဟလက်ကို လှမ်းဆွဲလိုက်၏။ ပြီးတော့ တစ်ခုခုထည့်ပေးလိုက်သည်။ အရေးပေါ်ပြုစုပြီးနောက် ရဲမိုးအား လူနာတင်ကားနှင့် ဆေးရုံသို့ ခေါ်ဆောင်သွားကြတော့သည်။

သီဟ သူ့လက်ကိုဖြန့်ကြည့်တော့ သူပေးခဲ့သည့် အချုပ်ခန်းသော့ဖြစ်နေတာ တွေ့ရ၍ သက်ပြင်းရှိုက်လိုက်တော့သည်။ ရဲမိုးအားစောင့်ရှောက်ရန် လူနာရှင်အဖြစ် လိုက်ပါလာသူက လုံခြုံရေး ဦးရွှေခိုင်ပင် ဖြစ်၏။

"ဦးရွှေခိုင် ကျွန်တော့်ဦးလေးကို ကုန်တိုက်ထဲမှာ တွေ့လိုက်တယ်. ."

"ဟင်!. . ဘာ. . ဘာပြောတယ်"

"သူ့ကို အမြန်သွားရှာကြည့်ပါအုံး"

"မောင်ရဲမိုး စိတ်ထိန်းပါကွယ်၊ ဒီနေ့ နေ့လည်ကပဲ ဦးလေးသောင်းစိန် ကုန်တိုက်ခေါင်မိုးပေါ်ကနေ ခုန်ချပြီး အဆုံးစီရင်သွား



www.burmeseclassic.com

www.burmeseclassic.com



တာလေ. . မင်းမသိဘူးလား"

"ဗျာ!. ."


ရဲမိုး မယုံနိုင်အောင် ဖြစ်သွား၏။ အယောင်ယောင် အမှားမှားနှင့် ဦးလေးတပ်ပေးခဲ့သော အပေါ်ဆုံးအကျီကြယ်သီးကိုပင် လှမ်းကိုင်ကာ စမ်းကြည့်မိလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

နှစ်ရက်မြောက်နေ့တွင် ရဲမိုးသတိရလာ၏။ ဆေးရုံ သီးသန့်ခန်းထဲမှ တီဗွီအစီအစဉ်ထဲတွင် သီဟနှင့် အောင်နိုင်တို့အား ဒက္ခိဏနဂါး ကုန်တိုက်မီးလောင်မှု၊ လူသေမှု၊ လူသတ်မှုများကို ဖော်ထုတ်နိုင်မှုအတွက် ရာထူးတိုးမြှင့်ကြောင်းသတင်းကို တွေ့ရသည်။

ရဲမိုး ပြုံးလိုက်ပြီး ကုတင်ပေါ် မှပင် ရိုမှုတ်နှင့်လှမ်းပိတ်လိုက်၏။ ထိုအချိန်တွင် အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်။ ရဲမိုး လှည့်ကြည့်တော့ စံပယ်ဖြစ်နေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး လှဲနေရာမှ ကုန်းထလိုက်သည်။ ဒဏ်ရာမှ အသည်းခိုက်အောင် နာသွား၏။

"ကျေးဇူးတင်ပါတယ် ကိုရဲမိုးရယ်"

"ရပါတယ်ဗျာ"

ရဲမိုးက စံပယ့်အား စိမ်းစိမ်းကြည့်ရင်း. .

"ဒါနဲ့ စံပယ့်အစ်မ ခရေကော"

စံပယ်က ပြန်အဖြေမပေးဘဲ သူ့ဆေးရုံခန်းထဲမှ ကြည့်မှန်ကို လှမ်းကြည့်လိုက်၏။

သို့သော်. . မှန်ထဲတွင် စံပယ့်ပုံရိပ်က ပေါ်မနေပေ. .။

"အဟင်း. . အစ်မက မှန်ထဲမှာလေ၊ ကဲ. . အခု ကိုရဲမိုးဘာ ဆက်လုပ်မလဲ"

သူလည်းဆေးရုံတွင် မနေချင်တော့၍. .

"ဆေးရုံကဆင်းဖို့ပဲ ရှိတော့တာပေါ့ စံပယ်ရယ်၊ အဝတ်အစားလဲလိုက်အုံးမယ်. . ခဏစောင့်"

BURMESE CLASSIC

"ဟုတ်. ."

စံပယ်က ပြုံးတင်းပေါက်နားသွားကာ သူ့ကိုကျောပေးရပ်နေ၏။ ရဲမိုး ကုတင်ပေါ်မှဆင်းကာ ဆေးရုံအဝတ်အစားလဲပြီး စံပယ့်အား လှည့်ကြည့်လိုက်ချိန်တွင် သူမ အခန်းထဲမရှိတော့. .

"ဟင်!. ."

အခန်းထဲ လှည့်ပတ်ရှာတော့လည်းမတွေ့။ ခေါင်းနောက်သွားကာ အဝတ်အစားလဲပြီး ထွက်လာလိုက်သည်။ ဆေးရုံစင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ရာ အခန်းတစ်ခုရှေ့အရောက် အခန်းတံခါးပွင့်သွားတာတွေ့သဖြင့် သူ အထဲသို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! . . စံပယ်"

ခေါင်းတွင် ပတ်တီးကြီးနှင့် သတိမရသေးသော စံပယ့်ကို တွေ့လိုက်ရသောအခါ ရဲမိုး ကောင်းစွာသဘောပေါက်သွား၏။

စောစောကလာတာ ခရေပဲပေါ့. . . ။

လောလောဆယ် အိမ်ပြန်အနားယူဖို့သာ စိတ်စောနေသဖြင့် ရီဆက်ရှင်သို့ ထွက်လာခဲ့သည်။ ရီဆက်ရှင်မှ နာ့ပ်(စ်)တစ်ယောက်က ရဲမိုးအား ဆေးရုံမှဆင်းကြောင်း လက်မှတ်ထိုးခိုင်းနေသေးသည်။ ရဲမိုး ကသောကမျော လက်မှတ်ထိုးပေးပြီး ဆေးရုံထဲမှ ထွက်လာခဲ့၏။

ကျန်ခဲ့သော သူနာပြုလေးက. . ရဲမိုးလက်မှတ်ကိုကြည့်ရင်း. .

"ဟယ်! . . ဒီမှာကြည့်ပါဦး၊ ဟိုလူ လက်မှတ်ထိုးသွားတာ ပြောင်းပြန်ကြီးတော့"

"အဲ. . ဟုတ်ပါရဲ့"

ထိုစကားတွေကို ရဲမိုးမကြားတော့၊ နှစ်ရက်လောက် အဆက်ပြတ်ခဲ့သော လောကကြီးထဲ ပြန်တိုးဝင်ခဲ့ပြီ။ ဆေးရုံဝင်းထဲမှ အထွက်တွင် ဝင်လာသော လူနာတင်ကားတစ်စီးနှင့် ကြုံသည်။ ကားမှ AMBULANCE စာတန်းက ပြောင်းပြန်ဖြစ်နေ၏။

မျက်မှောင်ကြုတ်ကာ သူသေချာကြည့်သည်။ စာတန်းက အတည့်မဟုတ်တာ သေချာသွား၏။

သို့နှင့် ဆက်လျှောက်လာရာ တွေ့သမျှမြင်သမျှ ဆိုင်းဘုတ်တွေအားလုံး ပြောင်းပြန်ဖြစ်နေတာသတိပြုမိသည်။ သူ မကျေမနပ်နှင့် ဆိုင်ခင်းရောင်းချနေသည့် ဂျာနယ်များကို လှမ်းကြည့်သည်. . ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



စာလုံးတွေအားလုံးက ပြောင်းပြန်ဖြစ်ပြီး ဘယ်လိုမှဖတ်မရ။

"ဟာ!. . ငါ ဘာတွေဖြစ်နေတာလဲ"

ရဲမိုး စိုးရိမ်ပြီး ပြေးထွက်လာခဲ့၏။ စတိုးဆိုင်တစ်ဆိုင်ရှေ့မှ အဖြတ်တွင် အမှတ်မထင်ပင် ကာထားသည့် မှန်နံရံကို ကြည့်မိသည်။ မှန်ထဲတွင် သူ့အရိပ်ကို မမြင်ရတော့. . ။ ဖြတ်သွားဖြတ်လာ လူများနှင့် ကားများကိုသာမြင်ရပြီး သူ့ကိုယ်သူ ပြန်မမြင်ရ၍ အလွန်အမင်း တုန်လှုပ်ချောက်ချားသွား၏။

မယုံနိုင်စွာဖြင့် မှန်ကို စမ်းကြည့်လိုက်သည်။ မှန်ကလည်း အစစ်၊ ဘာဖြစ်တာလဲဟုတွေးပြီး လက်ကို ပြန်ရုပ်လိုက်သည်တွင် မှန်၌ သူ့လက်ရာက ထင်ကျန်ရစ်သွားသည်။ အခုမှ. . ဒေါက်တာနေပိုင် ပြောခဲ့တာတွေ ပြန်ကြားပြီး အကြီးအကျယ် ထိတ်လန့်သွားသည်။

"မှန်က ပရလောကနဲ့ လူ့လောကဆိုတဲ့ ကမ္ဘာနှစ်ခုကို ပိုင်းခြားပေးထားတယ်လို့ ဆိုလိုတာ. . ဒီမှာပြောထားတဲ့ပုံအရ မှန်ရှေ့မှာ သေတဲ့လူဟာ ဒီကမ္ဘာနှစ်ခုရဲ့ တံခါးပေါက်ကို ဖြတ်သန်းခွင့်ရှိတယ်. . .၊

အကယ်၍ ခင်ဗျား မှန်ရှေ့မှာ သေဆုံးခဲ့မယ်ဆိုရင် မှန်ထဲမှာတော့ ဝိညာဉ်အဖြစ်နဲ့ အသက်ရှင်ခွင့် ရလိမ့်မယ်တဲ့. . ၊ ပြီးတော့ ကမ္ဘာနှစ်ခုရဲ့ တံခါးပေါက်ကို ဖြတ်သန်းခွင့်ရတဲ့အတွက်ကြောင့်လည်း ခင်ဗျားဟာ လူ့လောကဆီ လာလို့ရလိမ့်မယ်၊ ဒါပေမယ့်. . သက်ရှိလောက,က မှန်တွေထဲမှာ ခင်ဗျားပုံရိပ် လုံးဝပေါ်မှာ မဟုတ်တော့ဘူးတဲ့. . ၊

ဒီလက်ရေးကို ကြည့်စမ်း၊ ပြောင်းပြန်ကြီး ရေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ဒါ DaVinci လက်ရေးလေ၊ တချို့လူတွေက DaVinci ကို မှန်ထဲကထွက်လာတယ်လို့ ယုံကြည်နေကြတယ်၊ ဘာလို့လဲဆိုတော့. . ဒါဗင်ချီပြောခဲ့တဲ့ စကားလေးတခွန်းရှိတယ်၊ အဲဒါက သူမှန်ကြည့်တဲ့ အခါတိုင်း သူ့ပုံရိပ်ကို မှန်ထဲမှာ မမြင်ရဘူးဆိုတာပဲ”

ဒီတော့မှ ရဲမိုး သဘောပေါက်လိုက်သွားလေသည်။

“ဒါ. . ဒါဆို. . ငါ. . ငါ သေနေပြီပေါ့”

ဟုတ်ပါသည်. . .

ရဲမိုးမှာ ဦးခွန်မှိုင်းပစ်လိုက်သော သေနတ်ဒဏ်ရာနှင့် မှန်တွေရှေ့ သေဆုံးခဲ့သည်မှာ နှစ်ရက်ပင်ကြာခဲ့ပြီ ဖြစ်ပါသတည်း။

ပြီး



www.burmeseclassic.com